# အစိန္တေယျဂုဏ်တော် နှင့်
# ဓမ္မစာပေပဒေသာ

ရဝေထွန်း

Thank You
250



သာသနာတော်ထွန်းကား ပြန့်ပွား ရေးဦးစီးဌာန

သုတေသန စာကြည့်တိုက်သို့ [illegible]

[illegible] မှ လှူဒါန်းပါသည်။

မြတ်စုမွန် စာပေ

အမှတ် ၁၆၅၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊

ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

☎ - 296034

## မြတ်ဆုမွန်စာပေမှ ထုတ်ဝေပြီး စာအုပ်များ

၁။ မောင်တက်အင်း၏ ပရိတ်ကြီးနိဒါန်းဆွေးနွေးခန်း
၂။ ထင်လင်း၏ စိတ္တံ့ နကမ္မတိ
၃။ မောင်တက်အင်း၏ ပဋ္ဌာန်းဂုဏ်ရည်
၄။ ဦးမာနိတသိရီဘိဝံသ၏ ဗုဒ္ဓဘာသာဝင်ဟူသည်
၅။ မြတ်ဆုမွန်စာတည်းအဖွဲ့၏
သမ္မုဒ္ဒေငါးမျိုး လက်တွေ့အကျိုး
၆။ မောင်တက်အင်း၏ လိုတရဂါထာမန္တန်များ
၇။ ဦးမာနိတသိရီဘိဝံသ၏ တွေ့ခဲလှသည့်သာသနာ
၈။ မောင်အောင်ထွတ်(ရန်ကုန်တက္ကသိုလ်)၏
ဤအိမ်တွင် ဘုရားရှင်သာလျှင်အကြီးအကဲဖြစ်၏
၉။ ရဝေထွန်း၏ အစိန္တေယျဂုဏ်တော်

## မြတ်ဆုမွန်စာပေမှ ထုတ်ဝေမည့် စာအုပ်များ

၁၀။ ဦးမာနိတသိရီဘိဝံသ၏ ထာဝရဗုဒ္ဓဘာသာဝင်
အဖြစ်သို့
၁၁။ သမြေပြကန်ဆရာတော်ကြီး အရှင်ဝါသေဋ္ဌာဘိဝံသ၏
မရဏာနုဿတိ–သံဝေဂကထာ
၁၂။ မြဝင်း(ဒဿန)၏ ခရေရိပ်စကားဝိုင်း
၁၃။ ဓမ္မာစရိယဦးအေးနိုင်၏ ဗုဒ္ဓါနုဿတိဘာဝနာ
၁၄။ ဦးမာနိတသိရီဘိဝံသ၏ ဘဝနှင့်နိဗ္ဗာန်
၁၅။ ဦးအောင်မွန် (မြတ်ဆုမွန်)၏
ဥပုသ်သည်တို့ဖတ်ဖွယ် ပုံဝတ္ထုလေးဆယ်
(ရသဝါဟိနီ၊ ဓမ္မဒီပုပ္ပတ္တိကထာ)

# အစိန္ဒေယျဂုဏ်တော်များ နှင့်

# ဓမ္မစာပဒေသာ

# ရဝေထွန်း

အမှတ် [illegible]
ရက်စွဲ [illegible]

စာအုပ်မှတ်တမ်း

ပထမအကြိမ် - အုပ်ရေ(၁၀၀၀)

ဇန်နဝါရီလ - [illegible]-ခုနှစ်

တန်ဖိုး 250

စာမူခွင့်ပြုချက် - ၂၄/၂၀၀၀(၁၂)

မျက်နှာဖုံးခွင့်ပြုချက် - ၂၄/၂၀၀၀(၁)

မျက်နှာဖုံးဖန်တီးမှု

21 st Century

အတွင်းသရုပ်ဖော်ပုံ

သာတင့်ထက်

ကွန်ပျူတာစာစီ

အောင်ဥက္ကလာ

ထုတ်ဝေသူ

ဒေါ်ရွှေအိမ် (မြ-၀၁၂၉၉)၊ တိုင်းလင်းစာပေ

အမှတ်-၈၊ ဖ၅ အုပ်စု၊ အောင်သိဒ္ဓိလမ်း၊

အင်းစိန်မြို့နယ်။

ပုံနှိပ်သူ

ဦးကျော်စိန်(မြ-၀၂၉၀၉)၊ ကျောက်စိမ်းအော့ဖ်ဆက်၊

အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်၊

ရန်ကုန်မြို့။

# မာတိကာ


– မိတ်ဆက် ၆

၁။ စိပ်ပုတီးကိုလေ့လာခြင်း ၁၄

၂။ ကလေးပုတီးစိပ် ၃၅

၃။ သဘော်သားဘုရားရှိခိုး ၄၆

၄။ ကာလသုံးပါးဘုရားရှိခိုး ၅၇

၅။ အစိန္တေယျဂုဏ်တော်များ ၆၆

၆။ ဤဂါထာသုံးပုဒ် ၇၇

၇။ စက်ကြီးတစ်ဆယ့်သုံးပါးဘုရားရှိခိုး ၈၇

၈။ နမက္ကာရဘုရားရှိခိုး ၉၈

၉။ မဟိမာဘုန်းတော် ၁၁၀

၁၀။ တန်ခိုးဟူသည် ၁၂၂

# မိတ်ဆက်

အစိန္တိတမှိ ဘဝတိ၊
စိန္တိတမှိ ဝိနဿတိ၊
လောကဿ ဓမ္မတာ ဧသာ၊
နဿက္ကာ တံ တိဝတ္တိတုံ။

မကြံသော်လဲ၊ မမျှော်ဘဲ၊ မလွဲဖြစ်တတ်သည်။
ကြံစည်သော်လဲ၊ မပေါ်ဘဲ၊ အလွဲကြုံရသည်။
လောကီဓမ္မတာ၊ ဤအရာ၊ သူငါလွှန်ခဲသည်။

**သပြေကန်ဆရာတော်ကြီးအရှင်ဝါသေဋ္ဌာဘိဝံသ**

'ကြံစည်သော်လဲ၊ မပေါ်ဘဲ၊ အလွဲကြုံရသည်' ဟူသော ဆောင်ပုဒ်အတိုင်း ဆရာတော်ရဝေထွန်း၏ ဤစာအုပ်ငယ်ကလေးကို မြတ်ဆုမွန်စာပေမှ ၁၉၉၀-ပြည့်နှစ်ကပင် ထုတ်ဝေရန်စီစဉ်ပြီး ကြော်ငြာခဲ့ဖူးသော်လည်း ပုံနှိပ်မှုစာအုပ်အဖြစ်သို့မရောက်ခဲ့ပါ။ ယခုအခါ၌ 'မကြံသော်လဲ၊ မမျှော်ဘဲ၊ မလွဲဖြစ်တတ်သည်'ဟူသော ဆောင်ပုဒ်အတိုင်းပင် အထူးတလည်ကြောင့်ကြမစိုက်

ရပါဘဲ ဤစာအုပ်ငယ်သည် ပုံနှိပ်စာမူအဖြစ်သို့ ရောက်ရလေသည်။ ဤသို့လျှင် ကြံတိုင်းမဖြစ်၊ မကြံသော်လဲဖြစ်တတ်သည့် လောကဓမ္မသဘာဝကို သပြေကန်ဆရာတော် အရှင်ဝါသေဋ္ဌာဘိဝံသက 'လောကီဓမ္မတာ၊ ဤအရာ၊ သူငါလွန်ခဲသည်'ဟူသော ဓမ္မပဒေသ ဆောင်ပုဒ်ဖြင့် အနားသတ်ပေးတော်မူခဲ့ပါသည်။

ဤအစိန္တေယျဂုဏ်တော်စာအုပ်ပါ ဆောင်းပါးများကို ရေးသားသော ဆရာတော်ဦးတိလောကသာရ(ရဝေထွန်း) သည် နှစ်ပေါင်းများစွာ စာစောင်မဂ္ဂဇင်းတို့၌ တစိုက်မတ်မတ်ပါဝင်ရေးသားနေသော ကလောင်ကြီးတစ်ဆူ၊ စာပေပညာရှင်ဆရာတော်ကြီးဖြစ်ပါသည်။ ဆရာတော်ကြီးသည် ဆောင်းပါးအရေအတွက် အမြောက်အမြားကို ရေးနိုင်စွမ်းပြီးလျှင် ရေးသားခဲ့သောဆောင်းပါးများသည် လည်း ခိုင်ခံ့သောအကြောင်းအရာ၊ ကျစ်လျစ်သောအရေးအဖွဲ့၊ ဦးနှောက်ကိုနှိုးဆွပေးသော အသိဉာဏ်ဖွင့်ဆောင်းပါးအမျိုးအစားသာဖြစ်ပေသည်။ ထိုမျှရေးအားကောင်းသော စာပေပညာရှင်ဆရာတော်ကြီး၏ လက်ရာအဖြစ် ဤ စာအုပ်ငယ်၌ ဆောင်းပါး(၁၀)ပုဒ်ကိုသာ ရွေးချယ်ဖော်ပြထားသည့်အတွက် စာဖတ်သူတို့အဖို့ ချင့်ရဲပြေချင်မှပြေကြပါလိမ့်မည်။

သို့ပါသော် ဤစာအုပ်ငယ်ပါ ဆောင်းပါးများသည် တစ်ကြိမ်တစ်ခါဖတ်ရုံဖြင့် ပြီးသွားမည့်စာပေမျိုးမဟုတ်ဘဲ ဘဝတစ်သက်တာပတ်လုံး လိုက်နာကျင့်သုံးဖွယ်တို့ကို လမ်းပြရှေ့ဆောင်နေမည့် ထာဝရအဖော်မွန် စာပေမျိုးဖြစ်လေသည်။ ဤစာအုပ်ရှိ ဆောင်းပါးအချို့၌ စာပြုသူ ဆရာတော်ရဝေထွန်းက မိမိငယ်စဉ်က လေ့လာသိမှတ်ခဲ့ရသော အကြောင်းအရာများကို တင်ပြခြင်းဖြစ်ပါသည်ဟူသော ဝန်ခံထားချက်တို့ကို ထောက်ချင့်နိုင်လေသည်။

ဆရာတော်ရဝေထွန်း၏ ဆောင်းပါးများကို ဖတ်ရှုရသောအခါ ဓမ္မပဒအဋ္ဌကထာလာ တမ္ဗဒါဌိက လူသတ်သမားဝတ္ထုဖြင့် မြတ်စွာဘုရားရှင် မိန့်ကြားတော်မူသော စကားဥဒါန်းကို သတိတရရှိမိပါသည်။ မြတ်စွာဘုရားရှင်လက်ထက်တော်အခါ ရာဇဂြိုဟ်မြို့တော်၌ နတ်ခမ်းမွေးအနီပါရှိသောကြောင့် တမ္ဗဒါဌိကဟုအမည်တွင်သော လူသတ်သမားကြီးတစ်ဦးရှိခဲ့၏။ ထိုတမ္ဗဒါဌိကသည် နေ့စဉ်သေမိန့်ကျသော ရာဇဝတ်သားတို့ကို သတ်ဖြတ်၍ ၅၅–နှစ်ပတ်လုံး မင်းမှုထမ်းရွက်နေခဲ့၏။ အသက်ကြီးရင့်၍ အလုပ်ခွင်မှအနားယူခဲ့ပြီး ကွယ်လွန်ရန်အချိန်သို့ရောက်ရှိသောအခါ တမ္ဗဒါဌိကသည် ၅၅–နှစ်

ပတ်လုံး မိမိပြုခဲ့သောမကောင်းမှုကို သတိရကာ စိတ်မငြိမ်မသက် ဖြစ်နေရှာ၏။ ထိုအခိုက် ဓမ္မသေနာပတိ အရှင်သာရိပုတ္တရာသည် တမ္ဗဒါဌိကထံ ကြွလာတော်မူပြီးလျှင် အနုမောဒနာတရားတိုလေးကို ဟောကြားတော်မူပါသည်။ တမ္ဗဒါဌိကသည် အရှင်မြတ်၏ အနုမောဒနာတရားကို နာကြားရသဖြင့် စိတ်အေးချမ်းငြိမ်သက်ပြီး အနုလောမခန္တိခေါ် မဂ်နှင့်နီးသည့် သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ကာ ကွယ်လွန်သော် နတ်ပြည်၌ ဖြစ်ခဲ့ရ၏။

တမ္ဗဒါဌိကကွယ်လွန်ခြင်းနှင့်စပ်လျဉ်း၍ သူ၏ လားရာဂတိကို ရဟန်းတော်တို့ အမျိုးမျိုးအဖုံဖုံ ပြောဆိုနေကြ၏။ ထိုပြောဆိုနေရာသို့ မြတ်စွာဘုရားရှင် ကြွတော်မူခဲ့ပြီး 'တမ္ဗဒါဌိကသည် ရှင်သာရိပုတ္တရာ၏ တရားစကားကို နာယူရ၍ မဂ်ဉာဏ်အားလျော်စွာ သင်္ခါရုပေက္ခာဉာဏ်ကိုရပြီး နတ်ပြည်သို့ရောက်ကြောင်း' မိန့်မြွက်တော်မူပါသည်။

ထိုအခါ ရဟန်းတော်တို့က 'အရှင်ဘုရား၊ ထိုတမ္ဗဒါဌိက ပြုခဲ့သော အကုသိုလ်ကံသည် အလွန်ကြီးမားလှပါသည်။ အရှင်သာရိပုတ္တရာ ဟောကြားသော အနုမောဒနာ တရားက အလွန်တိုပါသည်။ ထိုမျှလောက် တရားတိုကလေးဖြင့် ဉာဏ်အထူးကို ရစေနိုင်မည်မဟုတ်ပါ'ဟု

လျှောက်ထားကြ၏။ ရဟန်းတော်တို့ စောဒနာမည် ဆိုကလည်း ဆိုစရာပင်။ တမ္ဗဒါဌိကာ၏ အကုသိုလ် ပြစ်သည် အလွန်ကြီးလှ၍ ကွယ်လွန်မည့်အချိန်၌ ကြောက် လန့်တကြား အော်ဟစ်နေ၍ အိမ်နီးနားချင်းများပင် အထိတ်တလန့်ဖြစ်ကြကာ ထွက်ပြေးကြရသည်ဟု ရသ ဝါဟိနီ(ဇမ္ဗုဒီပုပ္ပတ္တိကထာ)ကျမ်း၌ပြဆိုထား၏။ ထိုကျမ်း စောရဃာတကဝတ္ထု၌ တမ္ဗဒါဌိကသည် မိမိအား အနု မောဒနာပြုရန် ကြွလာသော အရှင်သာရိပုတ္တရာကို မြင် လျှင်ပင် အမျက်ဒေါသထွက်ပြီး ကိုယ်နှစ်ခြမ်းခွဲ၍ သတ် မည်ဟု 'တတ်...တတ်' ဟု အသံထွက်သော လူသတ် ဂါထာကိုရွတ်ကာ နှာခေါင်းလေဖြင့် မှုတ်ခဲ့ကြောင်း (အထ သော ထေရံ ဒိသွာ ကုဒ္ဓေါကောပေန တဋတဋာ ယမာနဒေဟော အဇ္ဇတံ ဝိဇ္ဈိတွာ ဖာလေတွာ မာရေဿာ မိတိ)ဟု ဖော်ပြထား၏။

ထိုသို့စောဒနာကြသော ရဟန်းတို့အား မြတ်စွာ ဘုရားရှင်က 'ရဟန်းတို့၊ငါဘုရား၏ တရားတော်ကို နည်းသည်များသည်ဟု စံချိန်မထိုးကြလေနှင့်၊ တစ်ခွန်း တည်းပင်ဖြစ်သော်လည်း အကျိုးစီးပွားနှင့် ဆိုင်သော စကားသည် မြင့်မြတ်သည်သာ'ဟု မိန့်တော်မူ၏။ အဋ္ဌ ကထာ၌လာသော ပါဠိကား (ကိံ ဘိက္ခဝေ 'မယာ

ဒေသိတမဲ့မွေ့သဿ အပ္ပံ့ဝါ ဗဟုံဝါ’တိ မာ ပမာဏံ ဂဏှထ၊ ကောဝါစာပိ ဟိ အတ္တနိုဿိတာ သေယျာဝါတိ) ဟုဖြစ်၏။ အထက်ပါ ဗုဒ္ဓ၏ဩဝါဒအရ စကားအရေအတွက် အနည်းအများ သည် ပမာဏမဟုတ်၊ အကျိုးပြုပုံကသာ ပမာနဖြစ်ပါ၍ ဤစာအုပ်ငယ်ပါ ဆရာတော်ရဝေထွန်း၏ ဆောင်းပါး(၁၀)ပုဒ်သည် နည်းသည်ဖြစ်စေ,တိုသည်ဖြစ်စေ ပမာဏမဟုတ်ပါ။ အကျိုးဖြစ်စေခြင်းသာ အမြတ်ဖြစ်ပါသည်။

ဤစာအုပ်ပါ ‘ပုတီးစိပ်ကိုလေ့လာခြင်း’ ဆောင်းပါး၌ စွယ်စုံ ကျော်ထင်ကျမ်းကို ကိုးကားပြီး မြတ်စွာဘုရားရှင်ထံတော်၌ စိပ်ပုတီးမရှိကြောင်းကို ရေးသားထားပါ၏။ ၁၉၂၅–ခု၊ သထုံမြို့ ရွှေထုံနဂရာပုံနှိပ်တိုက်မှ ရိုက်သော ဦးပညာ၏ သထုံ ရွှေစာရံဘုရားကြီးသမိုင်း (စာ–၂၅)၌ ‘သထုံမြို့မှ အရှေ့မြောက်အရပ်ရှိ ကေလာသတောင်ထိပ်၌ ဟာဠုဒါယီမထေရ်သည် မြတ်စွာဘုရား၏ ပုတီးရတနာ ၁၀၈–လုံးကို သက္ကရာဇ် ၁၁၅–ခု ကဆုန်လပြည့်ကျော်၁၄–ရက်ဗုဒ္ဓဟူးနေ့တွင် ဌာပနာသွင်း၍ တည်ထားပြီး ‘ကေလာသဘုရားဟု ခေါ်တော်မူကြောင်း’ကို ရေးသားဖော်ပြထား၏။ ထိုရွှေစာရံဘုရားသမိုင်း၌ ကေလာသတောင်ကို မြို့၏အရှေ့

မြောက်ဟု ပြထား၏။ ပဲခူး ကလျာဏီကျောက်စာပါဌ်မူ အရ 'နဂရသ စ ပါစိနုတ္တရ ဒိသာဘာဂေ ဂိရိမတ္တကေ ထေရမာပိတတ္တ ဘာဝရူပ် သိလာမယံ ကတ္တ'ဟုမြို့ အရှေ့မြောက်ထောင့်အရပ်ရှိ တောင်ထိပ်၌ သောဏနှင့် ဥတ္တရမထေရ်တို့ ဖန်ဆင်းထားသော ကျောက်သားအရုပ် ရှိကြောင်းကိုလည်း သိရ၏။

ခေတ်သမိုင်းသုတေသီတို့၏ လေ့လာချက်နှင့် ပထဝီ ဝင်အနေအထားအရ ကေလာသတောင်သည် သထုံမြို့ ၏ အနောက်မြောက်အရပ်မိုင် ၃၀–အကွာ၌ တည်ရှိ၏။ ပဲခူး ဓမ္မစေတီမင်း၏ ကေလာသတောင်ကျောက်စာအရ ထိုကေလာသတောင်ဘုရား၌ ဘုရားရှင်၏ဆံတော်ကို ဌာပနာထားကြောင်း သိရ၏။ ကေလာသတောင်ကို ရှေး ကေသရတောင်ဟုခေါ်ခဲ့ပြီး နောင်ကာလရွေ့လျော ၍ ကေသရမှ ကေလာသဖြစ်လာသည်ဟုယူဆကြ၏။ သက္ကတစာပေပညာရှင်တို့ကမူ ဟိမဝန္တာရှိ ဆီးနှင်းဖုံး လွှမ်းနေသော ကေလာသတောင်မြတ်၏အမည်ကိုယူ၍ ကေလာသဟုခေါ်ခဲ့ခြင်းဖြစ်ကြောင်း ယူဆကြ၏။ မြတ်စွာ ဘုရားရှင်၌ စိပ်ပုတီးရှိမရှိဟူသော အချက်နှင့်စပ်၍ အထက်၌တင်ပြထားသောအချက်များအရဆက်၍လေ့လာ ဖွယ်များစွာရှိသကဲ့သို့စဉ်းစားရန်လည်းများစွာကောင်းလေသည်။

ဤစာအုပ်ပါ ကလေးပုတီးစိပ်နှင့် သဘော်သားဘုရား ရှိခိုးဆောင်းပါးတို့တွင် ရတနာသုံးပါးတို့၏ ဂုဏ် ကျေးဇူးကို ဗုဒ္ဓဘာသာဝင်မဟုတ်သော ပုဂ္ဂိုလ်တို့ပင် ခံစားရရှိကြောင်း ဖော်ပြထားပေ၏။ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သာသနာပပုဂ္ဂိုလ်တို့ အကျိုးရရှိပုံနှင့်စပ် ၍ မိစ္ဆာဒိဋ္ဌိ လူငယ်ကလေးတစ်ဦးသည် နမောဗုဒ္ဓါယ ဘုရားရှိခိုးကို ယောင်၍ရွတ်ဆိုမိသဖြင့် ဘီလူးအစား မခံရသည့်ဓမ္မပဒအဋ္ဌကထာလာဝတ္ထုကြောင်း (ဓမ္မပဒ၊ ဋ္ဌ။ ၂၊ ၂၈၄။)မစုရရသဝါဟိနီ၌ပါသောမိစ္ဆာဒိဋ္ဌိမြွေသမား တစ်ဦးသည် နဂါးမင်းလိုက်၍ပြေးရာ နှုတ်က ယောင်ပြီး နမောဗုဒ္ဓါယကိုရွတ်မိ၍ နဂါးမင်းက ရွှေပန်းခိုင်ပေး သည့်ဝတ္ထုအကြောင်း(ဇမ္ဗုဒီပုပ္ပတ္တိကထာပါဠိ။ စာ–၂၃။) တို့ကိုထောက်ထားနိုင်ပါသည်။ ရတနာသုံးပါး၌ ယုံကြည် မှုမရှိသော မိစ္ဆာဒိဋ္ဌိတို့ပင် ရတနာသုံးပါးကို ရွတ်ဆိုကာမျှ အကျိုးရကြသည်ဆိုပါမူ ရတနာသုံးပါး၌ ယုံကြည်သက် ဝင်၍ သရဏဂုံသီလစွဲမြဲကြသော သင်သူတော်ကောင်း အဖို့တို့မှာ အမြတ်ဆုံးအကျိုးကို ရရှိမည်မှာ ဧကန်ဖြစ်ပေ သည်။

တန်ခိုးဟူသည်အဘယ်အရာ၊ တန်ခိုးသည်အကြောင်း ကင်း၍ဖြစ်သောအရာ မဟုတ်ပုံကိုစေ့စေ့ငငှ သိပုံမရဘဲ

တန်ခိုးရရန်ကိုသာ သဲသဲမဲမဲကျင့်ကြံအားထုတ် နေသော ပုဂ္ဂိုလ်များစွာရှိလေရာ ထိုပုဂ္ဂိုလ်တို့အတွက် ဆရာတော် ရဝေထွန်း၏ 'တန်ခိုးဟူသည်' ဆောင်းပါး၌ တန်ခိုးဟူ သည် ဖြစ်စေသတည်းဟု လက်ညှိုးညွှန်ရုံဖြင့် ဖြစ်သော အရာမျိုးမဟုတ်၊ လက်ညှိုးညွှန်တိုင်းဖြစ်စေရန် ကျင့်ကြံအားထုတ်ရသော ကျင့်စဉ်ကိစ္စများကို ထိထိမိမိ ဖော်ပြထားသည်မှာ နှစ်သက်ဖွယ်ဖြစ်ပါသည်။

'အစိန္တေယျဂုဏ်တော်' ဆောင်းပါး၌ ရှေးအစဉ်ကပင် အစိန္တေယျလေးပါးဟု သိမှတ်ခဲ့ကြသည်ကို အစိန္တေယျ လေးပါးမက တစ်ဆယ့်နှစ်ပါး၊ ' ` ဆယ့်ရှစ်ပါး စသည် ပွားများနိုင်ပုံကို ကျမ်းဂန်အထောက်အထားများဖြင့် ရှင်းပြထားသည်မှာလည်း မှတ်သားဖွယ်ပါပေ။

'ကာလသုံးပါးဘုရားရှိခိုး' ဆောင်းပါး၌ အနာဂတ် ကာလ၌ ပွင့်လတ္တံ့သော (ဝါ) သဗ္ဗညုတဉာဏ်တော်ကို မရသေးသော ဘုရားအလောင်း မေတ္တေယျရှင်တော်ကို ရှိခိုးထိုက်,မထိုက်ကို စိစစ်ပြထားပုံမှာ မြတ်နိုးဖွယ် ကောင်းလှ၏။ ဂေါတမမြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန် စံဝင်တော်မူပြီးဖြစ်သော်လည်း ဘုရားရှင်၏ အဆုံးအမ သာသနာတော်သည် နေ,လသဖွယ် ထွန်းတောက်နေ ချိန်ဖြစ်၍ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့အဖို့ ဂေါတမ

ဘုရားရှင်ကို ပစ္စုပ္ပန်မျက်မှောက်ကာလ၌ တည်နေဆဲ ပွင့်နေဆဲဟုယူမှတ်ထားကြ၏။ သို့ပါ၍ ပွင့်လတ္တံ့သော ဘုရားလောင်းမေတ္တေယျရှင်ကို အထူးတလည် ကိုးကွယ်ခြင်းမပြုခဲ့ကြပေ။ ဤအချက်နှင့်စပ်၍ လုံးတော်ဆရာတော်၏ ပကိဏ္ဏကဝိသဇ္ဇနာကျမ်းပထမတွဲနှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ မဟာဗုဒ္ဓဝင်ကျမ်း၊ ပထမတွဲ၊ ပထမပိုင်း(အနုဒီပနီ)တို့၌ပါသော ဆွေးနွေးချက်အကျယ်ကို ဖတ်ရှုနိုင်ပါသည်။

ဆရာတော်ရဝေထွန်း၏ နမက္ကာရဆောင်းပါး၌ နမက္ကာရဘုရားရှိခိုးကို သီရိလင်္ကာ ရှေးဆရာတော်များ သီကုံးရေးသားခဲ့သည်ဟူသော အမှတ်အသားကို ပယ်ဖျက်၍ မြန်မာပြည်သား ရှေးဆရာတော်ကြီးများ၏ လက်ရာဟု ရေးသားဖော်ပြထားချက်သည် ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ထိုဆောင်းပါး၌ ဆဋ္ဌသံဂီတိ မဟာနာယကညောင်ရမ်းဆရာတော်ကြီး၏ နမက္ကာရဋီကာကျမ်းကို ဖတ်ရှုရန် တိုက်တွန်းထားခဲ့၏။ ထိုကျမ်းသည် ပါဠိဘာသာဖြင့် ရေးသားထားသောကြောင့် ဖတ်ရှုဖို့ မလွယ်ကူပေ။ သို့ပါသော် ပါဠိစာပေကိုအခြေခံ၍ မြန်မာစာပေသည် ကြီးထွားခိုင်ခံ့ပြည့်စုံခဲ့ရသော အတိတ်သမိုင်းကို သတိပြုပြီး မြန်မာအမျိုးသားများ ပါဠိစာပေလေ့လာ

လိုက်စားသူပေါ်များလာစေရန်ကို ရည်မျှော်၍ ဆရာတော်ရဝေထွန်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် ပါဠိစာပေကို အတော်ကြောက်ကြ၏။ မြန်မာစကား၌ ပါဠိစကားလုံးများ စွာသက်ဝင်နေ၏။ မြန်မာဂန္ထဝင်စာပေ၌ ပါဠိစာပေသြဇာနှင့် အနှစ်သာရက နေရာများ စွာယူထား၏။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွင်လည်း ပါဠိစာပေက လွှမ်းမိုးနေခဲ့၏။ မြန်မာလူမျိုးတို့ နေ့စဉ်ညစဉ် အခါမလပ် ဆည်းကပ်နေသောရှင်တော်မြတ်ဘုရားသည် ပါဠိစကားဖြင့် ပိဋကတ်တော်တို့ကို ဟောကြားခဲ့ရာ ထိုဗုဒ္ဓနှုတ်ထွက် မုခပါဌ်ပါဠိတော်တို့ကို နေ့ညမပြတ် တတွတ်တွတ်ပူဇော်ရွတ်ဖတ်နေကြပါလျက် ပါဠိဘာသာ ပါဠိစာပေ ပါဠိစကားလုံးကို ကြောက်အားပိုနေကြပုံမှာ မဖြစ်ထိုက်ပေ။

ပါဠိစာပေ၏ကျေးဇူးနှင့်ကင်းသော အနောက်နိုင်ငံသားကိုပင် 'ဗုဒ္ဓဘာသာ သာသနာကိုလေ့လာရာ၌ ပါဠိစာပေ ပါဠိဘာသာကိုတတ်ကျွမ်းမှသာ ဓမ္မရသ,ဓမ္မသဘာဝကို မှန်ကန်တိကျ အပြည့်အဝနားလည်သက်ဝင်နိုင်မည်'ဟု ကမ္ဘာ့ဗုဒ္ဓသာသနာ့ပြု အဂ္ဂါဘိမဇ အရှင်သေဋ္ဌိလာဘိဝံသဆရာတော်ကြီးက အင်္ဂလန်နိုင်ငံ၌

သီတင်းသုံးတော်မူစဉ်က 'ပါဠိနှင့် ဗုဒ္ဓဘာသာ (PALI AND BUDDHISM)' ခေါင်းစဉ်ဖြင့် ဟောပြောပို့ချတော်မူခဲ့ပါ၏။ (Essential Themes of Buddhist Lectures. Page-217။) ပါဠိစာပေ၏ကျေးဇူးနှင့်မကင်းသော မြန်မာလူမျိုးတို့ ပါဠိစာပေလေ့လာကြရန်ကိစ္စမှာ အထူးတိုက်တွန်းဖွယ်လိုမည်မထင်ပါ။

'ပါဠိဘာသာစကားဆိုသည်မှာ ဘုရားရှင်၏စကားတော်ဖြစ်၏။ ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်သမီးစစ်တို့ဖြစ်ကြပါမူ ဘုရားရှင်၏စကားကို ပြောကြပါ၊ ပြောကတတ်ဖို့လည်းလိုသည်' ဟူသော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးရှိ ပါဠိစကားပြော အဖွဲ့ကြီး၏ ဆောင်ပုဒ်ကို အထွတ်တင်စိန်ဖူးတပ်၍ ဤမိတ်ဆက်စာကို လက်စသတ်အပ်ပါသည်။

ပါဠိဘာသာ နာမ သမဏဘာသာ၊
ယဒိ သကျပုတ္တော ဘဝေယျ၊
ဗုဒ္ဓဝစနံ ဘာသတု။ ။

**ဦးအောင်မွန် (မြတ်ဆုမွန်)**

လိုက်စားသူပေါများလာစေရန်ကို ရည်မျှော်၍ ဆရာတော်ရေဝတထွန်း ရေးသားခဲ့ခြင်း ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် ပါဠိစာပေကို အတော်ကြောက်ကြ၏။ မြန်မာစကား၌ ပါဠိစကားလုံး များစွာသက်ဝင်နေ၏။ မြန်မာဂန္ထဝင်စာပေ၌ ပါဠိစာပေဩဇာနှင့် အနှစ်သာရက နေရာများစွာယူထား၏။ မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုထုံးတမ်းစဉ်လာတွင်လည်း ပါဠိစာပေက လမ်းညွှန်နေခဲ့၏။ မြန်မာလူမျိုးတို့ နေ့စဉ်ညစဉ် အခါမလပ် ဆည်းကပ်နေသောရှင်တော်မြတ်ဘုရားသည် ပါဠိစကားဖြင့် ပိဋကတ်တော်တို့ကို ဟောကြားခဲ့ရာ ထိုဗုဒ္ဓနှုတ်ထွက် မုခပါဠ်ပါဠိတော်တို့ကို နေ့ညမပြတ် တတွတ်တွတ်ပူဇော်ရွတ်ဖတ်နေကြပါလျက် ပါဠိဘာသာ ပါဠိစာပေ ပါဠိစကားလုံးကို ကြောက်အားပိုနေကြပုံမှာ မဖြစ်ထိုက်ပေ။

ပါဠိစာပေ၏ကျေးဇူးနှင့်ကင်းသော အနောက်နိုင်ငံသားကိုပင် 'ဗုဒ္ဓဘာသာ သာသနာကိုလေ့လာရာ၌ ပါဠိစာပေ ပါဠိဘာသာကိုတတ်ကျွမ်းမှသာ ဓမ္မရသ,ဓမ္မသဘာဝကို မှန်ကန်တိကျ အပြည့်အဝနားလည်သက်ဝင်နိုင်မည်'ဟု ကမ္ဘာ့ဗုဒ္ဓသာသနာပြု အဂ္ဂါဘိဓဇ အရှင်သေဋ္ဌိလာဘိဝံသဆရာတော်ကြီးက အင်္ဂလန်နိုင်ငံ၌

သီတင်းသုံးတော်မူစဉ်က 'ပါဠိနှင့် ဗုဒ္ဓဘာသာ (PALI AND BUDDHISM)' ခေါင်းစဉ်ဖြင့် ဟောပြောပို့ချတော်မူခဲ့ပါ၏။ (Essential Themes of Buddhist Lectures. Page-217။) ပါဠိစာပေ၏ကျေးဇူးနှင့်မကင်းသော မြန်မာလူမျိုးတို့ ပါဠိစာပေလေ့လာကြရန်ကိစ္စမှာ အထူးတိုက်တွန်းဖွယ်လိုမည်မထင်ပါ။

'ပါဠိဘာသာစကားဆိုသည်မှာ ဘုရားရှင်၏စကားတော်ဖြစ်၏။ ဘုရားရှင်၏ ရွှေရင်တော်နှစ် သားတော်သမီးစစ်တို့ဖြစ်ကြပါမူ ဘုရားရှင်၏စကားကို ပြောကြပါ၊ ပြောကတတ်ဖို့လည်းလိုသည်'ဟူသော ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးရှိ ပါဠိစကားပြော အဖွဲ့ကြီး၏ ဆောင်ပုဒ်ကို အထွတ်တင်စိန်ဖူးတပ်၍ ဤမိတ်ဆက်စာကို လက်စသတ်အပ်ပါသည်။

ပါဠိဘာသာ နာမ သမဏဘာသာ၊
ယဒိ သက္ယပုတ္တော ဘဝေယျ၊
ဗုဒ္ဓဝစနံ ဘာသတု။ ။

ဦးအောင်မွန် (မြတ်ဆုမွန်)

[၁]

## စိပ်ပုတီးကိုလေ့လာခြင်း

ပုတီးနှင့်အငြိးဖြေမယ်၊
သစ်သီးခြွေဆွတ်လှမ်း၊
နည်းထွေထွေဝင့်ခန်းက၊
ကျွတ်တမ်းကိုရည်ရွယ်၊
ပုတီးနှင့်ခရီးလယ်မယ်၊
ပြီးစလွယ်ဟန်သိမ်းလို့၊
ဖန်ပိန်းကြော့နံ့သာနီလွှင်၊
လဲစို့ခင်ခင်။

**အချုပ်တန်းဆရာမေ**

ဗုဒ္ဓဘာသာဆိုလျှင် စိပ်ပုတီးရှိရမည်၊ စိပ်ပုတီးသည် ဘာဝနာကမ္မဋ္ဌာန်းအမှတ်လက္ခဏာ၊ စိပ်ပုတီးရှိမှသာ တရားရှင်ပီသည်ဟုမြန်မာလူမျိုးတိုင်းကစွဲမှတ်နေကြသည်။

ထိုအစွဲထိုအမှတ်အသားသည် မှန်ကန်ပါသလား?၊ စိပ်ပုတီးသည်ဘယ်ကလာ၍ ဘယ်လိုသုံးစွဲရသောပစ္စည်းနည်း?၊ ဗုဒ္ဓဘာသာသုံး မှန်ပါသလား? ဤသို့ဖြင့် ဗုဒ္ဓဘာသာသုံးပုတီးကုံးကလေးနှင့်ဆိုင်သောသိမှတ်ဖွယ်

ရာတို့သည် ဗုဒ္ဓဘာသာလောက၏ တစ်ထောင့်တစ်နေ ရာတွင် မြုပ်ကွယ်လျက်ရှိနေပေသည်။

စိပ်ပုတီးနှင့်စိတ်ပုတီး

စိပ်ပုတီးကို 'စိတ်ပုတီး' ဟူ၍ 'တသတ်' ဖြင့် ရေးသားထားချက်များလည်း တွေ့ရသည်။ ခေတ်ဟောင်း ခေတ်သစ်သတ်ပုံကျမ်းတိုင်းတွင် 'စိပ်' ဟု 'ပသတ်' သာ ရှိ၏။

စိပ်–ဟူသည်မှာ အထပ်ထပ်ကြံစည်ခြင်း၊ သုံးသပ်ခြင်း၊ ဆင်ခြင်နှလုံးသွင်းခြင်းအနက်ရှိသဖြင့် ဘုရားရှင်၏ ဂုဏ်တော်၊ လက္ခဏာရေးသုံးပါး၊ ဖြစ်ခြင်း ပျက်ခြင်း စသည်တို့ကို ကြံစည်ထင်မြင် ဆင်ခြင်ပွားများ နှလုံးသွင်းခြင်းအားဖြင့် တစ်လုံးစီတစ်လုံးစီချရသော ပုတီးကုံးဖြစ်၍ စိပ်ပုတီးဟုခေါ်ရလေသည်။

စိပ်ပုတီးဝေါဟာရ

စိပ်ပုတီး–ဟူသောဝေါဟာရနှင့်ပတ်သက်၍ ပညာရှိသူတို့၏အကြံအစည်တို့ကို ဖော်ပြလိုပါသေးသည်။

ကျောက်စာဝန် တော်စိန်ခို၏အမေးကို ပုဂံဝန်ထောက်မင်းဦးတင်၏ဖြေဆိုချက်တွင်–

'သတ်ပုံများမှာစိပ်ပုတီးဟု စတွင်လုံးကြီးတင် ပသတ်နှင့်၊ ပတွင်ဥယျဉ်၍ ရေးရိုး ရေးထုံးပြု

ကြံစွစ်းသည်။ သက္ကတ—မဂဓ‘ဇပ’ကို မြန်မာဘာသာ‘ဇိပ်’သည်ဟု ပြန်သည့်အရာ ရှည်ကြာမြင့်သောင်းသဖြင့်လည်းကောင်း ဇ နှင့် စ သို့ပြောင်းလဲသဖြင့်လည်း ‘စိပ်’ဟု ခေါ်ဝေါ် ရေးမှတ်ကြသည်သာ ဖြစ်မည်။

ရှင်းပြင် သက္ကတဘာသာ‘ဗတ္တ’မှရွေ့လျောဖောက်ပြန်၍ အဖျားဆွတ် တအက္ခရာ(တ်) နှင့် ဗတ်(တ်)၊ ရှင်း(တ်)ကို ပီအောင်မခေါ်နိုင်သည့် မြန်မာလျှာ မသွက်သူ အချို့လူတို့ ‘ဗတ္တိ:’မှ ရွေ့လျောပြန်၍ ‘ဗုတ္တိး’ဟူ၍ ခေါ်ဝေါ်လိမ့်မည်။ ရှင်း‘ဗုတ္တိး’ ခေါ်ဝေါ်ခြင်းမှ ဝိပလ္လာသဖောက်ပြန်၍ ပုတီးဟူ၍ ခေါ်ဝေါ် ရေးမှတ်ကြသည်ဖြစ်မည်ဟု ယူရန်ရှိလိမ့်မည် ထင်မှတ်ကြောင်း’ဟု ဖော်ပြထားပေ၏။

အထက်ပါ ပုဂ္ဂဝန်ထောက်မင်း၏ကြံစည်ချက်အရ ဇပ–ဇပ္ပတို့ကား မန္တန်စုတ်ခြင်း၊ ဂါထာမန်းမှုတ်ခြင်း ဆိုင်ရာ စကားများဖြစ်၍ ဗုဒ္ဓဘာသာရေးဆိုင်ရာနှင့် ကွာလှမ်းလှဘိ၏။ ထို့ပြင်လည်း ဘုရားဟောကျမ်းဂန်များအဖွင့်ကျမ်းများဖြစ်သည့် ဗုဒ္ဓသာသနိကစာပေတို့

၂၄၅၈၉

တွင် စိပ်ပုတီးအကြောင်းကို အရိပ်အမြွက်မျှ မတွေ့ရပေ။

## ဗုဒ္ဓဘာသာနှင့်စိပ်ပုတီး

ဘုရားလက်ထက်တော်က အနာထပိဏ်၊ ဝိသာခါ စသော ဥပါသကာ ဥပါသိကာမများ ဘုရားကျောင်းတော်သို့သွားကြလျှင် နံ့သာ ပန်း စသည်ကို လက်က ကိုင်၍ သွားကြသည်ဟုသာဆိုသည်။ စိပ်ပုတီးကလေး ကိုင်၍ သွားကြသည်ဟုမတွေ့ရ။

ထို့နည်းတူ ရဟန်းအသုံးအဆောင် ပရိက္ခရာတို့တွင်လည်း သင်္ကန်း၊ သပိတ်၊ တောင်ဝှေးမှစ၍ အပ်ကလေးအထိ အသေးစိတ်ဖော်ပြထားသည်။ စိပ်ပုတီးကိုကား လုံးဝမတွေ့ရ။

ဗုဒ္ဓဘာသာဆိုင်ရာ ပိဋကတ်သုံးဘာသာစာပေဖြစ်သော ပါဠိစာပေ၌ပင်'စိပ်ပုတီး'ဟော ပါဠိဝေါဟာရကို မတွေ့ရပေ။ ပါဠိအဘိဓာန်တစ်စောင်တွင် စိပ်ပုတီးကို ပါဠိလို'ဇပ္ပမာလာ'ဟုကြံစည်ပြီး ရေးသားထည့်သွင်းထားသည်ကိုတွေ့ရ၏။ မန္တန်မန်းမှုတ်ရာ၌ မှတ်သားသော ပန်းကုံး၊ ဝါ–ပုတီးကုံးဟု အဓိပ္ပါယ် ဆိုရပေမည်။

## ဘုရားလက်ထက်က စိပ်ပုတီး

ဘုရားလက်ထက်က စိပ်ပုတီးမရှိကြောင်းကို စွယ်စုံကျော်ထင်၌ ဤသို့တွေ့ရသည်။ စွယ်စုံကျော်ထင်ကျမ်း၊ အိပ်ကာရန်အခန်းတွင် 'သုံးလူ့များထိပ်၊ ငါးမာရ်နှိပ်၊ စိပ်ရန်ပုတီးရှိလိမ့်နည်း' ဟူသော ကျည်းကန်ရှင်ကြီး၏ အမေးကို–

'ပုတီးရှိကြောင်းကို ကျမ်းဂန်တို့၌ မတွေ့ဖူးချေ။ အကယ်၍ ပုတီးဆောင်တော်မူသည်ဖြစ်အံ့၊ ထိုပုတီးကို မည်သည့်ဒါယကာလှူသည်၊ မည်သို့သုံးဆောင်တော်မူသည်၊ မည်မျှလောက် အကျိုးရှိသည်၊ မည်သည့်ရဟန်းက အမွေခံရသည်ဟု ကျမ်းဂန်လာရာ၏။ ယင်းသို့ မလာသောကြောင့် ဘုရားမှာ ပုတီးမရှိဟူ၍ သိသင့်သည်'

ဟု ကျီးသဲလေးထပ်ဆရာတော်ဖြေဆိုထားခဲ့၏။

## သာသနာ၀င်နှင့်စိပ်ပုတီး

ဘုရားလက်ထက်တွင်သာမက မဇ္ဈိမနှင့်သီရိလင်္ကာ ထိုထိုသော သာသနာ၀င်တို့တွင်လည်း စိပ်ပုတီးအကြောင်းကို မတွေ့ရပေ။

မြန်မာ့သာသနာဝင်တွင်လည်း ပုတီးကို သရေခေတ္တရာ၊ ပုဂံ၊ အင်းဝအထိ မည်သည့်စာပေမှာမှ မတွေ့ရ။ ဗုဒ္ဓသာသနာဆိုင်ရာ ပုဂံကျောက်စာတို့၌လည်း ပုတီးအကြောင်းဖော်ပြချက်မတွေ့ရဖူးချေ။

## အပယ်ရတနာလိုဏ်ဘုရား

သို့သော် ပုဂံမြို့၊ မြင်းကပါရွာအပယ်ရတနာဘုရားနံရံပန်းချီတို့တွင် နံရိုးအပြိုင်းပြိုင်းပေါ်နေသော မဟာယာဉ်ဆံကျစ်ထုံးရသေ့ကြီးများပုံတွင် စိပ်ပုတီးကိုကိုင်လျက်နေဟန်၊ ပုဂံမြို့၊ မင်းနန်သူရွာ နန္ဒမညဘုရားနံရံပန်းချီတို့တွင်မူ မုတ် ဆိတ်နှင့် တိတ္ထိကြီးများပုံတို့တွင် စိပ်ပုတီးကိုင်နေပုံတို့ကို အထင်အရှားရေးဆွဲ ထားခဲ့သဖြင့်ထိုခေတ်က စိပ်ပုတီးကားရှိ၏။ သို့သော် ထေရဝါဒဗုဒ္ဓသာသနာသုံးမဟုတ်၊ မဟာယာဉ်နှင့်ဗာဟိရသာသနာသုံးဖြစ်ကြောင်း ဖော်ပြလိုသလောဟု တွေးထင်ရပေသည်။

## အင်းဝခေတ်နှင့်စိပ်ပုတီး

အင်းဝခေတ်၌ ပုတီးအကြောင်းကို စာပေ၌မတွေ့ရဟူသော အချက်နှင့်ပတ်သက်၍–

'မလုံ့ဟင်းလင်း၊ ခုနှ်ကျော်နင်း၍၊ သီတင်းမမှန်၊ ပုထုဇ္ဇန်တို့၊ စောင်းမာန်မချုပ်၊ အတွင်းယုတ်နှင့်၊ ဥပုသ်စောင့်ဟန်၊ ကျမ်းဂန်မမှီး၊ ဆောင်ပုတီးနှင့်၊ ကွင်းကြီးကျယ်စွာ၊ မအပ်ရာတည့်...'

စသည်ဖြင့် ရှင်မဟာသီလဝံသရေးသည်ဟုဆိုသော သံဝဂခန်းပျို့အဆုံးလာစကားကိုထောက်၍ အင်းဝခေတ်က ပုတီးအသုံးရှိပါသည်ဟု စောဒက ဝင်စရာရှိနေ၏။

သို့သော် သံဝေဂခန်းပျို့သည် ရှင်မဟာသီလဝံသ စီကုံးသော ပျို့ဟုတ်,မဟုတ်ဟူသောပြဿနာကို ပညာရှိများကပင် အကြောင်းအရာမမှန်ခြင်း၊ ဘုရားဟော ကျမ်းဂန်မှလွတ်ခြင်း၊ အစီအကုံးလွဲချော်ခြင်း၊ ယုတ္တိ ယုတ္တာမတည့်ခြင်းစသော အဖြစ်အပျက်များကြောင့် အရှင်မဟာသီလဝံသ၏စာမဟုတ်၊ နောက်ခေတ်စာဖြစ်ကြောင်း တစ်ညီတည်းဆုံးဖြတ်ခဲ့ပြီး ဖြစ်လေသည်။

အရှင်မဟာသီလဝံသတို့နှင့် တစ်ခေတ်တည်း လိုလိုဖြစ်သော ပြည်မြို့ ဝန်တောင်လည်ဆရာတော်၏ အရည္မကင်ချီ သံဝေဂရတုကြီးတွင်–

'နေထကိန်းအောင်၊ သခ်မ်းကျောင်း
လည်း၊ ညောင်စောင်းဆန့်ရုံ၊ တစ်စုံသက်န်း၊
ဖန်ရည်စွန်းသား၊ ခါးပန်း,သင်းပိုင်၊ ကရိုဏ်,
ပဲခွပ်၊သပိတ်,အပ်နှင့်၊ဖိနပ်ထီး,ကုပ်၊လက်သုပ်
ကိုင်သွား၊ကရား,သားရေနယ်၊ပခုံးလွယ်၍...'

စသည်ဖြင့် ရဟန်းသုံးပစ္စည်း စုံစုံစေ့စေ့ဖော်ပြထားသည်ကိုတွေ့ရ၏။ ပုတီးကားမပါပေ။ ထို့ကြောင့် အင်းဝခေတ်တွင် ပုတီး အသုံးမရှိသေးဟု ယူဆလျှင် မှားနိုင်စရာမရှိဟု ဆိုရာပါသည်။

အင်းဝခေတ်နှောင်းပိုင်း ဝန်ကြီးပဒေသရာဇာ၏ သူဇာပျို့တွင် 'ပုတီး'ဟူသော ဝေါဟာရကိုတွေ့ရသည်။ သူဇာကိန္နရာမလေးသည် နန်းတော်မှ ထွက်ခွာ၍ ကိန္နရာပြည်သို့ပြန်ရာတွင် မောင်တော်လိုက်လာလျှင် အန္တရာယ်ကင်းရန် ဤပုတီးနှင့်ဆေးကို ပေးလိုက် ပါဟု ရသေ့ကြီးအားအပ်ခဲ့ကြောင်း၊ ရသေ့ကြီးက မင်းသား လိုက်လာသောအခါ ပုတီးနှင့်ဆေးကို ပေးလိုက် ကြောင်းဖြင့် 'စိန္တာမဏိ၊ အတိဝစရာ၊ မည်သာ ကျော်ချီး၊ သည်ပုတီးကို၊ ခင်ကြီးရှင်ပင်၊ အပ်စေချင် သည်'ဟူ၍လည်းကောင်း၊ 'မင်းပုံသူဇာ၊ အပ်ခဲ့ရှာ သည်၊ ထိန်ဖြာရောင်ပြေး၊ ပုတီး,ဆေးကို'စသည်ဖြင့်

လည်းကောင်း စပ်ဆိုထား၏။ပျို့ကဗျာတို့တွင် ပုတီးဟူသောဝေါဟာရကို အစောဆုံးစပ်ဆိုထားခြင်းပေလောဟုယူဆမိသည်။

သို့သော် ထိုသူဇာပျို့လာပုတီးကား ဖတ်ရင်းဖတ်ရင်း ယခု စိပ်ပုတီးကဲ့သို့သော ပုတီးမျိုးမဟုတ်ဘဲ ကိန္နရာမကလေး၏ လည်ဆွဲရတနာပုတီးဟန် ပေါ်၍လာသဖြင့် စိပ်ပုတီးမဟုတ်၊ လည်ဆွဲပုတီးကိုပင် ပဒေသရာဇာစပ်ဆိုခဲ့သည်ဟု ဆုံးဖြတ်စရာဖြစ်လာတော့သည်။

## ကုန်းဘောင်ခေတ်နှင့်စိပ်ပုတီး

ထိုအင်းဝခေတ်နှောင်းပိုင်းမှစ၍ ကုန်းဘောင်ခေတ်ဦးတွင် စိပ်ပုတီးသည် လူသုံးပစ္စည်းအဖြစ်သာမကဘာသာရေးပစ္စည်းတစ်ခုဖြစ်နေကြောင်း ထင်ရှားပါ၏။ အဘယ်ကြောင့်ဆိုသော် အလောင်းမင်းတရားကြီး ကုန်းဘောင်မတည်မီ ၁၁၁၃–ခုနှစ်၌ နှောင်စိန္တကျော်သူ ဖြစ်လတ္တံ့သော ရွှေတောင်ရာဇကျော်ဘွဲ့ခံ ဦးညိုပြုစုခဲ့သည့် ကဝိလက္ခဏာသတ်ပုံကျမ်းတွင် စိပ်ပုတီးကို တွင်တွင်ကျယ်ကျယ် ထည့်သွင်းစပ်ဆိုခဲ့သောကြောင့်ပင်။

* စာသိပ်ရေသိပ်၊ မန္တန်စိပ်၊ မင်းဇိပ်ပရပ်လျှင်။
* ဇင်းမယ်မြို့ထိပ်၊ ဗြဲသဒိပ်၊ ရိပ်ရိပ်ရေးရေးထင်။
* ပုတီးလည်းစိပ်၊ မာန်ကိုနှိပ်၊ သိပ်သိပ်သည်းသည်းပင်။

ဤသို့ အိပ်ကာရန် ၃၃–ပုဒ်တွင် ပုတီးစိပ်ကို ထည့်သွင်း စပ်ဆိုခဲ့လေသည်။

ထိုပုတီးစိပ်ခြင်းတို့သည် ရသေ့ရဟန်းတို့နှင့် သက်ဆိုင်ကြောင်းကို ယင်းရွှေတောင်ရာဇကျော်ဦးသြ၏ ဦးရိး တွင်းသင်းမင်းကြီး အသက်ရှစ်ဆယ်ရှိမှ သက္ကရာဇ် ၁၁၆၈–ခုနှစ် ဘိုးတော်မင်းတရားကြီးလက်ထက်တွင် စပ်ဆိုခဲ့သော မဟာဇနကပျို့လာ–

'ဆယ်စုံကမ္ဘ၊ ပထမြောက်မြား၊
ဘိညာဉ်ငါးနှင့်၊ ရှစ်ပါးသမာပတ်၊
မလွတ်ရမှု၊ လုံ့လပြု၍၊
ဂရုကတ၊ နေ့ညသိပ်သိပ်၊
ပုတီးစိပ်သို့၊ နှိပ်နှိပ်ကွပ်ကွပ်၊
သတိကြပ်လျက်...'

ဟူသောစာပိုဒ်၌ မဟာဇနကမင်း တောထွက်ရာတွင် နာရဒရသေ့ဆုံးမခန်းအနေဖြင့် ဖော်ပြထားသည်။ ထိုပုတီးစိပ်သည် ရသေ့ရဟန်းသုံးအနေဖြင့် ထင်ရှားနေပြီဖြစ်ကြောင်း သိသာရတော့သည်။

ထို့နောက်ကား စိပ်ပုတီးသည် ကုန်းဘောင်ခေတ်တစ်လျှောက်လုံးတွင် အထူးထင်ရှားလေတော့သည်။ ထိုခေတ် သံဝေဂတေးထပ်၊ လေးချိုးစသည်တို့တွင်

စိပ်ပုတီးချင်းထပ်၍ပင်နေတော့၏။ စလေဦးပုညကား ဗေဒင်ရသေ့ကြီး၏လည်တွင်ဆွဲထားသော စိပ်ပုတီးကြီးမှာ ကြီးလွန်းလှသဖြင့် 'ခလောက်ကွဲမှာဆင်သို့' ဟူ၍ပင် စာပြောင်ရေးခဲ့သေးသည်။

ဤသို့ဆိုသော် စိပ်ပုတီးသည် အင်းဝခေတ်နှောင်းပိုင်းနှင့် ကုန်းဘောင်ခေတ်ဦးတွင်မှ တွင်ကျယ် ထေရဝါဒဗုဒ္ဓသာသနာသုံးဖြစ်လာလေသလော စဉ်းစားစရာပေါ်ထွက်လာ၏။ သို့ဖြစ်လျှင် စိပ်ပုတီး မူလဇာတိသည် အဘယ်ကနည်း။

## စိပ်ပုတီး၏မူလဇစ်မြစ်

အထက်ဖော်ပြပါ ကဝိလက္ခဏာသတ်ပုံ 'စာသိပ် ရေသိပ်၊ မန္တန်စိပ်'ဟူသောပုဒ်၌ မန္တန်စိပ်ဟူသော စပ်အင်၊ဇပ္ပ–ဇပ္ပမာလာ ဟူသော သက္ကတပါဠိဝေါဟာရ၊ စိပ်–ဟူသောနာမည်အတိုင်း ဂုဏ်တော်စသည်တို့ကို ပုဒ်ရေလုံးရေမများရန် တစ်လုံးစီချရသောအသုံး၊ ဤအချက်တို့ကို ဆက်စပ်စဉ်းစားလျှင် စိပ်ပုတီး၏ မူလဇစ်မြစ်ကို ရိပ်စားမိနိုင်စရာရှိသည်။

## စိပ်ပုတီးနှင့်လောကီပညာ

အင်းဝခေတ်နှောင်းပိုင်းမင်းတို့သည် ဂါထာမန္တန် လောကီကိစ္စများကို အလွန်အားထားလာကြသည်။

ညောင်ရမ်းမင်းသည် ဘားမဲ့ဆရာတော်ကို လက်သုံးထား၍ တောင်ငူကိုတိုက်ရာ တောင်ငူဘုရင်သည် ရှင်မုန်ယိုကိုအားထား၍ ခံသည်။

ဝမ်းဘဲအင်းစံမင်းလက်ထက် ငရဲနှဲနတ်စက်ရောင်တို့မည်သို့အရာရောက်သည်စသော ရာဇဝင်လာအချက်တို့သည် ဂါထာမန္တန်တို့ ထွန်းကားသည်ထက်ထွန်းကားလာစေသော မင်းမြောက်စားမှုများဖြစ်၏။ ရာဇာပဓာန်အတိုင်း မင်းက ရှေ့ကသွားလျှင် တစ်ပြည်လုံး လိုက်ကြမြဲဖြစ်၍ ထိုခေတ်တွင် ဇောတယာရုံဆရာတော်၊ ဘားမဲ့၊ဘားတမော့စသော ဗေဒင်ဆေးဝါး ရဟန်းတို့ကြီးပွားထင်ရှားခဲ့သည်။ ထို့ကြောင့် ဂါထာ ၃၇–အုပ်ရွတ်ခြင်း၊ ဂါထာ ၁၀၀၀–စုပ်ခြင်း စသည့်ကိစ္စများတွင် အခေါက်မများအောင် ဇပ္ပမာလာစိပ်ပုတီးများကို ဆောင်လာရသည်။

ကျောက်စာဝန်တော်စိန်ခို ၏ အမေးကို ပုဂံဝန်ထောက်မင်း ဦးတင် ဖြေဆိုရာ၌လည်း 'ဟုံနမ်းဣတိပစ္စေကာံ၊ အဋ္ဌောတ္တရသတံဇပိတွာ' ဂါထာကို အစပြု၍ ဗြာဟ္မဏတို့သည် ဟုံနမ်းဂါထာကို ၁၀၈–ကြိမ်မန်းမှုတ်ရကြောင်း စသည်ဖြင့်–

ရေးရှည်မြင့်စွာကာလအခါ ဂါထာမန္တန်များကို

၇–အုပ်က ၁၀၀၀–ထိအတွင်း စိပ်ခြင်း စုပ်ခြင်းပြုလုပ်ကြသည်များတွင် ၁၀၈–အုပ်စုပ်ခြင်း၊ စိပ်ခြင်းသာလျှင်များစွာအသုံးရှိသည်တစ်ကြောင်း။

၇–အုပ်ကစ၍ ၁၀၀၀ ထိ ရေတွက်ခြင်းမှာလည်း ၁၀၈–လုံးကိုအသုံးပြု၍ ရေတွက်နိုင်သည် တစ်ကြောင်းများကြောင့် အလိုရှိရာ ရေတွက်မှတ်သား စိပ်နိုင်စုပ်နိုင်ဖြစ်သော ၁၀၈–လုံးကိုသာပမာနထား၍များသောအားဖြင့် ၁၀၈–လုံးကို အသုံးပြုကြသည့်အရာဖြစ်ကြောင်း။

ဂြိုဟ်သက် ၁၀၈–နှစ်ကိုသော်လည်းကောင်း၊ သတ္တဗီသနက္ခတ် ၁၀၈–နဝင်းကိုသော်လည်းကောင်း ရည်ရွယ်၍ထားကြကြောင်း။

ယင်းကဲ့သို့ပြုလုပ်ခြင်းအမှုကို တုပလိုက်နာသည့် သာသနာတော်ကို ကြည်ညိုသက်ဝင်သူရှေးလူတို့က ၁၀၈–လုံးထားကြမည်ဖြစ်ကြောင်း။

မြတ်စွာဘုရားခြေတော်စက်လက္ခဏာ၁၀၈–ကွက်ကိုသော်လည်းကောင်း၊ဘုရားဂုဏ်တော်(၅၈)၊ တရားဂုဏ်တော်(၃၈)၊ သံဃဂုဏ်တော်(၂၂)ဟုဆိုအပ်သော ရတနာသုံးပါးဂုဏ်တော်၁၀၈–ကိုရှေ့၍ထားကြကြောင်း။

ရဒြရက္ခပင်အသီးမှဖြစ်သော ရဒြရက္ခစေ့ကို စိပ်ပုတီးပြုလုပ်ဆင်ယင်ကိုင်ဆောင်သုံးစွဲရလျှင် အန္တရာယ်

ကင်းသည်ဟူ၍ သက္ကတဘာသာကျမ်းတွင်ပါရှိသည့် အရ ရဒြရက္ခစေ့ကိုသာ မဇ္ဈိမဒေသတွင် စိပ်ပုတီး ပြု လုပ်ကြသည့်အရာ ထင်ရှားစွာ တွေ့မြင်ခဲ့ရကြောင်း၊’

ယင်းထုတ်နုတ်ချက်များကိုကြည့်လျှင် စိပ်ပုတီး၏ ရင်းမြစ်မူလမှာ ဂါထာမန္တန်တို့၏တည်ရာ မန္တရ–တန္တရ ဘာသာဖြစ်သည့် ဗြာဟ္မဏဘာသာဖြစ်ကြောင်း ခြေရာ ခံနိုင်ပေသည်။

ထိုဗြာဟ္မဏဘာသာ၏ မန္တရ–တန္တရဝါဒသည် နောင်တွင် မြောက်ပိုင်းဗုဒ္ဓဘာသာ ဖြစ်လာသော မဟာ ယာဉ်တို့ထံသို့ရောက်၍ ဗုဒ္ဓဘာသာအတွင်းသို့ ခြေချ လာခဲ့ပြီးနောက်၊ မဟာယာဉ် ဗုဒ္ဓဘာသာတို့မှ တစ်ဆင့် ထေရဝါဒဗုဒ္ဓဘာသာသို့ ကူးဝင်လာပြန်ခြင်း ဖြစ်နိုင် သည်ကို ဆက်သွယ်တွေးယူနိုင်ပေသည်။

## စိပ်ပုတီးနှင့်ဗုဒ္ဓဘာသာ

ဗြာဟ္မဏဘာသာမှ သူရဿတီကိုးကွယ်မှုကဲ့သို့ နတ်ကိုးကွယ်မှုများ ယင်းဘာသာနှစ်မျိုးဆိုင်ရာ ဂါထာ မန္တန် ဥုံခံရွတ်ဆိုမှုမျိုးကို လက်ခံထားသကဲ့သို့ ထေရ ဝါဒဗုဒ္ဓဘာသာဝင်ဖြစ်ကြသော မြန်မာလူမျိုးတို့သည် စိပ်ပုတီးကိုလည်း ဤသို့လျှင် မိမိဘာသာသုံးအလား လေးလေးစားစားပင် လက်ခံထားခဲ့ကြသည်။

သို့သော် ဤစိပ်ပုတီးကို လက်ခံထားခြင်းနှင့်ပတ်သက်၍ အကျိုးနှင့်အပြစ်ကို စိစစ်ဝေဖန်၍ကြည့်လျှင် အကျိုးရှိမှုကပိုမိုသဖြင့် အစဉ်အဆက်လက်ခံလာခြင်းဟုဆိုသော် မမှားတန်ရာ။ အဘယ့်ကြောင့်ဆိုသော် ဝိပဿနာအားထုတ်မှုမျိုးမှတစ်ပါး ဂုဏ်တော်တို့ကို ပွား များ ရာ၌လည်းကောင်း၊ လက္ခဏာယာဉ်တို့ကို ဆင်ခြင်ရာ၌လည်းကောင်း၊ စိပ်ပုတီး၏အခန်းမှာ များစွာ အရေးပါလှသောကြောင့်ပင်ဖြစ်ပါ၏။

ဝိပဿနာကမ္မဋ္ဌာန်း မဝင်သေးသူတို့အဖို့ အိမ်, ကျောင်း, ဘုရားတန်ဆောင်း, ဓမ္မာရုံ, ဥပုသ်ဇရပ်တို့၌ ဗုဒ္ဓါနုဿတိစသော အစဉ်ပွားများဖွယ်တို့ကို ပွားများကြရာတွင် စိပ်ပုတီးရှိလျှင် တည်ငြိမ်စူးစိုက်၍ တစ်ပုဒ်ပွားလိုက် ပုတီးတစ်လုံးချလိုက်နှင့် အလွန်လည်းတွင်ကျယ်သည်။ ကြာမြင့်စွာလည်း မပြန့်လွင့်ပဲပွားများနိုင်သည်။ ပုတီးဘယ်နှပတ်ဟူသော အဓိဋ္ဌာန်လည်း ထမြောက်နိုင်သည်။ ကြာသော် ပုတီးကိုင်မိလျှင်ပင် အလိုလို ဗုဒ္ဓါနုဿတိ ပွားများမိပြီးသားဖြစ်နေသဖြင့် ပုတီးသည် ဂုဏ်တော်အထိမ်းအမှတ် စိတ်တည်ငြိမ်ရေးလက်ကိုင်၊ ဘာသာရေးပစ္စည်းတစ်ခုဖြစ်၍ မပါမပြီးသော ဗုဒ္ဓဘာသာလက်သုံးဖြစ်လာရတော့၏။

ထို့ကြောင့် အကျိုးရှိ၍သာ ဘာသာသုံးအနေဖြင့် လက်ခံထားခဲ့သောစိပ်ပုတီးကို မပစ်ပယ်သင့်ဘဲ ဗုဒ္ဓ ဘာသာဝင်တိုင်း အကျိုးရှိအောင် သုံးစွဲကြရန်သာ လိုအပ်ကြောင်း လေ့လာတင်ပြလိုက်ရပေသည်။

❋

[၂]

# ကလေးပုတီးစိပ်

ကလေးပုတီးစိပ်ဟုဆိုသဖြင့် ဘုရားဂုဏ်တော်ကို ကလေးကလားပြောဆိုရရောက်သည်ဟုဆိုလိုက ဆိုနိုင်ပါသည်။ အမှန်မှာ ကလေးဘဝက ဆိုခဲ့စိပ်ခဲ့ရသော ပုတီးစိပ်ဖြစ်၍ လွယ်လွယ်အမည်မှည့်လိုက်ခြင်းသာ ဖြစ်ပါသည်။ နှိမ့်ချ၍ဆိုခြင်း မဟုတ်ပါ၊ နှိမ့်ချ၍လည်း မဆိုထိုက်ပါ၊ ကလေးများအတွက် အလွယ်ကူဆုံး ပုတီးစိပ်နည်းဖြစ်သော်လည်း အကျိုးတရားကမူ ရေ၍ကုန်နိုင်ဖွယ်ရာမရှိပါ။

ကိုရင်ဘဝကရခဲ့သောပုတီးစိပ်

ဟုတ်ကဲ့ ပြောပြပါမည်။ စာရေးသူတို့ကျောင်းသားဘဝ ကိုရင်ပေါက်စဘဝက ဆရာဘုန်းတော်ကြီးက ညဘုရားရှိခိုးပြီး ဩဝါဒစကားမိန့်ကြားရင်း 'မင်းတို့ ကျောင်းသားတွေ ကိုရင်တွေ ဂုဏ်တော်ကိုးပါး ပုတီးစိပ်ဆိုရင် မှားမှားယွင်းယွင်းဖြစ်နေကြတယ်၊ အလွယ်ဆုံး



ပုတီးစိပ်တစ်ခုကို မှတ်ထားကြ'ဟုဆိုကာ ဤပုတီးစိပ်နည်းကို သင်ပေးပါသည်။

(က) အရ–ဟံဂုဏ်တော်

'ပထမ(အရ–ဟံ)လို့ပုဒ်ဖြတ်။ အဲဒီ (အရ–ဟံ)မှာ ပထမလာတဲ့ အရ–သည် ကိလေသာရန်သူ၊ နောက်မှာလာသည့် ဟံ–က ဖျက်ဆီးတာ။ အဲဒီ(အရ–ဟံ) ဂုဏ်တော်ကိုဆိုတဲ့အခါ တို့မြတ်စွာဘုရားက တစ်ထောင့်ငါးရာ ကိလေသာရန်သူဟူသမျှ နှိမ်နင်းပြီး ဗောဓိပင်နှင့် ရွှေပလ္လင်ပေါ်မှာထိုင်၍ ဘုရားအဖြစ်ရောက်တော်မူစ မြတ်စွာဘုရားကို မြင်ကြရမယ်။

(ခ) အရဟံဂုဏ်တော်

နောက်(အရဟံ)လို့ တစ်ဆက်တည်းဆို။ ဒါက တို့မြတ်စွာဘုရားဟာ လူမင်း နတ်မင်း ဗြဟ္မာမင်းဆိုတဲ့ မင်းဟူသမျှတွေရဲ့အပူဇော်ခံဖြစ်တယ်။ အရဟံလို့ဆိုရင်း လူနတ်ဗြဟ္မာမင်းတကာတို့ ဝိုင်းဝန်းကော်ရော် ပူဇော်နေတဲ့ မြတ်စွာဘုရားကို မြင်ကြရမယ်။

(ဂ) အ–ရဟံဂုဏ်တော်

နောက်ဆုံး(အ–ရဟံ)လို့ အ–တစ်ပုဒ်+ရဟံ–တစ်ပုဒ် ပုဒ်ဖြတ်ပြီးဆိုတဲ့အခါ မြတ်စွာဘုရားဟာ တောထဲ တောင်ထဲ တစ်ပါးတည်းသီတင်းသုံးပေမယ့်

တောတောင်ဆိုတဲ့ ဆိတ်ကွယ်ရာအရပ်ဖြစ်သော်လည်း ကာယကံမှု ဝစီကံမှု မနောကံမှုဆိုတဲ့ မကောင်းအပြစ်တွေကိုမလုပ်ဘူး။ တစ်နည်းအားဖြင့်လဲ မြတ်စွာဘုရား ဉာဏ်တော်အမြင်မှာ မကောင်းမှုပြုစရာ ဆိတ်ကွယ်ရာဆိုတာ လုံးဝမရှိဘူးလို့ သိတော်မူတယ်။

မာရ်နတ်ကြီးဟာ မြတ်စွာဘုရားအလောင်းတောထွက်ချိန်ကစပြီး တောထဲတောင်ထဲမှာ ဘာမကောင်းမှုများလုပ်မလဲဆိုပြီး အပြစ်ရှာဖို့ ခုနစ်နှစ်တိုင်တိုင် စုံထောက်နေခဲ့တယ်။ ဘုရားမဖြစ်မီ ဘုရားလောင်းဘဝ ခြောက်နှစ် လုံးလုံး အပြစ်ရှာမရခဲ့ဘူး။ ဘုရားအဖြစ်သို့ရောက်တော့လဲ မာရ်နတ်သမီးတွေ တစ်ဦးစီတစ်ဦးစီ တောထဲမှာ မြတ်စွာဘုရားကို အဆင်းမျိုးစုံ အလှမျိုးစုံဖန်ဆင်းပြီး ဖြားယောင်းကြည့်ကြတယ်။ ဘုရားလောင်းဘဝတုန်းကတောင် ဆိတ်ကွယ်ရာမရှိလို့ သိတော်မူထားတဲ့မြတ်စွာဘုရားဟာ ဘုရားဖြစ်မှတော့ ဘယ်လောကအလှအပတွေနဲ့ ဖြားယောင်းပေမယ့် ဘယ်မှာ လက်ခံပါတော့မလဲလေ။

အေး-ဒါကြောင့်(အ-ရဟံ)လို့ဆိုတဲ့အခါ အဲဒီ မကောင်းမှုပြုစရာ ဆိတ်ကွယ်ရာရှိတော်မမူသော မြတ်စွာဘုရားကို အာရုံပြုကြရမယ်။

အဲဒီပုတီးစိပ် 'အရ–ဟံ၊ အရဟံ၊ အ–ရဟံ' ဆိုတာကို တစ်ညတစ်ပုဒ် ပုတီးဆယ်ပတ်စီစိပ်ကြ'။

**အရဟံဂုဏ်တော်ပုတီးစိပ်၏အကျိုး**

ဆရာတော်ဘုန်းတော်ကြီး ၏ဩဝါဒအတိုင်း စာရေးသူတို့သည် ယင်းအရဟံဂုဏ်တော်ပုတီးစိပ်နည်းကို ညစဉ် တစ်ည ဆယ်ပတ်စိပ်ကြပါသည်။

'ဒီပုတီးစိပ်ကို စွဲစွဲမြဲမြဲစိပ်ရင် သိဒ္ဓိမျိုးစုံပြီးတယ်' ဟုသိရသော်လည်း ကလေးကဘဝ အခြားသိဒ္ဓိတို့ကိုလည်း မသိ၊ စိတ်လည်းမဝင်စား။ ပီယသိဒ္ဓိလောက်သာ စိတ် ဝင်စားကြသည်။ ယင်းသိဒ္ဓိလည်း မည်မျှပြီးသည် မပြီးသည်ကို အသေအချာမသိခဲ့ပါ။

ထိုစဉ်မှစ၍ ပုတီးစိပ်မပြတ်ခဲ့။ နောင်အကျင့်ရသွားပြီး ညစဉ် ပုတီးမစိပ်ရ မနေနိုင်။ ပုတီးမစိပ်ရလျှင် အိပ်၍မရတော့သည်အထိ စွဲမြဲသွားပါသည်။ ထို့ကြောင့်လားမသိ။ စာရေးသူ၏ ဘဝခရီးဝယ် ဘေးဥပဒ် အန္တရာယ်ဟူ၍ ကြီးကြီးမားမား မတွေ့စဖူးခဲ့ပေ။ သေနတ်ကြား ဗုံးကြားခဏခဏ သွားခဲ့ရသော်လည်း အန္တရာယ်ကင်းခဲ့သည်။ မှောက်မည့်ရထား၊ တိုက်မည့်ကားတို့ကိုလည်း အကြောင်းတစ်ခုခုကြောင့် မစီးဖြစ်ဘဲ လွဲမိရှောင်မိသည်ချည်း ဖြစ်ရသည်။

## ပုတီးစိပ်က သတိပေးပုံ

အသက်လည်းကြီးလာ အတွေ့အကြုံလည်းများလာသော ယခုအချိန်ဝယ် ဖော်ပြပါ ကလေးပုတီးစိပ်အပြင် ဂုဏ်တော်ကိုးပါး၊ ဆယ်ပါး၊ ကွန်ခြာ၊ အနုလုံပဋိလုံ စသည်အမျိုးမျိုးသော ပုတီးစိပ်များပါစုပေါင်းစိပ်ရာ တစ်ကြိမ်တစ်ကြိမ် နာရီဝက်ခန့် တစ်နာရီခန့်ကြာပါလိမ့်မည်။ ထိုအခါ စိတ်ထဲတွင် ကလေးပုတီးစိပ်ကို အထင်သေးမိသည်။ အခြားပုတီးစိပ်များကို အချိန်ပေးရ၍ ဤပုတီးစိပ်ကို လွှတ်ထားမည်ဟု စဉ်းစားမိ၏။

တစ်ညတွင် စာရေးသူအား လူဆိုးများက ကြိုးဖြင့်တုပ်နှောင်ဖမ်းဆီးသွားရာ လက်ထဲတွင် ပုတီးပါလာသဖြင့် အမှတ်မထင် 'အရ–ဟံ အရဟံ အ–ရဟံ'ဟု စိပ်လိုက်မိသည်။ လူဆိုးများသည် ချက်ချင်းပင် ကြိုးများကို အလျင်အမြန်ဖြေ၍ တောင်းပန်ဝန်ချပြီး အိမ်အရောက် ပြန်ပို့ကြသည်။

ဤသို့အိပ်မက်သဖြင့် စာရေးသူက ဤပုတီးစိပ်နည်းကို ကလေးပုတီးစိပ်ဖြစ်၍ သိမ်ငယ်သည်ထင်ပြီး စွန့်လွှတ်တော့မည်ကြံမိသဖြင့် ဤပုတီးစိပ်မှာ မသိမ်ငယ်ကြောင်း၊ အန္တရာယ်အသွယ်သွယ်ကို ကာကွယ်ခဲ့ကြောင်း အိပ်မက်ဖြင့် သတိပေးခြင်းပင်ဖြစ်သည်ဟု

သတိရကာ ယနေ့အထိ မပစ်ပယ်နိုင်တော့ဘဲ အမြဲစိပ် လျက် ရှိနေပါသည်။

ဘာသာခြားနှင့်ကလေးပုတီးစိပ်

ဤအတွင်း ဤပုတီးစိပ်၏တန်ဖိုးကြီးမားလှသော အဖြစ်အပျက်တစ်ခုကို ကြားသိရပြန်ပါသည်။ စာရေးသူကို ဆရာသမားကဲ့သို့ ရင်းနှီးခင်မင်နေသည့် ဆရာတော်တစ်ပါး၏ အတွေ့အကြုံဖြစ်ပါသည်။

ထိုဆရာတော်သည် တစ်ခါက အိန္ဒိယပြည် ဗာရာဏသီမြို့၌ ဘာသန္တရသင်ကြားနေပါသည်။ ထိုအခါ သူနှင့်အတူ တစ်ကျောင်းတည်း ဘာသန္တရသင်ကြားသူ အင်္ဂလိုအိန္ဒိယန်း(ဖခင်အင်္ဂလိပ်၊ မိခင်အိန္ဒိယသူမှ မွေးဖွားလာသူ) အမျိုး သမီးအခြားဘာသာဝင်တစ်ဦးနှင့် ရင်းနှီးခဲ့၏။ ရံဖန် ရံခါ ဘာသာတရားဆွေးနွေးကြ၏။ ရံဖန်ရံခါ ငြင်းကြခုံကြ၏။

တစ်နေ့၌ ထိုအမျိုးသမီးက 'ရှင်တို့ဗုဒ္ဓဘာသာက ထူးထူးခြားခြား အကျိုးကျေးဇူးပြနိုင်ရင်(တန်ခိုးပြနိုင်ရင်)ကျွန်မ ဗုဒ္ဓဘာသာထဲဝင်မယ်'ဟုပြော၏။ ဆရာတော်က'တကယ်လား'ဟုမေးရာ 'တကယ်ပြောတာပါ' ဟု ဝန်ခံလေ၏။ ထိုအခါ ဆရာတော်က သူစိပ်နေကျ ပုတီးကိုပေး၍ ဖော်ပြပါပုတီးစိပ်နည်းကို ပြောပြသည်။

ဆရာတော်၏နည်းမှာ အရ–ဟံကို ကိုးပတ်ကိုးရက် စိပ်ရမည်။ အရဟံကို ကိုးပတ်ကိုးရက်စိပ်ရမည်။ နောက်အ–ရဟံကို ကိုးပတ်ကိုးရက်စိပ်ရမည်ဟုဖြစ်ရာ ဖော်ပြပါအတိုင်း အရ–ဟံ၌ နှလုံးသွင်းရပုံ၊ အရဟံ၌ နှလုံးသွင်းရပုံနှင့် အ–ရဟံ၌ နှလုံးသွင်းအဓိပ္ပါယ်တို့ကို ပါ သင်ကြားပေးလိုက်သည်။

ထို့ပြင် အထူးအားဖြင့် ဤသို့ ၂၇–ရက် ပုတီး စိပ်နေစဉ်အတွင်းတွင်–

၁။ စားကောင်းသောက်ဖွယ်စားသောက်ရသည်ဟု အိပ်မက်မက်ခြင်း၊

၂။ သီဆိုကခုန်ရသည်၊ ၎င်းတို့ကို ကြည့်ရှုရသည်ဟု အိပ်မက်မက်ခြင်း၊

၃။ ကာမဂုဏ်မှုတို့ကို အိပ်မက်မက်ခြင်း၊

ဤအိပ်မက်သုံးမျိုး တစ်မျိုးမျိုးမက်လျှင် ပျက်ပြီဟုအမှတ်ပြု၍ အစမှပြန်ပြီးစိပ်ရမည်။ ၂၇–ရက် ပုတီး စိပ်နေစဉ် ဤအိပ်မက်သုံးမျိုး တစ်မျိုးမျိုးမျှမမက်က အောင်မြင်ပြီဟုမှတ်လေ။ ထိုအခါ မိမိလိုရာဆုကို တောင်းဆိုလေ၊ မုချရလိမ့်မည်။ ဤသည်မှာ ဗုဒ္ဓဘာသာ၏ သမထနည်း၊ ဝိပဿနာနည်းတို့လို အဆင့်မမြင့်သေးသည့် အသေးစားပုတီးစိပ်ရုံမျှဖြင့် ဖြစ်နိုင်သော

အကျိုးကျေးဇူးပင်ဖြစ်သည်ဟုပြောပြရာ ထိုအမျိုးသမီးက ကောင်းပါပြီဟုဆိုကာ ပုတီးကို ယူသွားလေသည်။

၂၇–ရက်ကျော်လွန်ပြီးနောက်နေ့တွင် အမျိုးသမီးရောက်လာကာ 'ကဲ...ရှင်ပြောတဲ့အတိုင်း ၂၇–ရက်စိပ်ပြီးပြီ၊ အိပ်မက်သုံးမျိုးလဲမမက်ဘူး၊ အောင်ပြီဆိုပါတော့၊ ရှင်ပြောတဲ့အကျိုးရမလား'ဟု ပြောလာသဖြင့် ဆရာတော်က 'ဒီအတိုင်းဆိုရရမှာပေါ့၊ ကဲ...ဆုတောင်းလေ'ဟုဆိုလျှင် အမျိုးသမီးက 'ခု ကျွန်မဖခင်အတော်နေမကောင်းဖြစ်နေတယ်၊ သူစားချင်တာကပန်းသီး၊ ဆရာဝန်ကလဲ စားပါလို့ပြောတယ်၊ ခက်တာကဒီနွေရာသီမှာ အပူလွန်ကဲနေတယ်၊ အိန္ဒိယတစ်ပြည်လုံးမှာ ပန်းသီးဘယ်မှာမှမရနိုင်ဘူး၊ အဲဒီတော့ ကျွန်မကပန်းသီးရရပါစေလို့ဆိုရင် ရပါ့မလား'ဟုမေး၏။ 'အို...ရရမှာပေါ့'ဟု ဆရာတော်က ဆိုလေသည်။

ထို့နောက် ဆရာတော်သည် အမျိုးသမီးအားဘုရားစင်ရှေ့သို့ခေါ်သွားကာ ဒူးတုပ်ထိုင်စေ၍ 'သုံးရက်အတွင်း ပန်းသီးရလိုပါ၏'ဟု သုံးကြိမ်နှုတ်မြွက်၍ ဆိုစေပြီး ပြန်လွှတ်လိုက်လေသည်။

၃–ရက်ခန့်ကြာလျှင် အမျိုးသမီးသည် စက္ကူ အိတ်တစ်ခုထဲတွင် ပန်းသီးငါးလုံးခန့်ထည့်၍ယူလာပြီး ဆရာတော်အားကပ်ကာ ဤသို့အားရဝမ်းသာပြောဆိုလေသည်။

'အား...သိပ်အံ့သြစရာကောင်းတာပဲ၊ မနေ့က အဖေနဲ့ညီအစ်ကိုတော်သူ ကျွန်မဘကြီး မြောက်ပိုင်း ပြည်နယ်ကလာတယ်၊ သူတို့ဆီမှာ ရာသီဥတုအေးလို့ ပန်းသီးတွေသီးတယ်၊ ဗာရာဏသီကို ကိစ္စရှိလို့လာတာ၊ ဒီမှာ ဒီအချိန်ရှားမှန်းသိလို့တဲ့ ပန်းသီးတစ်ခြင်းယူလာ ပေးတယ်လေ၊ မမျှော်လင့်ဘူး ဘယ်လိုမှမမျှော်လင့်ဘူး၊ အခုလိုရတာ ဗုဒ္ဓတန်ခိုးပါပဲ၊ ရှင်တို့ဂေါတမဗုဒ္ဓ သိပ်တန် ခိုးကြီးပါလား' ဟုပြောကာ မိဘတွေဘာပဲပြောပြော သူ ဗုဒ္ဓဘာသာဝင်မည်ဟု ဝန်ခံလေတော့သည်။ နောက်တွင် ၎င်း၏မိဘများပါဗုဒ္ဓဘာသာဖြစ်ကြသည်ဟုဆိုပါသည်။

အထက်ပါဖြစ်ရပ်များကို ကြားသိရသောအခါ စာရေးသူအဖို့ ကလေးပုတီးစိပ်ကို ပိုမိုစွဲမြဲစရာဖြစ် လာပါသည်။ ထို့ကြောင့် စာရေးသူသည် အခြား ဝိပဿနာလုပ်ငန်းများ ရပ်နားထားသောအချိန်တွင် ပုတီးစိပ်ရန် စိပ်ပုတီးကိုကိုင်မိသည်နှင့်တစ်ပြိုင်နက် အလိုလိုနှလုံးသွင်းမိသောပုတီးစိပ်မှာ ကလေးပုတီးစိပ် ဝါ အရဟံသုံးပါးပုတီးစိပ်ပင် ဖြစ်ပါလေ၏။

ထို့ကြောင့် စာရေးသူနည်းတူ စာဖတ်သူများ အားလည်း မျက်မှောက်၌ပင် အန္တရာယ်ကင်းခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်း၊ ကျက်သရေမင်္ဂလာကောင်း

ကျိုးချမ်းသာများကို ရရှိစေနိုင်ခြင်းအကျိုးငှာ ဘုရားဂုဏ်တော်များကို ပွားများခြင်း၊ ပုတီးစိပ်ခြင်းလုပ်ငန်းများကို အာစိဏ္ဏကံမြောက် မြဲမြဲစွဲစွဲ ကြိုးစားလုပ်ကိုင်ကြရန် နှိုးဆော်လိုပါသည်။

အမှန်အားဖြင့် ဂုဏ်တော်ပွားများခြင်း၊ ပုတီးစိပ်ခြင်းတို့မှာ အဂ္ဂပုဂ္ဂလဥတ္တမ ပုရိသထွတ်ဖျား ဗုဒ္ဓမြတ်စွာဘုရား၌ လေးစားကြည်လင်သက်ဝင်သော ဩပက္ကမိကသဒ္ဓါတရားတဖွားဖွားဖြစ်လာနိုင်ခြင်းအကျိုးရှိပေသည်။

ထိုသဒ္ဓါတရားက တစ်စတစ်စဖြင့် မဂ်သီးဖိုလ်ပွင့်ကို တစ်ဆင့်တစ်ဆင့်ရရှိစေနိုင်သော မျိုးစေ့သဖွယ်ပင်ဖြစ်သဖြင့် ထိုမျိုးစေ့မှပေါက်လာသော အပင်သည်သာသနာတော်တည်းဟူသော ရေမြေကောင်းကိုမှီ၍ ပီတိပဿဒ္ဓိ၊သုခ၊ သမာဓိတည်းဟူသော ခက်လက်ရွက်ပွင့်အဆင့်ဆင့်မှသည် ကာမစ္ဆန္ဒ၊ ဗျာပါဒစသော နီဝရဏကိလေသာတို့ကို ပယ်ခွာနိုင်ခြင်း အကျိုးတည်းဟူသောအပွင့်အသီးများ ဖြစ်ထွန်းလာနိုင်မည်ဖြစ်ပါသတည်း။

*



[၃]

# သဘော်သားဘုရားရှိခိုး

တစ်နေ့တွင် လူရွယ်တစ်ဦးသည် အထုပ်တစ်ထုပ်ကိုကိုင်၍ စာရေးသူထံသို့ရောက်လာသည်။ စာရေးသူက 'သြော်–မင်း ပြန်ရောက်လာပြီလား' ဟု ဆီးကြိုနှုတ်ဆက်ရင်း အာလာပသလ္လာပ ပြောဆိုရသည်။

ထိုလူရွယ်က လွန်ခဲ့သောအပတ်ကပင် ပြန်ရောက်ကြောင်း၊ ရောက်ရောက်ချင်းမလာဖြစ်သည်ကို တောင်းပန်ပါကြောင်း ပြောကာ လက်ထဲကအထုပ်ကို စာရေးသူအား တရိုတသေပေးသည်။ နိုင်ငံခြားလက်ဆောင်ပစ္စည်းတချို့ဖြစ်၏။ သူကား ခေတ်ပညာတတ် လူငယ်တစ်ဦးဖြစ်ကာ လွန်ခဲ့သောနှစ်က နိုင်ငံခြားသဘော်တစ်စင်း၌ အရာရှိငယ်တာဝန်ဖြင့် လိုက်ပါသွားခဲ့သူဖြစ်၏။

'ဆိုပါဦး၊ အတွေ့ အကြုံ[illegible] အ[illegible]သန် [illegible] မ[illegible] ကြားရအောင်' ဟု စာရေးသူက [illegible]လိုက်[illegible] ပါ့မယ်ဆရာ၊ ပြောချင်လို့ပဲ တမင်[illegible]

ဟုဆိုကာ အတွေ့အကြုံထူးဆန်းပုံတို့ကို ပြောပြလေသည်။

## နိုင်ငံခြားထွက်မည့်သူ

အမည်နှင့်ရေးမှ ပိုမိုပေါ်လွင်မည်ဖြစ်၍ သူ့အမည်ကို မောင်တင်မျိုးဝင်းဟုဆိုပါမည်။ မောင်တင်မျိုးဝင်းသည် တက္ကသိုလ်မှ နောက်ဆုံးနှစ်စာမေးပွဲဖြေပြီးစကပင် နိုင်ငံခြားသင်္ဘော၌အလုပ်ရ၍ မြန်မာနိုင်ငံမှ နိုင်ငံခြားသို့ ထွက်ခွာခဲ့သူဖြစ်၏။

မောင်တင်မျိုးဝင်း၏မိဘများမှာ ဘာသာရေးကိုင်းရှိုင်းသူများဖြစ်၍ သားဖြစ်သူ နိုင်ငံခြားသွားကာနီးတွင် ဘုရားဂုဏ်တော်များ၊ အန္တရာယ်ကင်းဂါထာများရေးသား သင်ကြားပေးရန် စာရေးသူထံသို့လွှတ်လိုက်၏။

စာရေးသူက မည်သည့်ဘုရားရှိခိုးများ ရရှိထားသည်ကို သိလို၍မေးရာ တကယ်ဟုတ်တိပတ်တိ ရရှိရွတ်ဆိုနိုင်သည်ကို မတွေ့သဖြင့် လွယ်လွယ်ကူကူကျက်မှတ် ရှိခိုးနိုင်ရန် ကောင်းနိုးရာရာဘုရားရှိခိုး အနည်းငယ်ကို ရေးပေးလိုက်သည်။ ထို့နောက်လည်း ပုဒ်မှန်ပါဌ်မှန်ဖြစ်အောင် အဖတ်ခိုင်းပြီး ပြင်ဆင်သင်ကြားပေးလိုက်သည်။

နှုတ်ကကျက်မရမီ ညတိုင်းမအိပ်မီနှင့်တတ် နိုင်လျှင်

အိပ်ရာမှထပြီး မျက်နှာသစ်ပြီးချိန်တွင် ဘုရားရှိခိုး၍ စာရေးသူရေးပေးလိုက်သော ဘုရားရှိခိုး စာရွက်ကို အစအဆုံး တစ်ခေါက်ဖတ်ပါ။ အန္တရာယ်တွေ့ကြုံလျှင် အခေါက်ခေါက်အခါခါ ရွတ်ဆိုပါဟု မှာကြားလိုက်သည်။

မောင်တင်မျိုးဝင်းလည်း 'စိတ်ချပါဆရာ၊ သင်္ဘောပေါ်မရောက်မီဘဲ အရကျက်လိုက်ပါ့မယ်၊ နည်းနည်းကလေးပဲ ဘာမရစရာရှိမလဲ' ဟုဆိုကာ နှုတ်ဆက်၍ ထွက်သွားလေသည်။

## သင်္ဘောပေါ်ကဘုရားစင်

မောင်တင်မျိုးဝင်းတို့သင်္ဘောသည် ဥရောပနိုင်ငံ တစ်နိုင်ငံမှ သင်္ဘောဖြစ်သည်။ မြန်မာလူမျိုးဆို၍ မောင်တင်မျိုးဝင်းတစ်ဦးသာ ပါသည်။ အာဖရိကတိုက်သားက များ၍ အခြားနိုင်ငံအချို့မှအရာရှိအနည်းငယ်စီပါသည်။

ဗုဒ္ဓဘာသာဆို၍လည်း မောင်တင်မျိုးဝင်းတစ်ဦးသာရှိသည်။ မောင်တင်မျိုးဝင်းက သူ့မိဘများပေးလိုက်သော ရွှေရောင်ဝင်းနေသည့် ဘုရားကျောင်းဆောင်ငယ်ကလေးနှင့် ရုပ်ပွားတော်ကို သူ့အခန်းခေါင်းရင်းတွင် စနစ်တကျချိတ်ဆွဲလိုက်သည်။ ထို့နောက် ကြေးပန်းအိုးကလေးနှစ်လုံး၌ ရေပန်းများကို မညှိုးအောင် ထိုးစိုက်၍ ဖန်ခွက်ငယ်ကလေးသုံးလုံးနှင့်နံနက်တိုင်း သောက်တော်

ရေတော်ကပ်သည်။ စားသောက်ချိန်မမှန်၍ ဆွမ်းတော် မတင်နိုင်။ စပျစ်သီး သစ်တော်သီးတို့ကိုမူရတိုင်း တင် လှူထားလေသည်။ ထို့နောက်တွင် ရေးပေးလိုက်သော ဘုရားရှိခိုးတို့ကို အိပ်ရာဝင်တိုင်း အသံထွက် ရွတ်ဆို၍ ရှိခိုးသည်။ ထို့နောက် မေတ္တာပို့၍ အိပ်သည်။

မောင်တင်မျိုးဝင်းသည် အရာရှိအငယ်စားလေးမျှ သာဖြစ်သော်လည်း တာဝန်ကားမသေးလှ။ အလွန်မပင် ပန်းသော်လည်း အအားအနားမရခဲ့ပေ။ မည်သို့ပင် ဖြစ်သော်လည်း မောင်တင်မျိုးဝင်းကား အိပ်ရာဝင် ဘုရားရှိခိုးမပျက် မေတ္တာပို့မမေ့။ ထို့ကြောင့်ပင်ဖြစ်မည်၊ အထက်အရာရှိများကရော အောက်အလုပ်သမားများ ကပါ မောင်တင်မျိုးဝင်းအား ခင်မင်ကြသည်၊ လေးစား ကြသည် အရေးပေးခဲ့ကြသည်။

## ဘုရားရှိခိုးခွင့်ရခြင်း

သင်္ဘောထွက်သွား၍ တစ်ပတ်ခန့်အကြာတွင် သင်္ဘောအရာရှိကြီးသည် မောင်တင်မျိုးဝင်း အခန်း ပေါက်သို့လာ၍ ဘုရားစင်နှင့် ပန်း ,သစ်သီး ,ရေများ ပူဇော်ထားသည်ကိုကြည့်လေသည်။ ထို့နောက် 'မင်း ဗုဒ္ဓကို ဘယ်အချိန်ရှိခိုးလဲ' ဟုမေးသည်။ ညအိပ်ခါနီးမှာ ရှိခိုးကြောင်း၊ နံနက်အိပ်ရာထမှာရှိခိုးချင်ပေမယ့် မျက်နှာ

သစ်ပြီးတာနှင့်စားသောက်၊လုပ်ငန်းခွင်ဝင်ရတာကြောင့် အချိန်မရ၍မရှိခိုးနိုင်ကြောင်းပြောပြသောအခါ 'ကိစ္စမရှိဘူး၊ မင်းမျက်နှာသစ်ပြီးရင် ဗုဒ္ဓကိုရှိခိုးပါ၊ ပြီးမှ စားသောက် လုပ်ငန်းခွင်ကိုဝင်ပါ'ဟု ပြုံးရယ်ပြောဆိုပြီး ထွက်သွားသဖြင့် မောင်တင်မျိုးဝင်း အံ့အားသင့်မိသည်။ နောက်မှ ဒုတိယအရာရှိတစ်ဦးက' ဤသဘော်ဘေးအန္တရာယ်ကင်းသည်မှာ မောင်တင်မျိုးဝင်း၏ ဗုဒ္ဓတန်ခိုးကြောင့်ဟု အိပ်မက်ရသည်'ဟု သဘော်အရာရှိက ပြောကြောင်း သိရလေသည်။

ထို့နောက် မကြာမကြာပင် အရာရှိက အဖိုးတန်သစ်သီးများ၊ မုန့်များကို မောင်တင်မျိုးဝင်းအား ပေးလေ့ရှိသည်။ သဘောမှာ မင်းတို့ဗုဒ္ဓကိုလှူပါဟု ဆိုလိုသဖြင့် မောင်တင်မျိုးဝင်းကလည်း အမြဲပင် ဘုရားစင်ရှေ့တွင် တင်လှူထားရှိခဲ့သည်။

## မုန်တိုင်းရန်မှကာကွယ်ခြင်း

တစ်နေ့ မောင်တင်မျိုးဝင်းသည် တာဝန်မှ နားနေသောအချိန် အိပ်ရာပေါ်တွင် ပက်လက်လှန်ကာ ပါလာသော ဘုရားစာအုပ် (ဓိနတ္ထပကာသနီ)ကို လှန်၍ ဖတ်နေလေသည်။ ထိုအချိန်တွင် အရာရှိက ခေါ်သဖြင့် စာအုပ်ကိုချထားခဲ့ပြီး ထွက်လာခဲ့၏။

အရာရှိသည် မောင်တင်မျိုးဝင်း အခန်းဆီသို့ လျှောက်လာကာ ရင်ဆိုင်အတွေ့တွင် လက်ဆွဲခေါ်သွားပြီး အပြင်တစ်နေရာကိုပြသည်။ 'မကြာမီ မုန်တိုင်းလာတော့မည်၊ ဗုဒ္ဓထံမှာ ဆုတောင်းပေးပါ'ဟု ပြောလေသည်။ ထို့နောက် မောင် တင်မျိုးဝင်းကို ထိုနေရာတွင်ထားခဲ့၍ သင်္ဘောဦးပိုင်းသို့ ခပ်သုတ်သုတ်ထွက်သွားသည်။ မောင်တင်မျိုးဝင်းက အခန်းသို့ပြန်မလာတော့ဘဲ ထိုနေရာမှာပင်မတ်တတ်ရပ်နေကာ ဆရာပေးလိုက်သော ဘုရားရှိခိုးကို အစမှအဆုံး အခေါက်ခေါက်အခါခါ ရွတ်ဆိုတော့သည်။

မုန်တိုင်းကြီးကား တစ်နာရီမိုင် ၁၀၀–ခန့် ကြီးကျယ်သော မုန်တိုင်းဖြစ်သည်။ ရေဒါစသော ခေတ်မီစက်ကိရိယာများအရ နာရီပိုင်းအတွင်း မိမိတို့သင်္ဘောဆီသို့ ရောက်လာပေတော့မည်။ လမ်းလွှဲချိန်မရ၊ မုချဒုက္ခကြုံတွေ့ကြရတော့မည်။ သင်္ဘောအရာရှိအားလုံးနှင့် သင်္ဘောသားအားလုံးပင် ပြေးလွှားလှုပ်ရှားလျက် တတ်အားသမျှ မုန်တိုင်းအန္တရာယ်မှ သက်သာမှုရရန် ကြိုးစားနေကြလေသည်။ မောင်တင်မျိုးဝင်းကား မျက်စိကိုမှိတ်၍ သူ၏ဘုရားရှိခိုးကိုသာ အခေါက်ခေါက်အခါခါ ရွတ်ဆိုနေလေသည်။

အဝေးမှ မုန်တိုင်းကြီး၏အသံကိုလည်း ကြောက်မက်ဖွယ်ရာ ကြားနေပါသည်။ ပင်လယ်ပြင်မှာလည်း မှောင်မည်းစပြုလာပါသည်။ အလင်းရောင်သည်လည်း နည်း၍နည်း၍လာသည်။ သဘော်မှာလည်း လှုပ်ရှားစပြုနေပါသည်။ မောင်တင်မျိုးဝင်းကား ယုံကြည်မှုအပြည့်ဖြင့် မိမိရထားသောဘုရားရှိခိုး၊ အန္တရာယ်ကင်းဂါထာများကို ရွတ်ဆိုမြဲရွတ်ဆိုနေသည်။ သဘော်လက်တန်းကို ကိုင်၍ လဲပြိုမသွားရန် ထိန်းထားရလေသည်။

မကြာမီမှာပင် သဘော်သည် ငြိမ်သက်၍သွားကာ မြည်ဟည်းနေသော အဝေးဆီမှ မုန်တိုင်းသံလည်း ဝေး၍သွားလေသည်။ မောင်တင်မျိုးဝင်းသည် မှိတ်ထားသောမျက်စိကို ဖွင့်ကြည့်လိုက်သည်။ ထူးဆန်းပေစွ။

ဦးတည်လာနေသော မုန်တိုင်းကြီးသည် သဘော်နှင့် မိုင်အနည်းငယ်ရောက်မှ သဘော်၏လက်ဝဲဘက်သို့ ကွေ့ထွက်သွားသည်။ တဖြည်းဖြည်းဝေး၍သွားသည်။ ပင်လယ်ပြင်လည်း လင်း၍လာလေသည်။

'အား–မစ္စတာမျိုးဝင်း၊ အန္တရာယ်ကင်းသွားပြီ၊ ဒါ ဗုဒ္ဓရဲ့တန်ခိုးပဲ'ဟု သဘော်အရာရှိသည် မောင်တင်မျိုးဝင်း၏ ပခုံးကိုကိုင်၍ အားရပါးရ ပြောချလိုက်လေသည်။

ထိုအခါမှစ၍ မောင်တင်မျိုးဝင်း၏အခန်းတွင်းရှိ ဘုရားစင်ရှေ့၌ စားပွဲကြီးကြီးချထားရလေသည်။ အဘယ်ကြောင့်ဆိုသော် သင်္ဘောအရာရှိများထံမှ ရသော မုန့်များ ပန်းများသာမက သင်္ဘောသားများထံမှရသော ပန်း မုန့်မျိုးစုံတို့ကိုပါ တင်လှူထားရသောကြောင့်ပင်။

မောင်တင်မျိုးဝင်းအား စာရေးသူရေးပေးလိုက်သော ဘုရားရှိခိုးကား အောက်ပါအတိုင်း ရိုးရိုးကလေးပင်ဖြစ်ပါသည်။

သင်္ဘောသားဘုရားရှိခိုး

အစိန္တေယျ အစိန္တေယျ အပ္ပမေယျ အပ္ပမေယျ ကျေးဇူးတော်အစုံ ဂုဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ စကြဝဠာကမ္ဘာမြေမိုး ဖြန်းဖြန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရား။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

သဗ္ဗညုတဉာဏ်ရှင်ဖြစ်တော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။ လူနတ်ဗြဟ္မာ သတ္တဝါတို့၏ တစ်ဆယ့်တစ်ပါး သောမီးတို့ကို ငြိမ်းစေတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊
ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

ဣတိပိသော ဘဂဝါ အရဟံ, သမ္မာသမ္ဗုဒ္ဓေါ, ဝိဇ္ဇာစရဏသမ္ပန္နော,သုဂတော,လောကဝိဒူ,အနုတ္တရော ပုရိသဒမ္မသာရထိ, သတ္ထာ ဒေဝမနုဿာနံ, ဗုဒ္ဓေါ, ဘဂဝါ တိ-ဣမေဟိ ဂုဏေဟိ သမ္ပန္နံ ဗုဒ္ဓံ ဝန္ဒာမိ။

သွာက္ခာတော ဘဂဝတာ ဓမ္မော, သန္ဒိဋ္ဌိကော, အကာလိကော, ဧဟိပဿိကော, ဩပနေယျိကော. ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟီတိ-ဣမေဟိ ဂုဏေဟိ သမ္ပန္နံ ဓမ္မံ ဝန္ဒာမိ။

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော, ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော, ပါဟုနေယျော, ဒက္ခိဏေယျော, အဉ္ဇလိကရဏီယော, အနုတ္တရံ ပုညက္ခေတ္တံ လောကဿာတိ-ဣမေဟိ ဂုဏေဟိ သမ္မန္နံ သံဃံ ဝန္ဒာမိ။

❋

[၄]

# ကာလသုံးပါးဘုရားရှိခိုး

ယေ စ ဗုဒ္ဓါ အတီတာစ၊
ယေ စ ဗုဒ္ဓါ အနာဂတာ။
ပစ္စုပ္ပန္နာ စ ယေ ဗုဒ္ဓါ၊
အဟံ ဝန္ဒာမိ သဗ္ဗဒါ။

အတီတာ=အတိတ်ကာလ ပွင့်ကြသီးသီး လွန်လေပြီးကုန်သော။ ယေ စ ဗုဒ္ဓါ=သဗ္ဗညုတ ဉာဏသခင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်လည်းကောင်း။ အနာဂတာ=ဆုပန်ရှယ်သ ဗျာဒိတ်ရ၍ ပွင့်တော်မူလတ္တံ့ဖြစ်ကြကုန်သော။ ယေ စ ဗုဒ္ဓါ=သဗ္ဗညုတ ဉာဏသခင် အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်လည်းကောင်း။ ပစ္စုပ္ပန္နာ=ဗောဓိညောင်ရှင် အောင်ပလ္လင်၌ မှောင်ခွင်ပယ်ချ အလင်းရ၍ ပွင့်ကြဆဲဖြစ်တော်မူကြကုန်သော။ ယေ စ ဗုဒ္ဓါ=သဗ္ဗညုတ ဉာဏသခင် အကြင်ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့သည်လည်းကောင်း။ သန္တိ=ထင်ရှားရှိတော်မူကြ



ကုန်၏။ တေ ဗုဒ္ဓေ=ထိုအတိတ် အနာဂတ် ပစ္စုပ္ပန် သုံးတန်ကာလ ပွင့်ကြသီးသီး ထိုဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့ကို။ အဟံ=သံသာရာဝဋ် မလွတ်မပြုတ် ဒုက္ခဝဲတွင် ကျင်လည်၍နေရပါသော ဘုရားတပည့်တော်သည်။ သဗ္ဗဒါ=နေ့ရောညဉ့်ပါ အခါခပ်သိမ်း။ ဝန္ဒာမိ=ဂုဏ်တော်အနန္တ မှန်းဆကြည်ညို ရှိသေမြတ်နိုး ရှိခိုးကန်တော့ပါအရှင်ဘုရား။

## အဘိဓဇ စံကင်းဆရာတော်ကြီး ဩဝါဒ

ဤဘုရားရှိခိုးကလေးကို ငယ်စဉ်ကပင် ရသည်။ ရသည့်အတိုင်းလည်း နေ့စဉ်ပင် အခြားဘုရားရှိခိုးများနှင့် အတူထည့်၍ ရှိခိုးလေ့ရှိပါသည်။ ထိုသို့ရှိခိုး နေရာမှ စံကင်းဆရာတော်ကြီး၏ဩဝါဒမဏ္ဍကထာစာအုပ်တွင် ယင်းဘုရားရှိခိုးဂါထာအပါအဝင် အန္တရာယ်ကင်းဂါထာများကို ကျောင်းသူကျောင်းသားများအား ပေးတော်မူလေ့ရှိကြောင်း၊ ပေးတော်မူရာ၌ 'တို့ငယ်စဉ်က ဒီဂါထာရွတ်လျှင် တစ္ဆေမခြောက်နိုင်ဘူး၊ ရွတ်ကြလို့ ငယ်စဉ်က ဆရာတော်ပေး၍ ရွတ်ခဲ့သည်။ အကျိုးကြီးမှန်း မသိခဲ့။ နောက်ကြီးလာမှ ဒီဂါထာရဲ့အကျိုးအာနိသင်တွေ သိသိလာရတယ်။ သိပ်တန်ခိုးကြီးတဲ့ ဂါထာကွယ့်၊ ရွတ်ကြရွတ်ကြ' ဟု မိန့်တော်မူလေ့ရှိ

ကြောင်း ဖတ်ရ၏။ ထို့ကြောင့် ထိုဂါထာကို ပို၍ စိတ်ဝင်စားလာမိတော့သည်။

ဂါထာကို စိတ်ဝင်စားသည်နှင့်အမျှ ဂါထာ၏ အဓိပ္ပါယ်ကို မကြာမကြာစဉ်းစားမိသည်။ (၁)အတိတ်ကာလက ပွင့်တော်မူခဲ့သော မြတ်စွာဘုရားကိုရှိခိုးပါ၏။ (၂)အနာဂတ်ပစ္စုပ္ပန်ကာလ၌ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားကိုလည်းရှိခိုးပါ၏။ (၃) ပစ္စုပ္ပန်ကာလ (ယခုမျက်မှောက်)၌ပွင့်တော်မူဆဲဖြစ်ကုန်သော ဘုရားကိုလည်း ရှိခိုးပါ၏ဟု အတိတ် အနာဂတ် ပစ္စုပ္ပန် ဘုရားသုံးမျိုးပါဝင်သည်ကို သတိပြုမိပါသည်။

အတိတ်ကာလဘုရား

အတိတ်အခါက ပွင့်တော်မူပြီးသော ဘုရားပေါင်းများစွာရှိပါ၏။ သမ္ဗုဒ္ဓေဘုရားရှိခိုး၏ ပထမဂါထာအရ နှစ်ကျိပ်ရှစ်ဆူကုန်သော မြတ်စွာဘုရားများနှင့် ငါးသိန်းကျော်သော ဘုရားရှင်တော်များပါဝင်ကြပြီး၊ ဂင်္ဂါဝါဠုသဲစုမကပွင့်တော်မူကြသော မြတ်စွာဘုရားများလည်း ပါဝင်တော်မူကြ၏။ ထိုအတိတ်က မြတ်စွာဘုရားများမှာ လူ့လောကတွင် မုချပွင့်တော်မူခဲ့ကြပြီးဖြစ်၍ ထင်ရှားရှိတော်မူခဲ့သည်မှာ သေချာလှပါသည်။ ထို့ကြောင့် ထိုပွင့်တော်မူပြီးသော အတိတ်ဘုရားရှင်အသီးသီးအား

ရည်မှန်းပြီးရှိခိုးရသည်မှာ လွန်စွာမှ အာရုံပြု၍ ကောင်းလှပါသည်။ ကြည်နူးမှုအတိလည်းဖြစ်ပွားရသည်။ ရွတ်ဆိုနေကျ သမ္ဗုဒ္ဓေ ဘုရားရှိခိုးအန္တရာယ်ကင်းဂါထာတော်နှင့်လည်း နီးနှောမိ၍နေသဖြင့် လွန်စွာပီတိဖြစ်ရပါ၏။

**အနာဂတ်ကာလဘုရား**

ထို့နောက် 'ယေ စ ဗုဒ္ဓါအနာဂတာ'အရ အနာဂတ် (မရောက်သေးသောကမ္ဘာပေါင်းများစွာ)ကာလ၌ ပွင့်တော်မူလတ္တံ့သော မြတ်စွာဘုရားများလည်း များစွာပင်ရှိကြလိမ့်မည်ဆိုသည်ကား ယုံမှားဖွယ်မရှိပါ။ သံသရာရှည်သမျှ နောင်ပွင့်လတ္တံ့သောဘုရားများလည်း လွန်စွာမှ များပေဦးမည်။ သို့သော် ယင်းဘုရားတို့ကား မပွင့်သေးပါ။ ဘုရားအဖြစ်သို့မရောက်ကြသေးပါ။ ဘုရားလောင်းဘဝမှာပင် ရှိနေကြပေလိမ့်မည်။

ဘုရားလောင်းဆိုသော်လည်း နိယတဗျာဒိတ်ရပြီးသည့် ဘုရားလောင်းများ အနည်းအပါးပါကောင်းပါမည်။ နိယတဗျာဒိတ်မရသေးသော ဘုရားလောင်းသာများပေလိမ့်မည်။

စာရေးသူတို့ ထေရဝါဒဗုဒ္ဓဘာသာဝင်တို့ကား ဘုရားဆုပန်သူများလှမည် မဟုတ်၊ ပစ္စေကဗောဓိဆု၊ သာဝကဗောဓိဆု ပန်သူသာ များပေလိမ့်မည်။ ၎င်းတို့

ကား သမ္မာသမ္ဗုဒ္ဓဆုမှတစ်ပါး အခြားဆုကို တောင်းကြသူများ မဟုတ်ကြပေ။

မပွင့်သေးသောဘုရားကို ပူဇော်ရန်သင့်,မသင့်

ဤတွင် စာရေးသူ အစဉ်ပင် သံသယဝင်နေမိသည်မှာ ထိုမပွင့်သေးသော တစ်နည်း ပွင့်လတ္တံ့သော မြတ်စွာဘုရားတို့အား မပွင့်သေးဘဲ မရှိသေးဘဲနှင့် ရည်မှန်း၍ ရှိခိုးနေခြင်းသည် မှန်မှမှန်ပါမည်လားဟူသောအချက်ပင်ဖြစ်၏။ ဘုရားရှိခိုးဂါထာကိုသာ ရွတ်ဆိုနေရ၏။ ရွတ်တိုင်းပင် စိတ်က သံသယဖြစ်နေ၍ စာရှာကြည့် ဦးမည်ဟုသာ ကြံစည်နေမိသည်။ ရှာချိန် မရ၊ ဘယ်မှာရှာရမည်လည်းမသိဖြစ်နေစဉ် ပါရမီခန်းလင်္ကာက ထိုသံသယကို ဖြေပေ၏။

'တရာမကာ၊ စံစံလှလျက်၊ ပုံချခတ်နှိပ်၊
ရွှေတံဆိပ်သို့၊ ဦးထိပ်အဖျား၊ ရပ်တန့်နားပြီး၊
ဘုန်းကြီးကြင့်နန်း၊ ရှစ်ဆုပ်ပန်းဖြင့်၊ ကြံဖျန်း
လကျာ၊ လှည့်ခဲ့ပါ၍...နှစ်သက်ငါ့ကို၊ ကြည်
ညိုရှိခိုး၊ ပူဇော်လတည်း။(ပါရမီတော်ခန်းပျို့၊
ပိုဒ်ရေ–၂၁)

ဒီပင်္ကရာမြတ်စွာဘုရားသည် သုမေဓာရှင်ရသေ့အား ဘုရားဖြစ်လတ္တံ့ဟု ဗျာဒိတ်ပေးပြီးနောက် ပန်းရှစ်

ဆုပ်ဖြင့် ကြဲဖျန်း၍ လက်ျာရစ်လှည့်ကာ ပူဇော်သွားသဖြင့် နောက်ပါရဟန္တာများကလည်း နည်းတူ လက်ျာရစ်လှည့်ကာ ပူဇော်သွားကြကြောင်း ပါဠိမိ ခန်းလင်္ကာက ဆိုပေသည်။ ဤသည်မှာလည်း အရှင်မဟာသီလဝံသသည် အလွယ်စိတ်ထင်ဖြင့် ဆိုသည်မဟုတ်၊ 'ဒီပင်္ကရာ ဒသဗလော ဗောဓိသတ္တံ မဟာသတ္တံ ပသံသိတွာအဋ္ဌဟိ ပုပ္ဖမုဋ္ဌီဟိ ပူဇေတွာ ပဒက္ခိဏံ ကတွာ ပက္ကမိ' ဟူသော ဗုဒ္ဓဝင် အဋ္ဌကထာစကားကိုယူ၍ ဆိုခြင်းဖြစ်သဖြင့် စာရေးသူ၏ သံသယသည်လည်း ကြေပျက်သွားလေသည်။

## ပစ္စုပ္ပန်မှာတစ်ဆူတည်းသာ

ဘုရားရှိခိုးဂါထာ၏နောက်အပိုဒ် 'ပစ္စုပ္ပန္နာစ ယေဗုဒ္ဓါ'၌လည်း 'ပစ္စုပ္ပန္နာ=ဗောဓိညောင်ရင် အောင်ပလ္လင်၌ မှောင်ခွင်းပယ်ချ အလင်းရ၍ ပွင့်ကြဆဲဖြစ်တော်မူကြကုန်သော။ ယေစဗုဒ္ဓါ=အကြင်ဘုရားရှင် ကိုယ်တော်မြတ်ကြီးတို့သည်လည်းကောင်း'ဟူ၍ဆိုပေရာ ပစ္စုပ္ပန်မြတ်စွာဘုရားဟူ၍ အကျွန်ုပ်တို့ ဂေါတမမြတ်စွာဘုရားတစ်ဆူတည်းသာရှိပေသည်။ ဂါထာ အနက်မှာလည်း ဗောဓိညောင်ဟူ၍ ညောင်ပင်ဗောဓိ၌ ပွင့်တော်မူသည်ကို အထူးပြုဖော်ပြထားသဖြင့် ဂေါတမမြတ်စွာ

ဘုရားသည်သာ ပစ္စုပ္ပန်မြတ်စွာဘုရားဖြစ်ကြောင်း ထင်ရှားပေသည်။ မြတ်စွာဘုရားမှာ ပရိနိဗ္ဗာန်ဝင်စံတော်မူသွားပြီဖြစ်သော်လည်း မြတ်စွာဘုရား၏ သာသနာတော်တည်ရှိနေဆဲဖြစ်၍ ပစ္စုပ္ပန်မြတ်စွာဘုရား ဟူ၍ဆိုရပါသည်။

ဂါရဝဗဟုဝုစ်

တစ်ဆူတည်းသာရှိသော်လည်း 'ဘုရားရှင်ကိုယ်တော်မြတ်ကြီးတို့'ဟူ၍ ဗဟုဝုစ်အများ ဆိုထားလေသည်။ သို့သော် မြန်မာစကားအနေအထားဖြင့် ရုတ်တရက် သံသယဖြစ်ပွားမိခြင်းဖြစ်ပါ၏။ ပါဠိဘာသာ၌ဂါရဝပြုရမည့် ပါဠိပုဒ်များကို ဗဟုဝုစ်ထားရစမြဲ ဖြစ်သည်ကို စဉ်းစားမိလျှင် ယင်းသံသယမှာလည်း ပျောက်ကွယ်ရပါသည်။

မြန်မာစကားမှာပင် အဖေအမေတစ်ဦးတည်း ဖြစ်လင့်ကစား အမေတို့အဖေတို့ဟု အသုံးပြုမြဲဖြစ်ပါသည်။ ပါဠိထုံးစံကား အလေးပြုအပ်ရာ ရတနာသုံးပါး မိဘဆရာသမားကြီးမြင့်သူများအား တစ်ဦးတည်းပင်ဖြစ်စေကာမူ 'တို့'ဟူ၍ဗဟုဝုစ်ထားရမြဲဖြစ်ပါသည်။ ထို့ကြောင့် ဂေါတမမြတ်စွာဘုရားတည်းဟူသော ပစ္စုပ္ပန်ဘုရားတစ်ဆူ

တည်းကိုပင် 'ပစ္စုပ္ပန္နဉ္စ ယေ ဗုဒ္ဓါ'ဟု ဗဟုဝုစ်ဖြင့် ဆိုရခြင်း ဖြစ်ပါသည်။

## ယုံကြည်စိတ်ချပူဇော်ကြ

ထို့နောက်တွင်ကား စာရေးသူသည် ဤအတိတ် အနာဂတ်ပစ္စုပ္ပန်ကာလသုံးပါးဘုရားရှိခိုးကို သံသယ ကင်းစွာ အခါခပ်သိမ်း ရွတ်ဆိုမြဲရှိခိုမြဲဖြစ်ပါသည်။ ထိုအခါ စံကင်းဆရာတော်ဘုရားကြီး မိန့်တော်မူသော အကျိုးအာနိသင်ဆိုသည်တို့မှာလည်း အခါခပ်သိမ်း ဖြစ်ပွား၍နေသည်ဟု ခံယူမိပါသည်။

အတိတ်,အနာဂတ်,ပစ္စုပ္ပန်ဘုရားများကို အမြဲ ရှိခိုးနေလျှင် အတိတ်, အနာဂတ်, ပစ္စုပ္ပန်၌ ဖြစ်ပြီး ဖြစ်လတ္တံ့နှင့်ဖြစ်ဆဲ ဘေးအန္တရာယ်တို့ကင်းငြိမ်း၍ အခါခပ်သိမ်း မင်္ဂလာတရားများ တိုးပွားနေမည်မဟုတ် ပါလော။

❋



[၅]

# အစိန္တေယျဂုဏ်တော်များ

'ရူပါရူပ၊ ယင်းက,စ၍၊ ဇယတြိန်း၊ တွက်ကိန်းခန်းဖွဲ့၊ တစ်ဆယ့်နှစ်ပါး၊ ထင်ရှားကျော်ရှိန်၊ အစိန္တေယျ၊ ဂုဏ်ခန္ဓဖြင့်၊ ပြည့်ထဖြိုးကယ်၊ တို့ဘုန်းကြွယ်ကား...'

(ကဝိမဏ္ဍနမေဒနီ၊ ၁၅၆။)

မိတ်ဆွေတစ်ဦးက အစိန္တေယျလေးပါးဘုရား ရှိခိုးရေးသားပေးပါဆိုသဖြင့် မိမိငယ်စဉ်ကပင်ရထား ၍ နေ့စဉ်ရွတ်ဆိုနေကျအတိုင်း ဝါစာအစိန္တေယျမှစပြီး ရူပါအစိန္တေယျ၊ ဉာဏအစိန္တေယျနှင့် လဒ္ဓိအစိန္တေယျတို့ကို ရေးသားသည်။ ရေးသားနေစဉ်တွင်ပင် ထိုဂါထာတို့၏ မူလအစမှာ အတုလဆရာတော် ခင်ကြီးပျော်၏ သုတဝန္တနာဘုရားရှိခိုးဖြစ်သည်ဟု သတိရမိပြီး သုတဝန္တနာဘုရားရှိခိုးစာအုပ်ကလေးကို ရှာဖွေ၍ လှန်လှောကြည့်ရှုမိသည်။

## သုတဝဏ္ဏနာမှု

သုတဝဏ္ဏနာတွင် ရူပအစိတ္တေ ယျမှစ၍ ဒုတိယက္ကဒ္ဒိ အစိတ္တေ ယျ၊ တတိယဝါစာအစိတ္တေ ယျနှင့် နောက်ဆုံး ဉာဏအစိတ္တေ ယျကို ပြလေသည်။ မိမိရထားသည်နှင့် အစဉ်မတူဘဲရှိနေသည်။

ဤစာအစတွင်ဖော်ပြပါရှိသော ‘ရူပါရူပ၊ ယင်းက, စသည်’စသည့်လင်္ကာကလေးမှာ ကဝိမဏ္ဍနမေဒနီ ကျမ်း၊ အဋ္ဌဇယခန်းတွင် ဆီးဘန်နီဆရာတော်ရေးသား ခဲ့သော လင်္ကာဖြစ်၍ ဖော်ပြပါ သုတဝဏ္ဏနာနှင့် အစ အတူတူပင်ဖြစ်သည်။ နောက် အစိတ္တေ ယျများကို ကဝိမဏ္ဍနမေဒနီလင်္ကာက ဆက်၍ မပြသဖြင့် အစိတ္တေ ယျလေးပါးအစဉ် တူ,မတူကား မသိရပေ။

## ကင်းဝန်မင်းကြီးမှု

ကင်းဝန်မင်းကြီးရေးသားသော မဟာဗောဓိ နိဒါန်းတွင်မူ–

‘ရုပ်,စကား,ဉာဏ်၊ တန်ခိုးမွန်ဟု၊ ကဲလွန် လှဘိ၊ အစဉ်ရှိသား၊ ပကတိလေးဝ၊ ဝိလာသ လေးထွေ၊ အစိတ္တေ ယျလေးချက်၊ ယင်းအနက် တွင်၊ တစ်ချက်ချက် စရင်းထွက်နှိုက်၊ နှုတ် မြွက်ပြောဟော၊ အံ့သြချီးမွမ်းအပ်သော အရာ

ကို လွှန်သည်တဖြာ၊ ဉပမာသိုင်းဝိုင်း၍ နှိုင်းခိုင်းရှုန်းဆောင်အပ်သောအရာကို လွှန်သည်တတန်၊ ဉာဏ်ဖြင့် နှိုက်နဲ့ ခွဲခြမ်းထင်ထင် သိမြင်အပ်သောအရာကို လွှန်သည် တဆင့်၊ စိတ်ဖြင့်စဉ်းစား ပိုင်းခြားကြံစည်အပ်သော အရာကိုလွှန်သည်တထွေ၊ အစိန္တေယျ၊ အဋ္ဌ စာလီ–' (ကင်းဝန်မင်းကြီး၏ကဗျာစု၊ စာ–၁၁၉။)

ဟုဖော်ပြထားရာ ယင်းအလို ရူပအစိန္တေယျ၊ ဝါစာအစိန္တေယျ၊ ဉာဏအစိန္တေယျနှင့် ဣဒ္ဓိအစိန္တေယျဟု စဉ်ထားပေသည်။ သုတဝန္ဒနာအစဉ်နှင့် မတူပြန်ချေ။

**မူလအစိန္တေယျလေးပါး**

သို့သော် အစဉ်တူသည်ဖြစ်စေ မတူသည်ဖြစ်စေ အစိန္တေယျလေးပါးသည် အစိန္တေယျလေးပါးပင်ဖြစ်သဖြင့် ရူပအစိန္တေယျ၊ ဝါစာအစိန္တေယျ၊ ဉာဏအစိန္တေယျနှင့် ဣဒ္ဓိအစိန္တေယျဟု မကြံစည်အပ် မကြံစည်နိုင်သော အဆင်းတော် စကားတော် ဉာဏ်တော်နှင့် တန်ခိုးတော်တို့၏အရှင် အစိန္တေယျလောကထွတ်ထား ဘုရားသခင်အား ကြည်လင်ဝန္ဒနာ ရှိခိုးခြင်းသာဖြစ်ရာ မိမိစတင်လိုရာအစိန္တေယျဂုဏ်တော်ကစတင်၍ ရှိခိုးနိုင်ပေသည်။ ရှိခိုးခြင်းသာ ပဓာနဖြစ်ပေသည်။

ဤသို့ အစိန္တေယျလေးပါးဘုရားရှိခိုးကို ရှိခိုးကြရာ၌ ကိုးကားဖော်ပြရာ လက်ာလေးနှစ်ပုဒ်လာ အဓိပ္ပာယ်တို့ကို ကျယ်ကျယ်ပြန့်ပြန့်သိထားကြလျှင် ပို၍ကြည်ညိုဖွယ်ဖြစ်ပြီး အစိန္တေယျပေါင်းများစွာ တိုးပွားလာသဖြင့် သဒ္ဒါတရား များသထက်များလာနိုင်၍ ယင်းအဓိပ္ပါယ်ကို ဖော်ပြပါဦးမည်။ ဤဆောင်းပါးအဆုံးသတ်တွင် ဖော်ပြမည့် အစိန္တေယျလေးပါး အနက်များနှင့် ညှိနှိုင်း၍ အဓိပ္ပါယ်ဖော်ကာ ကျက်မှတ်ကြပါရန် တိုက်တွန်းလိုပါသည်။

**အစိန္တေယျတစ်ဆယ့်နှစ်ပါး**

ဆီးဘန်နီဆရာတော်ဘုရားကြီးက 'ရူပါရူပ၊ ယင်းကစ၍၊ ဇယတြိန်း၊ တွက်ကိန်းခန်းဖွဲ့၊ တစ်ဆယ့်နှစ်ပါး'ဟု အစိန္တေယျလေးပါးကို အကျယ်ချဲ့လျှင် တစ်ဆယ့်နှစ်ပါးဖြစ်ကြောင်းဆိုလေသည်။ အစိန္တေယျတစ်ပါးပါးတွင် သုံးမျိုးပြားကြောင်း 'ဇယတြိန်း=လေးသုံးလီတစ်ဆယ့်နှစ်'ဟု ဆိုပါ၏။

ပုံစံမှာ ရူပါ အစိန္တေယျတွင် 'ရူပါရူပဝိလာသဂ္ဂ– ရူပါ စိန္တေယျ သံယုတ္တံ=ပကတိသောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မကြံစည်နိုင်သောအဆင်းနှင့် ကောင်းစွာ ယှဉ်တော်မူထသော'ဟုဆိုသဖြင့်–

၁။ ပကတိအဆင်းတော်ဓာတ်

၂။ အလွန်တင့်တယ်ကြည်ညိုဖွယ်သောအဆင်း တော်ဓာတ်

၃။ လူနတ်ဗြဟ္မာသတ္တဝါတို့ မကြဲစည်နိုင်သော အဆင်းတော်ဓာတ်

ဟူ၍ သုံးမျိုးပြားလေသည်။

ထို့အတူ စကားတော်မှာလည်း ပကတိစကား တော်စသည်ဖြင့် သုံးမျိုး၊ ဉာဏ်တော်မှာလည်းသုံးမျိုးနှင့် တန်ခိုးတော်မှာလည်း သုံးမျိုးရှိ၍ အစိန္တေယျလေးပါး၌ လေးသုံးလီ တစ်ဆယ့်နှစ်ဖြစ်လေသည်။ ထို့ကြောင့် 'ဇယတြိန်း၊ တွက်ကိန်း ခန်းဖွဲ့၊ တစ်ဆယ့်နှစ်ပါး၊ ထင်ရှားကျော်ရှိန်၊အစိန္တေယျ'ဟုဆိုပေသည်။အစိန္တေယျ ဘုရားရှိခိုးကို ရွတ်ဆိုရင်း အစိန္တေယျဂုဏ်တော် တစ်ဆယ့်နှစ်ပါးကိုပါ ပွားများကြည်ညိုကြရန်ပင်ဖြစ်၏။

## အစိန္တေယျလေးဆယ့်ရှစ်ပါး

တစ်ဖန် ကင်းဝန်မင်းကြီးက ဖော်ပြပါ တစ်ဆယ့် နှစ်ပါးတွင်'ရုပ်,စကား,ဉာဏ်၊တန်ခိုးမှန်'စသော လင်္ကာ ဖြင့် တစ်ပါးတစ်ပါး၌ လေးပါးစီပွား၍ပြလိုက်ပြန်သည်။

မင်းကြီး၏ပွားပြပုံမှာ ဖော်ပြပါအစိန္တေယျလေးပါး

ကို ပွားထားသော အစိန္တေယျတစ်ဆယ့်နှစ်ပါးတွင် တစ်ပါးတစ်ပါး၌လည်း

၁။ နှုတ်မြွက်ပြောဟောအံ့သြချီးမွမ်းအပ်သော အရာကိုလွန်သည် တစ်ဖြာ=ဝစနာတိက္ကန္တ ဂုဏ်

၂။ ဥပမာသိုင်းဝိုင်း၍ ခိုင်းနှိုင်းနှုန်းဆောင်အပ် သောအရာကို လွန်သည်တစ်တန်=ဥပမာ တိက္ကန္တ ဂုဏ်

၃။ ဉာဏ်ဖြင့် နှိုက်နဲ၍ ခွဲခြမ်းထင်ထင် သိမြင် အပ်သော အရာကိုလွန်သည်တစ်ဆင့်= ဉာဏာတိက္ကန္တ ဂုဏ်

၄။ စိတ်ဖြင့်စဉ်းစား ပိုင်းခြားကြံစည်အပ်သော အရာကိုလွန်သည်တစ်ထွေ=စိန္တာတိက္ကန္တ ဂုဏ်

ဟု ဂုဏ်တော်လေးပါးစီးပွားပြန်သဖြင့် (၁၂+၄ လီ= ၄၈)လေးဆယ့်ရှစ်ပါး ပွားများ၍သွားလေသည်။

ထို့ကြောင့် အစိန္တေယျလေးပါး ဘုရားရှိခိုးမှာ တစ်ထိုင်တည်းဖြင့် ဘုရားရှင်၏အစိန္တေယျဂုဏ်တော် လေးဆယ့်ရှစ်ပါးကို အားရပါးရရှိခိုးရခြင်းကြောင့် အလွန် တရာမှ ထူးမြတ်လှပေတော့သည်။

## အစိန္တေယျလေးပါးဘုရားရှိခိုး

ဘုရားရှင်၏ လူနတ်ဗြဟ္မာသတ္တဝါတို့ မကြံစည်နိုင် မအံ့သြနိုင် ပြည့်လိုင်ထွေပြား များပြားကျယ်ဝန်းသော ဂုဏ်တော် ကျေးဇူးတော်များကို ရှိခိုးရခြင်းဖြစ်သဖြင့် ရှိခိုးရသူအဖို့လည်း ဆုတောင်းတွင် ဆက်တွဲပါရှိသည့် အတိုင်း ခေတ်သူခေတ်သား သတ္တဝါအများတို့၏ မကြံစည်နိုင်သောအဆင်း,အသံ,ကံ,ဉာဏ်,တန်ခိုးအမျိုးမျိုး တို့ကို ရရှိနိုင်မည်မှာ ယုံမှားဖွယ်မရှိပါပေ။

ထို့ကြောင့် အောက်တွင်ဖော်ပြပါရှိသောအစိန္တေယျ လေးပါးဘုရားရှိခိုးကို ကျက်မှတ်၍ ဖော်ပြအပ်သော အဓိပ္ပါယ်တို့ကို စဉ်းစားအောက်မေ့ကာ နေ့ညမပြတ် ရှိခိုးကြရန် တိုက်တွန်းအပ်ပါသည်။

၁။ ရူပါရူပ ဝိလာသဂ္ဂ

ရူပါစိန္တေယျ သံယုတ္တံ။

ဝန္ဒေသာရဂုဏောပေတံ၊

တေနမှာ တုလရူပဝါ။

ရူပါရူပ ဝိလာသဂ္ဂ=ရူပစိန္တေယျ သံယုတ္တံ= ပကတိသောအဆင်း၊ အလွန်တင့်တယ်သောအဆင်း၊ မကြံစည်နိုင်သောအဆင်းနှင့် ကောင်းစွာယှဉ်တော်

မူထသော။ သာရဂုဏောပေတံ=ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ=အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ=ရှိခိုးပါ၏။ တေန=ထိုသို့ရှိခိုးရသောကောင်းမှုကြောင့်။ အတုလရူပဝါ=အတုမရှိသောအဆင်းနှင့်ပြည့်စုံသည်။ အမှိ=ဖြစ်ရပါလို၏။[မှတ်ချက်။ ။တေနမှာ–ကို တေနံမှာ–ဟုဖတ်ပါ။]

၂။ ဝါစာဝါစာ ဝိလာသဂ္ဂ–
ဝါစာစိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရဂုဏောပေတံ၊
တေနမှာ တုလဝါစကော။

ဝါစာ ဝါစာ ဝိလာသဂ္ဂ–ဝါစာစိန္တေယျသံယုတ္တံ=ပကတိသောစကား၊ အလွန်တင့်တယ်သောစကား၊ မကြံစည်နိုင်သောစကားနှင့် ကောင်းစွာယှဉ်တော်မူထသော။ သာရဂုဏောပေတံ=ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ=အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ=ရှိခိုးပါ၏။ တေန=ထိုသို့ရှိခိုးရသောကောင်းမှုကြောင့်။ အတုလဝါစကော=အတုမရှိသောစကားနှင့်ပြည့်စုံသည်။ အမှိ=ဖြစ်ရပါလို၏။

၃။ ဉာဏာဉာဏဝိလာသဂ္ဂ–
ဉာဏစိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရဂုဏောပေတံ၊
တေနမှာ တုလဉာဏဝါ။

ဉာဏာဉာဏဝိလာသဂ္ဂ–ဉာဏစိန္တေယျသံယုတ္တံ= ပကတိသောဉာဏ်၊ အလွန်တင့်တယ်သောဉာဏ်၊ မကြံစည်နိုင်သောဉာဏ်နှင့် ကောင်းစွာယှဉ်တော်မူထသော။ သာရဂုဏောပေတံ=ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အဟံ=အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ=ရှိခိုးပါ၏။ တေန= ထိုသို့ ရှိခိုးရသောကောင်းမှုကြောင့်။ အတုလဉာဏဝါ– အတုမရှိသောဉာဏ်နှင့် ပြည့်စုံသည်။ အမှိ=ဖြစ်ရပါလို၏။

၄။ ဣဒ္ဓိဣဒ္ဓိ ဝိလာသဂ္ဂ–
ဣဒ္ဓိအစိန္တေယျ သံယုတ္တံ။
ဝန္ဒေသာရဂုဏောပေတံ၊
တေနမှာ တုလဣဒ္ဓိမာ။

ဣဒ္ဓိ ဣဒ္ဓိဝိလာသဂ္ဂ–ဣဒ္ဓိစိန္တေယျသံယုတ္တံ= ပကတိသောတန်ခိုး၊ အလွန်တင့်တယ်သောတန်ခိုး၊ မကြံစည်နိုင်သောတန်ခိုးနှင့် ကောင်းစွာယှဉ်တော်

မှုထသော။ သာရဂုဏောပေတံ=ကျေးဇူးတော်စစ် ဂုဏ်တော်နှစ်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို။ အပဟံ=အကျွန်ုပ်သည်။ ဝန္ဒေ–ဝန္ဒာမိ=ရှိခိုးပါ၏။ တေန=ထိုသို့ရှိခိုးရသောကောင်းမှုကြောင့်။ အတုလဣဒ္ဓိမာ=အတုမရှိသောတန်ခိုးနှင့်ပြည့်စုံသည်။ အမိ=ဖြစ်ရပါလို၏။

❋

[၆]

## ဤဂါထာသုံးပုဒ်

လောကီကျမ်းလာဂါထာမန္တန်တို့နှင့် ဥပုံခံ၍ ရွတ်ဆိုရသော ဂါထာမန္တရားတို့မှာ ဗုဒ္ဓသာသနာတော်ကြီးနှင့်မသက်ဆိုင်လှသဖြင့် ရွတ်ဆိုရန် အားမပေးမိသော်လည်း ရတနာသုံးပါးနှင့်စပ်သော ဂါထာတော်များကိုကား ရွတ်ဆိုရန် ပွားများရန် ပုတီးစိပ်ရန် အားပေးလေ့ရှိပါသည်။

ဂါထာဆိုသည်မှာ

ဤ၌ ဂါထာဟူသည်မှာ ဆန်းကျမ်းနှင့်အညီဖွဲ့ဆိုထားသော ဂါထာဗန္ဓပဒ္ဓအဖွဲ့မျိုးကို မဆိုလိုပါ။ ရတနာသုံးပါးနှင့်စပ်သော ပါဠိတော်လာ ရွတ်ဖတ်စရာ ဂုဏ်တော်နှင့် ဆိုင်ရာများကိုဆိုပါသည်။

ဥပမာအားဖြင့် 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' ဟူသည်မှာ ဂါထာမဟုတ်



ပါ။ သို့သော် ဘုရားဂုဏ်တော်များနှင့် တန်ဆာဆင်ထားသော ပါဠိတော်လာ ဘုရားရှိခိုးဖြစ်၍ ဤတွင် နမောတဿကို ဂါထာတော်ဟု ဆိုနိုင်ပါသည်။

ထို့အတူ 'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ' စသော သရဏဂုံပါဠိသည်လည်း အန္တရာယ်ကင်းဂါထာပင် ဖြစ်ပါ၏။ သမ္ဗုဒ္ဓေ၊ ဒိဝါတပတိ အာဒိစ္စောစသည်တို့ကား ဆန်းနှင့် အညီဖွဲ့ဆိုထားသောဂါထာများပင် ဖြစ်ပါ၏။

ဤဖော်ပြပါ နမောတဿ၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ စသော ပါဠိတော်တို့နှင့် သမ္ဗုဒ္ဓေ၊ ဒိဝါတပတိစသော ဂါထာများသည် ယခုခေတ် ရှေးခေတ် ခေတ်အဆက်ဆက်ကပင် ရွတ်ဆို၍ အန္တရာယ်ကင်းကြကြောင်း၊ လိုအပ်သော အကျိုးတရားများကို ရရှိကြကြောင်း ကိုယ်တွေ့တင်ပြချက်များကို ဖတ်ရှုရ၏။

ဤစာရေးသူ ကိုယ်တိုင်လည်း ယုံယုံကြည်ကြည် အစဉ်ရွတ်ဆိုပါသည်။ ကောင်းကျိုးချမ်းသာများရရှိကြောင်းကိုလည်း ကိုယ်တွေ့ကြုံရပါသည်။ မကြာခဏ ပါရှိခေတ်စားလှသော အဋ္ဌာနမေတံဂါထာကို ထိုဂါထာ၏ ကောင်းကျိုးရပုံတို့မှာလည်း ထင်ရှားလှသဖြင့် စာရေးသူကိုယ်တိုင် အသုံးပြုရုံမျှမက ရင်းနှီးသူများအား ရွတ်ဆိုခိုင်းလေ့ရှိပေသည်။

## ဝေဒဗွကျမ်းလာဂါထာ

တစ်ခါက စာရေးသူ၏တပည့်တစ်ဦးက စာအုပ်ငယ်ကလေးတစ်အုပ်ထုတ်ဝေရာ ယင်းစာအုပ်နှင့်ပတ်သက်၍ စာရေးသူအား နိဒါန်းအမှာစာရေးပေးရန် ပန်ကြားသဖြင့်ရေးရသည်။ စာအုပ်မှာ 'စူဠဝေဒဗွ သတ္တာမန္တန်တော်နှင့် မဟာဝေဒဗွမန္တန်တော်ကြီး' ဟူသော စာအုပ်ဖြစ်၏။

ရှေးဇာတ်တော်လာ ရတနာမိုးသွန်းဖြိုးရွာစေသော ဝေဒဗွမန္တန်အကြောင်းပင်ဖြစ်ပါ၏။ သို့သော် ယခု ဝေဒဗွကား ရှေးဇာတ်တော်ထွက် လောကီဝေဒဗွ မဟုတ်ပါ။ ရတနာသုံးပါးနှင့် စပ်၍ ဖွဲ့ဆိုထားသော ဝေဒဗွဂါထာများပင် ဖြစ်ပါ၏။

ထိုစာအုပ်ငယ်ကလေး ထွက်လာပြီးနောက် ထုတ်ဝေသူက စာရေးသူအား နိဒါန်းအမှာစာအတွက် စာအုပ် ၂၅–အုပ် လာရောက်ပေးသွားရာ၊ စာရေးသူကလည်း ရင်းနှီးရာဆက်စပ်ရာမိတ်ဆွေများအား စာအုပ်ကလေးများကို လက်ဆောင်ပြုရပါ၏။ ဆရာတော်များအားလည်း လှူဒါန်းရပါ၏။စာရေးသူလည်း စူဠဝေဒဗွနှင့် မဟာဝေဒဗွလာဂါထာအားလုံးကို ကျက်သော်လည်း မိမိနှစ်သက်ရာဂါထာများကို ရွေးချယ်ရွတ်ဆိုခဲ့ပါသည်။

## ဂါထာတောင်းလာသူ

တစ်နေ့တွင် မြန်မာပြည်အလယ်ပိုင်းမြို့တစ်မြို့က မိတ်ဆွေအမျိုးသမီးကြီးတစ်ဦးနှင့်တွေ့ဆုံရင်း စာအုပ်ငယ်တစ်အုပ် လက်ဆောင်ပေးရာ ထိုအမျိုးသမီးကြီးက စာအုပ်ကို လှန်ကြည့်ပြီး 'ဂါထာတွေအများကြီးပဲနော်၊ ကျက်လို့ တော်တော်နဲ့ရမှာမဟုတ်ဘူး၊ အဲဒီတော့ ကောင်းနိုးရာရာ နှစ်ဂါထာသုံးဂါထာ လောက် ကျက်ရအောင် ရွေးပေးပါ'ဟုဆို၏။ စာရေးသူက 'ဂါထာများကို မကျက်နိုင်သေးလည်း နေ့စဉ်စာအုပ်ကြည့်ပြီး ဖတ်ပေါ့'ဟု အကြံပေးပြီး လောလောဆယ်သုံးဂါထာကို ရွေးပေးလိုက်သည်။

## သစ္စာဂါထာ

စာအုပ်တွင် စူဠဝေဒဗ္ဗပိုင်းနှင့် မဟာဝေဒဗ္ဗပိုင်းဟူ၍ နှစ်ပိုင်းရှိရာ စူဠဝေဒဗ္ဗမှာ သစ္စာပြုမန္တန်ဖြစ်၍ မဟာဝေဒဗ္ဗမှာ ဆုတောင်းမန္တန်များဖြစ်ပါသည်။ စာရေးသူက ဆုတောင်းသည်ထက် သစ္စာပြုသည်ကို ပိုမိုနှစ်သက်၍ စူဠဝေဒဗ္ဗပိုင်းကို ညွှန်ပြပြီး ထိုအပိုင်းတွင်လည်း အပြစ်အကင်းဆုံးနှင့် အမှန်ကန်ဆုံးဂါထာကို ရွေးသည်။

စူဠဝေဒဗ္ဗလာဂါထာအမှတ် ၁၂၊ ၃ တို့တွင် နံပါတ်

(၁)ဂါထာမှာ မြတ်စွာဘုရားသည် မာရ်ငါးပါးကို အောင်မြင်၍ မြတ်သောဘုရားအဖြစ်သို့ရောက်သည်။ ဤမှန်သောသစ္စာကြောင့် ကျွန်ုပ်သည် အခါခပ်သိမ်း ချမ်းသာပါစေ၊ ကျွန်ုပ်၏အကြံအစည်တို့သည် အောင်မြင်ပါစေဟု သစ္စာဆို၏ဟု ဖွဲ့ဆိုထား၏။

ဂါထာအမှတ်(၂)တွင် ဘုရား တရား သံဃာတို့သည် လောက၌ အမြတ်ဆုံးဖြစ်ကုန်၏။ ဤမှန်သော သစ္စာကြောင့် ရှေးအတိုင်းဆို၏။

ထို့အတူ အမှတ်(၃)ဂါထာတွင်လည်း ဘုရား ပစ္စေကဗုဒ္ဓါရဟန္တာနှင့် အဂ္ဂသာဝကတို့သည် အလွန့်အလွန် သန္တိသုခအေးမြလှစွာသော နိဗ္ဗာန်ချမ်းသာကြီးကိုရရှိ၍ နေကြကုန်ပြီ။ ဤမှန်သော သစ္စာစကားကြောင့်ဟုစ၍ ရှေးအတိုင်းပင် ချမ်းသာကြောင်း၊ အကြံအစည်အောင်မြင်ကြောင်းကို သစ္စာဆိုထားပေသည်။

ဤသစ္စာဂါထာသုံးပုဒ်ကား မည်သည့်အခါမျှ မချွတ်ယွင်းနိုင်သော သစ္စာစကားများပင်ဖြစ်၏။ အခြားဂါထာ သစ္စဝါစာများလည်း ကောင်းပါသည်။ သို့သော် အကျွန်ုပ်သည် ဘုရားမှတစ်ပါး ကိုးကွယ်ရာမရှိပါ စသည်ဆိုလျှင် မိမိက နတ်တွေကိုကော မကိုးကွယ်ဘူးလား၊ ဂိုဏ်းဆရာများကိုလည်း အား

မထားဘူးလားဟု စိစစ်ဖွယ်ရှိကောင်းရှိနေပါဦးမည်။ မှန်သောသစ္စာဖြစ်ချင်မှဖြစ်ပါမည်။

ထိုသို့တွေးဆဆင်ခြင်ကာ လွယ်လွယ်ကူကူ သုံးဂါထာလောက်သာ ကျက်နိုင်ရွတ်နိုင်မည့် ထိုမိတ်ဆွေအမျိုးသမီးကြီးအား စူဠဝေဒဗ္ဗကဏ္ဍ၌ လာသောအစသုံးဂါထာကိုရွတ်ပါဟု အကြံပေး လိုက်ပြီး 'ရွတ်ပြီးရက်သတ္တတစ်ပတ်အတွင်း ထူးခြားချက် သို့မဟုတ် ၁၅–ရက်အတွင်း ထူးခြားချက် ရှိ,မရှိ မှတ်သားထားပါ၊ သတိပြုကြည့်ပါ'ဟု မှာလိုက်ပါသည်။

လက်တွေ့ဖြစ်ရပ်

မကြာပါ၊ ထိုအမျိုးသမီးကြီးထံမှ စာတစ်စောင်ရပါသည်။ မိမိအကြံပြု၍ ရွေးပေးလိုက်သော သုံးဂါထာကို စာအုပ်အညွှန်းတွင်ပါသည့်အတိုင်း ညအိပ်ရာဝင်တိုင်း ၂၇–ခေါက်တိတိ ရွတ်ဆိုရာ တစ်ပတ်အတွင်းမှာပင် သိသိသာသာ အကျိုးထူးကြောင်း ရေးသား ထားပေသည်။

မိမိအား ရန်လုပ်နေသူကိုယ်တိုင်က ခင်ခင်မင်မင်လာရောက်စကားပြောခြင်း၊ လိုအပ်သောအကူအညီကိုပေးခြင်း၊ ဆုံးပြီဟုယူဆထားရသော ကြွေးမြီများရလာခြင်း၊ ငွေကြေးအစုလိုက်အပြုံလိုက်ရရှိခြင်း၊ မထင်

မှတ်သောသူထံမှ မရည်မှန်းသောပစ္စည်းများရခြင်း နှင့် စားကောင်းသောက်ဖွယ်များ ပိုမိုရရှိသုံးဆောင်ရခြင်း တို့မှာ ဂါထာကိုစ၍ ရွတ်သည်မှ နေ့စဉ်ထူးထူးခြားခြား ကြုံတွေ့ရကြောင်း ပါရှိပါသည်။

ဝေဒဗ္ဗကျမ်းလာသစ္စာစကား

ရတနာသုံးပါးနှင့်စပ်သော မည်သည့်ဂါထာ ဖြစ်စေ ယုံကြည်မှုသဒ္ဓါရှေ့ထားပြီး ပွားများရွတ်ဆိုလျှင် အမှန်ပင် အကျိုးထူးလှပါသည်။ ထို့ကြောင့် စာဖတ် သူများလည်း ဤရှုဋ္ဌဝေဒဗ္ဗလာ ပထမသုံးဂါထာကို ယုံယုံကြည်ကြည်ဖြင့် ရွတ်ပွား၍ကြည့်စေလိုပါသည်။

၁။ ပဋ္ဌမာရေ ဓိတော နာထော၊
ပတ္တော သမ္ဗောဓိမုတ္တမံ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊
ဇယော မေ ဟောတု သဗ္ဗဒါ။

၂။ ဗုဒ္ဓေါ ဓမ္မောစ သံဃောစ၊
သေဋ္ဌော လောကတော သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

ဧတေန သစ္စဝဇ္ဇေန၊
ဇယော မေ ဟောတု သဗ္ဗဒါ။
၃။ ဗုဒ္ဓေါပစ္စေကဗုဒ္ဓါစ၊
အရဟာ အဂ္ဂသာဝကာ။
သုသုခံ ဝတ နိဗ္ဗာနံ၊
လဒ္ဓါ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန၊
သောတ္ထိ မေ ဟောတု သဗ္ဗဒါ။
ဧတေန သစ္စဝဇ္ဇေန၊
ဇယော မေ ဟောတု သဗ္ဗဒါ။

မြန်မာပြန်ဆိုချက်

၁။ မာရ်ငါးပါးတို့ကို အောင်မြင်တော်မူသော ဂေါတမရှင်တော်မြတ်ဘုရားသည် အတုမဲ့မြတ်လှစွာသော အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်တော် သို့ (ဝါ) ဘုရားအဖြစ်သို့ ရောက်တော်မူ၏။ ဤမှန်သော သစ္စာစကားကိုဆိုရခြင်းကြောင့် အကျွန်ုပ်အား အခါ ခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ။ ဤမှန်သောစကားကိုဆိုရခြင်းကြောင့် အကျွန်ုပ်၏အကြံအစည်တို့သည် အောင်မြင်သည်ဖြစ်ပါစေ။

၂။ မြတ်စွာဘုရားသည်လည်းကောင်း၊ တရားတော်သည်လည်းကောင်း၊ သံဃာတော်သည်လည်း

ကောင်း လောကသားတို့ထက် အခါခပ်သိမ်းချီးမွမ်း အပ်၍ မြင့်မြတ်တော်မူပါသည်။ ဤမှန်သောသစ္စာ စကားကိုဆိုရခြင်းကြောင့်...(ပ)...ဖြစ်ပါစေ။

၃။ မြတ်စွာဘုရားတို့သည်လည်းကောင်း၊ ပစ္စေက ဗုဒ္ဓါတို့သည်လည်းကောင်း၊ ရဟန္တာတို့သည်လည်း ကောင်း၊ အဂ္ဂသာဝက အရှင်မြတ်တို့သည်လည်းကောင်း စင်စစ် ချမ်းသာတကာတို့ထက် လွန်မြတ်သော နိဗ္ဗာန် တရားတော်မြတ်ကို ရတော်မူကုန်သည်ဖြစ်၍ ခန္ဓာ ဓာတ်သိမ်း အေးငြိမ်းနိဗ္ဗူ စံတော်မူကုန်ပြီ။ ဤမှန် သော သစ္စာစကားကို ဆိုရခြင်းကြောင့် အကျွန်ုပ်အား အခါခပ်သိမ်း ချမ်းသာခြင်းဖြစ်ပါစေ၊ ဤမှန်သောသစ္စာ စကားကိုဆိုရခြင်းကြောင့် အကျွန်ုပ်၏ အကြံအစည် ဟူသမျှတို့သည် အောင်မြင်သည် ဖြစ်ပါစေသတည်း။

**မှတ်ချက်**။ ။ပါဠိဂါထာတို့ကိုသာ ရွတ်ဆိုရန်ဖြစ်ပါသည်။ မြန်မာပြန်ကို ရွတ်နေစဉ် အဓိပ္ပါယ်သိရှိနေ အောင် ဖတ်ထားဖို့သာ လိုအပ်ပါသည်။

❋

[၇]

## စက်ကြီးတစ်ဆယ့်သုံးပါးဘုရားရှိခိုး

ကြောင်း–တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်၊
တစ်ဆယ့်လေးချက်ဓမ္မစက်၊
တစ်ဆယ့်ရှစ်ချက်သံဃာ့စက်၊
လရောင်ဝင်းလျက် ရှင်ရင်းပစ္စေကဗုဒ္ဓါ ရဟန္တာစက်...။

စာရေးသူအား မကြာခဏမေး၍ မကြာခဏ ဖြေကြားနေရသော ပြဿနာကား စက်ကြီးတစ်ဆယ့်သုံးပါးဘုရားရှိခိုးလာ အထက်ဖော်ပြပါအချက်များဖြစ်ပါသည်။

### စတင်ပေါ်ပေါက်သောအချိန်

ဤ စက်ကြီးတစ်ဆယ့်သုံးပါး ဘုရားရှိခိုးမှာ မည်သည့်ခေတ်က မည်သည့်ဆရာ စတင်စီရင်ခဲ့သည် မသိ၊ အတော်ရှေးကျသောကာလကပင် ထင်ရှားခဲ့ဟန်တူပါသည်။ စာရေးသူတို့၏ အဘိုးအဘွားများလည်း ရွတ်ဆိုခဲ့ကြသည်ကို ကြားရဖူးသည်။ မိဘများ ရွတ်ဆို ဘုရားရှိခိုးခဲ့ကြသည်ကိုလည်း ကြားရဖူးသည်။ စာရေး



သူ ကျောင်းမနေရသေးမီအရွယ်ကပင် အစ်ကိုအကြီးဆုံးက သင်ပေး၍ဆိုတတ်နေခဲ့သည်။ သို့သော် ယင်း၌ပါသော တစ်ဆယ့်လေး၊ တစ်ဆယ့်ရှစ်ဆိုသည်များကိုမူကား မသိခဲ့ပေ။ သင်ပေးသော အစ်ကိုကလည်း ပြောမပြ၊ ပြောပြနိုင်အောင်လည်း သူလည်းသိမည် မဟုတ်ချေ။ သို့သော် 'စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားက ဘေးများမြင်မှု မကောင်းစုကို ဝေးပြုကြဉ်ရှောင်အောင်စေတတ်သည်'ဟူသော အပိုဒ်ကြောင့် ဘေးကင်းရန်ကင်း အားထားရွတ်ဆိုခဲ့သည်။

မိမိနှင့် နီးစပ်သမျှကိုလည်း ရွတ်ဆိုစေခဲ့သည်သာဖြစ်၍ အသက်အရွယ်အတော်အတန်ကြီးလာမှ စက်ကြီးတစ်ဆယ့်သုံးပါး၌ပါရှိသောစကားလုံးများ၏ အဓိပ္ပါယ်များ၊ သချ်ာအရေအတွက်များကို စူးစမ်းမိလာပြီး ဆရာသမားများအား မေးမြန်းမှတ်သားခဲ့ရသည်။ အချို့အဓိပ္ပါယ်များကိုလည်း သင့်လျော်သလို အမှတ်အသားပြုခဲ့ရသည်။ ယခုမိမိအား မေးမြန်းသူများအားလည်း သိရှိထားသမျှကို တစ်ဆင့်ပြောကြားခဲ့ရသည်။

## တစ်ရာ့ရှစ်ကွက်ဗုဒ္ဓစက်

အထူးအားဖြင့် တိမ်မြုပ်ခက်ခဲနက်နဲဝှက်ကွယ်သော တစ်ဆယ့်လေးချက် တစ်ဆယ့်ရှစ်ချက်တို့ကို

မကြာမကြာ အမေးခံရ၍ ဖြေကြားနေရပေသည်။ တစ်ရာ့ရှစ်ကွက်ဗုဒ္ဓစက်မှာ မြတ်စွာဘုရား၏ခြေတော်ရာ၌ပါရှိသော စက်လက္ခဏာတော် တစ်ရာ့ရှစ်ကွက်ကို ဗုဒ္ဓဘာသာ မြန်မာလူမျိုး တိုင်းလိုလိုပင်သိကြပေသည်။ ထို့ကြောင့် ထိုအချက်ကို အမေးအမြန်းအထူးမရှိလှပေ။

သို့သော် ဤတစ်ရာ့ရှစ်ကွက် စက်လက္ခဏာတော် အပါအဝင် သုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်မှာ အကျိုးတရားဖြစ်သဖြင့် ယင်း၏အကြောင်းတရားဖြစ်သော ပါရမီတော်တရားတို့ကို လေးလေးနက်နက် ဆင်ခြင်၍ ထင်မြင်ကြည်ညိုကြရန်လိုပေသည်။ ဤသုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်၏ အကြောင်းတရားကို လက္ခဏသုတ်တွင် ဖော်ပြပါရှိပါသည်။

'မြတ်စွာဘုရားသည် ရှေးမွေးခဲ့ရာဇာတိ၊ ရှေးဖြစ်ခဲ့ရာဘဝ၊ ရှေးနေခဲ့ရာဘုံဌာနတို့၌ လူဖြစ်စဉ်အခါက ကုသိုလ်တရားတို့၌ မြဲမြဲစွာ ဆောက်တည်၏။ မဆုတ်မနစ်ဆောက်တည်၏။ ကာယသုစရိုက်၊ ဝစီသုစရိုက်၊ မနောသုစရိုက်တို့၌လည်းကောင်း၊ ပေးကမ်းဝေဖန်ခြင်း၌လည်းကောင်း၊ သီလဆောက်တည်ခြင်း၌လည်းကောင်း၊ ဥပုသ်စောင့်သုံးခြင်း၌လည်း

ကောင်း၊ အမိ၌ ပြုဖွယ်ဝတ်ကိုပြုခြင်း၊ အဖ၌ ပြုဖွယ်ဝတ်ကိုပြုခြင်း၊ ရဟန်း၌ပြုဖွယ်ဝတ်ကို ပြုခြင်း၊ ပုဏ္ဏား၌ ပြုဖွယ်ဝတ်ကိုပြုခြင်း၊ အမျိုး၌ ကြီးသူတို့ကို အရိုအသေပြုခြင်း၌လည်း ကောင်း၊တစ်ပါးသောလွန်မြတ်သော ကုသိုလ်တရားတို့၌လည်းကောင်း မြဲမြဲစွာ ဆောက်တည်၏။ မဆုတ်မနစ်ဆောက်တည်၏'

စသည်ဖြင့် စက်လက္ခဏာတော်နှင့်တည်ရာ သုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်၏ အကြောင်းတရားကိုဆို၏။

ထို့ပြင်လည်း ဤလက္ခဏာတော်ကို အကြောင်းအဖြစ်ယူ၍လည်း ဤလက္ခဏာတော်ကို ရခြင်းကြောင့်၊ (တစ်နည်း) ဤ စက်လက္ခဏာတော်နှင့် တည်ရာသုပ္ပတိဋ္ဌိတပါဒလက္ခဏာတော်ကြောင့်ပင် လူ့ဘောင်၌ နေလျှင် လေးကျွန်းလုံးကို အစိုးရသော စကြာမင်းကြီးဖြစ်မည်၊ တောထွက်၍ ကျင့်ကြံအားထုတ်လျှင် ဘုရားစင်စစ် ကေန်ဖြစ်ရမည်မှာ မလွဲကေန်ဟု ပြောရလေသည်။ ဤသို့ တစ်ရာ့ရှစ်ကွက် ဗုဒ္ဓစက်အရာ၌ သိမှတ်သင့်ကြပေသည်။

## တစ်ဆယ့်လေးချက်ဓမ္မစက်

'တစ်ဆယ့်လေးချက် ဓမ္မစက်'ဟူသည်မှာ ဓမ္မက္ခန္ဓာ ပေါင်း ရှစ်သောင်းလေးထောင်၏ အချုပ်ဖြစ်သော ဗောဓိပက္ခိယတရား ၃၇-ပါးကိုပင် ဆိုလေသည်။ ဗောဓိပက္ခိယတရား ၃၇-ပါးမှာ သတိပဋ္ဌာန် ၄-ပါး၊ သမ္မပ္ပဓာန် ၄-ပါး၊ ဣဒ္ဓိပါဒ် ၄-ပါး၊ ဣန္ဒြေ ၅-ပါး၊ ဗိုလ် ၅-ပါး၊ ဗောဇ္ဈင် ၇-ပါးနှင့် မဂ္ဂင် ၈-ပါးဟူ၍ ခေါင်းစဉ် ၇-ပါး၊ တရားပေါင်း ၃၇-ပါးပြားသော်လည်း, နေရာဌာနအားလျော်စွာ အမည်ကွဲ၍ တရား အသီးသီးဖြစ်ရသော်လည်း တရားကိုယ်မှာကား ၁၄-ပါးမျှသာဖြစ်လေသည်။

ယင်းမှာ ဝိဝဋ္ဋနိဿိတဖြစ်သော မဟာကုသိုလ် မဟာကြိယာ အပ္ပနာဇောဟူသော စိတ်-၁၊ ဧကဂ္ဂတာ၊ ဝိတက်၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ၊ သဒ္ဓါ၊ သတိ၊ တတြမဇ္ဈတ္တုပေက္ခာ၊ ပဿဒ္ဓိ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ပညိန္ဒြေ ဤနာမ်တရား ၁၄-ပါးဖြစ်လေသည်။ ယင်းနာမ်တရား ၁၄-ပါးတည်းဟူသော ဗောဓိပက္ခိယတရားကိုယ် တရားများကိုပင် 'တစ်ဆယ့်လေးချက်ဓမ္မစက်'ဟူ၍ ရွတ်ဆိုသည်ဖြစ်ကြောင်း မှတ်သားထားကြရာသည်။

## တစ်ဆယ့်ရှစ်ချက်သံဃာ့စက်

'တစ်ဆယ့်ရှစ်ချက် သံဃာ့စက်'ဟူသည်ကား ရှေးဦးစွာ သံဃာတော်သည် သမ္မုတိသံဃာ၊ ပရမတ္ထသံဃာဟူ၍ နှစ်မျိုးရှိကြောင်း မှတ်သားထားရပေမည်။ သမ္မုတိသံဃာဟူသည်မှာ ဥတ္တိစတုတ္ထကမ္မဝါဖြင့် သိမ်အတွင်းတွင် သံဃာတော်များက ဥပသမ္ပဒကံဖြင့် ရဟန်းပြုပေးရသောသံဃာဖြစ်သည်။ ယင်းသမ္မုတိသံဃာ အတွင်းမှာပင် ပုထုဇဉ်သံဃာနှင့် အရိယာသံဃာဟုနှစ်မျိုးပါဝင်နိုင်ပြန်သည်။ ပရမတ္ထသံဃာဟူသည်မှာ အရဟတ္တမဂ် အရဟတ္တဖိုလ်သို့ရောက်သော ရဟန္တာအရှင်မြတ်များကိုဆိုပေသည်။ အဆိုပါ သမ္မုတိ သံဃာ၊ ပရမတ္ထသံဃာနှစ်မျိုးလုံးမှာပင် သုပ္ပဋိပန္နတာ စသော သံဃာ့ဂုဏ်တော် ၉–ပါး အသီးသီးရှိကြရာ ဂုဏ်တော် ၉–ပါးကို သံဃာ ၂–မျိုးဖြင့် မြှောက်ပွား၍ ဂုဏ်တော် ၁၈–ပါးရလေသည်။ ယင်းနှစ်မျိုးသော သမ္မုတိ, ပရမတ္ထသံဃာတို့၏ ဂုဏ်တော် ၁၈–ပါးကိုပင် ရည်ရွယ်၍ 'တစ်ဆယ့်ရှစ်ချက် သံဃာ့စက်'ဟု ဆိုလေသည်။

## ပစ္စေကဗုဒ္ဓါရဟန္တာစက်

'လရောင်ဝင်းလျက် ရှင်ရင်းပစ္စေကဗုဒ္ဓါ ရဟန္တာစက်'ဟု ဆိုသည်မှာလည်း မှတ်သားဖွယ်ရာဖြစ်သည်။

ပစ္စေကဗုဒ္ဓါတို့မှာ ကိုယ်တော်တိုင် သစ္စာလေးပါးတရားကိုသိမြင်သော မြတ်စွာဘုရားများပင်ဖြစ်သည်။ သို့သော် မြတ်စွာဘုရားကဲ့သို့ ပြိုင်ဖက်မပြုတစ်ဆူတည်း ပွင့်တော်မူသည်မဟုတ်၊သမ္မာသမ္ဗုဒ္ဓ မြတ်စွာဘုရားတို့၏ သာသနာတော်မရှိသော (သာသနာပ) အခါမျိုး၌ တစ်ပါးချင်းသော်လည်းကောင်း၊ ၁၀–ပါး၊ အပါး–၁၀၀၊ အပါး–၅၀၀ စသည် အစုလိုက်သော်လည်းကောင်း ပွင့်တော်မူသော သီးခြားဘုရား(ဝါ)ဘုရားငယ်များပင်ဖြစ်သည်။

သမ္မာသမ္ဗုဒ္ဓမြတ်စွာဘုရားများ ပွင့်တော်မူသော အချိန်အခါမှာ သာသနာတော် ထွန်းလင်း၍ နေမင်းထွက်သောနေ့အခါကဲ့သို့ ဖြစ်ရပြီး၊ မြတ်စွာဘုရားရှင် နတ်ရွာနိဗ္ဗာန်ဝင်စံတော်မူပြီးနောက် ဘုရားသာသနာ ကွယ်ပသွားသောအခါကား နေမင်းကြီးဝင်သွားသော အကာလညအခါကြီးကဲ့သို့ပင်ဖြစ်တော့သည်။ ထိုအချိန်အခါတွင် ပစ္စေကဗုဒ္ဓါအရှင်မြတ်များ ပွင့်တော်မူလာသောအခါတွင် လမင်းထိန်ထိန်သာသကဲ့သို့ပင်ဖြစ်လေသည်။ နေရောင်ခြည်လောက် မလင်းသော်လည်း လရောင်ခြည်၏အလင်းမှာ မှောင်တောင်တောင် အဆင်းဖြင့် လုပ်ခင်းဆောင်တာများကို အသင့်အတင့်

လုပ်ဆောင်နိုင်သကဲ့သို့ သုဂတိစခန်း သွားရာလမ်းကို ရော်ရမ်းနိုင်ကြပေသည်။ ထို့ကြောင့် လရောင်နှင့် ဥပမာ တင်၍ 'လရောင်ဝင်းလျက် ရှင်ရင်းပစ္စေကဗုဒ္ဓါ ရဟန္တာ စက်'ဟု ဆိုလေသည်။

ဗြဟ္မာ့စက်

အခြားစက်များမှာ သိသာထင်ရှားသဖြင့် အမေး အမြန်းမရှိလှချေ။ သို့သော် မူရင်း 'ဝရဇိန်လက်နက် ဗြဟ္မာ့စက်'ဟူ၍ ဗြဟ္မာမင်းများ ဝရဇိန်လက်နက်ကို ကိုင်စွဲသည်ဟု စာပေမလာရှိပေ၊ ထို့ကြောင့် ဆရာတော် များက 'ဗြဟ္မစိုရ်လက်နက် ဗြဟ္မာစက်'ဟုပြင်ပေးကြ လေသည်။ ဗြဟ္မာမင်းကြီးများသည် အခါခပ်သိမ်း မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မာစိုရ် တရားလေးပါးနှင့် နေလေ့ရှိကြသဖြင့် ထိုပြင်ဆင်ပေး ချက်မှာအလွန့်အလွန်သင့်လျော်ပေသည်။သို့သော် ဝဇီရ–စိန်နှင့်တူသော ဗြဟ္မာစိုရ်တရား လက်နက်ဟု ဥပမာ တင်စား၍ဆိုပါသည်ဟုလည်း ဆင်ခြေပေးနိုင်ပေသည်။

သိကြားစက်စသည်

'မိုးကြိုးလက်နက် သိကြားစက်' ဟူသည်မှာ စာပေ ကျမ်းဂန်တို့တွင် လက်နက်ကြီးလေးပါးဟူ၍သာ ရှိပေ သည်။ သုတ္တနိပါတ်၊ အာဋ္ဌာနကသုတ်အဖွင့်၌ သိကြား

မင်း၏ ဝဇီရာဝုဓခေါ် မိုးကြိုးလက်နက်၊ ဝေဿဝဏ်နတ်မင်းကြီး၏ ချွန်းတောင်းလက်နက်၊ ယမမင်း၏ မျက်လုံးလက်နက်နှင့် အာဠဝကနတ်ဘီလူး၏ ဘွဲ့ဖြူလက်နက်တို့ကို ဖွင့်ဆိုထား၏။ ထိုအဆိုနှင့်ရေးသားထားခြင်းဖြစ်ဖွယ်ရာရှိ၏။ ထို့ကြောင့် ဘွဲ့ဖြူ လက်နက် ဘီလူးစက်ဆိုသော်လည်း ဘီလူးတိုင်းနှင့်မဆိုင်၊ အာဠဝကဘီလူးတစ်ဦးတည်းနှင့်သာဆိုင်သော စကားဖြစ်လေသည်။

## ရှေးကပင်ရွတ်ဆိုခဲ့၍

ဤကား အများရသော စက်ကြီးတစ်ဆယ့်သုံးပါးဘုရားရှိခိုး၌လာသော အချို့အချက်များဖြစ်ကြ၏။ ကျန်အချက်များနှင့်ပတ်သက်၍ကား ထင်ရှားသိသာလေသည်။

ဤဘုရားရှိခိုးမှာ အလွန်အန္တရာယ်ကင်း သည်ဟု အစဉ်အလာကပင် အဆောင်အရွက် ပြုလာခဲ့ကြသည့်အလျောက် ဤခေတ်တွင်လည်း အလွန်ထင်ရှား၍ ရွတ်ဆိုနေကြသည်ကိုတွေ့ရပေသည်။ ရွတ်ဆိုကြသူများကလည်း အလွန်သိသာထင်ရှားသော အကျိုးတရားများကို တွေ့ကြရသည်ဟုဆိုပေသည်။

အချို့အသုံးအနှုန်းများမှာ အနည်းငယ် လောကီဆန်သော်လည်း အများအားဖြင့် ရတနာသုံးပါးဂုဏ်တော်များပါရှိသဖြင့် အန္တရာယ်ကင်းမည်ဆိုသည်မှာ ယုံမှားဖွယ် မရှိသင့်ပေ။

❋



[၈]

# နမက္ကာရဘုရားရှိခိုး

စာရေးသူတို့သည် ငယ်စဉ်ကပင် ဘုန်းတော်ကြီး ကျောင်းသားအဖြစ်ဖြင့် ကြာမြင့်စွာနေခဲ့ရသဖြင့် သင်ပုန်းကြီး, မင်္ဂလသုတ်, အပြင်အောင်ခြင်း, အတွင်းအောင်ခြင်းနှင့် နမက္ကာရတို့ကို သင်ကြားခဲ့ရ၏။

အထူးအားဖြင့် နမက္ကာရပါဌ်အနက်ကို ၁၀–ပုဒ်ခန့်မျှ ညစဉ် ဘုရားရှိခိုးအဖြစ်ဆိုခဲ့ရ၏။ ဆရာဘုန်းတော်ကြီးချပေးထားသော နမက္ကာရဘုရားရှိခိုးကို ညစဉ်ကျောင်းစည်းကမ်းအရ ရွတ်ဆိုခဲ့ရသော်လည်း နမက္ကာရအနက်အဓိပ္ပါယ်နှင့် သဘာဝရသတို့ကို မသိခဲ့ပါ၊ ဂုဏ်ကျေးဇူးကို မမေးခဲ့မိပါ။

ထိုစဉ်က နှုတ်တက်ခဲ့၍ နမက္ကာရ ၁၀–ပုဒ်ပါဌ်အနက်တို့ကို ယခု ဒုတိယအရွယ်လွန်မြောက်လာသည့်တိုင် မမေ့၊ ဘုရားရှိခိုးအံ့ဟု မထိုင်လိုက်နှင့်၊ ယင်းနမက္ကာရ ၁၀–ပုဒ်တို့က အလိုလိုပါးစပ်ထဲမှ ထွက်လာနေကျဖြစ်လေသည်။

ယခုကား ၁၀–ပုဒ်နှင့်မရောင့်ရဲနိုင်တော့၊ နမက္ကာရ ဘုရားရှိခိုးအကုန်၂၅–ပုဒ် အကုန်လုံးအရကျက်၍ နေ့စဉ် ရှိခိုးရမှ ကျေနပ်၏။ နမက္ကာရ ပုဒ်ရေ ၃၃–ပုဒ်ရှိရာ ကြွင်း ၈–ပုဒ်မှာ ဆုတောင်းများ ဖြစ်၍ချန်ထားသည်။ မှန်ပါသည်။ နမက္ကာရကား အဓိပ္ပါယ်သိရလေ ကြည်နူး မိလေ၊ ကြည်နူးမိတိုင်းလည်း ရွတ်ဆိုမိလေဖြစ်ရပါ သည်။ အဘယ်ကြောင့်နည်း ?

## နမက္ကာရအကြောင်း

ဤအမေးကိုမဖြေဆိုမီ 'နမက္ကာရ'ဆိုသည်ကို ပုံ ဖော်ချင်ပါသေးသည်။ စာရေးသူတို့သည် ကျောင်းသား အရွယ် နေ့စဉ်ဘုရားရှိခိုးစဉ်က ဆရာဘုန်းတော်ကြီးစေ ခိုင်း၍သာ နမက္ကာရ ၁၀–ပုဒ်မျှဆိုခဲ့ရကြောင်း ဖော်ပြ ခဲ့ပြီး နမက္ကာရအကြောင်း ဘာမျှမသိခဲ့ပေ။

'နမာမိ–ရှိခိုးပါ၏'ပါသဖြင့်သာဘုရားရှိခိုးပါဠိများ ဖြစ်ကြောင်းသိရ၏။ အတော်အတန်ကြီးလာသောအခါ (ဝါ) သာမဏေကြီးဘဝ ရောက်လာသောအခါ နမက္ကာရဆိုသည်ကို အနည်းငယ်သိလာ၏။

နမက္ကာရသည် အဋ္ဌကထာဆရာ အရှင်မဟာဗုဒ္ဓ ဃောသ ရှိခိုးသော ဘုရားရှိခိုးဖြစ်ကြောင်း၊ အရှင်မဟာ ဗုဒ္ဓဃောသသည် အဋ္ဌကထာပေါင်းများကို ကြည့်ရှု

နိုင်ရန် သီရိလင်္ကာဆရာတော်များအား တောင်းပန်ရာ သီရိလင်္ကာဆရာတော်များက ပိဋကတ်တိုက်ကို ဝင်ခွင့် မပေးကြောင်း၊ ထိုအခါ အရှင်မဟာဗုဒ္ဓဃောသက ပိဋကတ်တိုက်အဝတွင်ထိုင်၍ နမက္ကာရဘုရားရှိခိုးကို ရွတ်ဆိုရာ အမှတ်–၉ 'တဟိ' တဟိ' အစရှိသော ဂါထာကို ရွတ်ဆိုအပြီးတွင် ပိဋကတ်တံခါး၌ခတ်ထားသော သော့ခလောက်သည် သူ့အလိုလိုပွင့်လာကြောင်း၊ အရှင်မဟာဗုဒ္ဓဃောသသည် နမက္ကာရ ၂၅–ဂါထာ စီကုံးရွတ်ဆိုဘုရားရှိခိုးပြီးမှ ပိဋကတ်တိုက်တွင်းသို့ဝင်၍ အဋ္ဌကထာ ဟောင်းများကို ကြည့်ရှုကြောင်း–စသည် ကြားသိရပေသည်။ ထိုအတိုင်းလည်း မှတ်သားခဲ့ရပေသည်။

### သီရိလင်္ကာကျွန်းဖြစ်ဘုရားရှိခိုးများ

သို့သော် တစ်ဆင့်တက်၍ အနည်းငယ်အကြား အမြင်များလာသောအခါ အမှတ်အသားတစ်မျိုးပြောင်းခဲ့ရလေသည်။ နမက္ကာရသည် အရှင်မဟာဗုဒ္ဓဃောသ နှုတ်လွှတ်ရွတ် ဆိုဘုရားရှိခိုးခဲ့သော ဂါထာများမဟုတ်ဘဲ ရှေးဆရာ များစီကုံးခဲ့သော ဂါထာများဖြစ်ကြောင်း၊ ထိုရှေးဆရာများဟူသည် သီရိလင်္ကာဆရာများမဟုတ်၊ မြန်မာဆရာတော်ကြီးများဖြစ်ကြောင်း ဟူသော အမှတ်အသားပင်ဖြစ်၏။

ထိုအမှတ်အသားကို ခိုင်လုံစေသော အထောက်အကူများမှာ မြန်မာဘာသာဖြင့်ရှိနေသော ဗုဒ္ဓဃောသုပ္ပတ္တိကျမ်းပင်ဖြစ်၏။ ယင်းကျမ်း၌ သီဟိုဠ်ပိဋကတ်တိုက်ကို အရှင်မဟာဗုဒ္ဓဃောသကသည် ဘုရားရှိခိုး၍ ပွင့်စေရခြင်းမဟုတ်၊ 'သီလေ ပတိဋ္ဌာယ နရော သပညော' ဂါထာကိုဖွင့်ဆိုသော ဝိသုဒ္ဓိမဂ်ကျမ်းကြီးကို ပြုစု၍ ပွင့်စေခြင်းဖြစ်ကြောင်းပါရှိခဲ့ပေသည်။ ထိုထက် ဤနမက္ကာရကို သီရိလင်္ကာဆရာတော်များ ပြုစုခဲ့ခြင်းမဟုတ်ကြောင်းကိုလည်း စူဠဂန္ထဝံသ၌ သီရိလင်္ကာတွင်ပြုစုသည် ဘုရားရှိခိုးများအနေဖြင့်–

၁။ အနန္တဗုဒ္ဓဂါထာဘုရားရှိခိုး၊

၂။ အနာဂတဗုဒ္ဓဝန္ဒနာဂါထာဘုရားရှိခိုး၊

၃။ အဋ္ဌဝီသတိဗုဒ္ဓဝန္ဒနာဂါထာဘုရားရှိခိုး၊

၄။ အတီတ,နာဂတပစ္စုပ္ပန္နဗုဒ္ဓဝန္ဒနဂါထာဘုရားရှိခိုး၊

၅။ အသီတိမဟာသာဝကဝန္ဒနဂါထာဘုရားရှိခိုး၊

၆။ နဝဂုဏဝဏ္ဏနာဘုရားရှိခိုး–

စသည်တို့ကိုသာ အမည်နာမဖြင့် ဖော်ပြခဲ့ပေသည်။ ဤနမက္ကာရဝန္ဒနာဂါထာတို့ကို သီရိလင်္ကာဆရာတို့ ပြုစုခဲ့ပါလျှင် ဤမျှထင်ရှားသော ဘုရားရှိခိုးကို စူဠဂန္ထဝံသကျမ်းက မဖော်ပြဘဲနေမည်မဟုတ်ပေ။ ၎င်းက မဖော်

ပြသဖြင့် ဤနမက္ကာရဝန္ဒနာဂါထာများသည် သီရိ လင်္ကာပြုဂါထာများ မဟုတ်ဟုဆိုရပေတော့မည်။

ထို့ထက် ထင်ရှားသောသာဓကတစ်ခုမှာ ယခုသီရိ လင်္ကာတွင် အပြင်အောင်ခြင်းခေါ် အောင်ခြင်းရှစ်ပါး (အဋ္ဌဇယဂါထာများ)မှာ အလွန်အသုံးများ၏။ အခမ်း အနားများ၊ ဘာသာရေးပွဲလမ်းသဘင်များတွင် ဝတ် အသင်းဝင်အမျိုးသမီးများ သံပြိုင်ရွတ်ဆိုလေ့ရှိကြ၏။ မင်္ဂလာပါဠိများလည်း ရွတ်ဆိုတတ်ကြသည်။ ဤ နမက္ကာရကိုကား သီရိလင်္ကာကျွန်းတွင် ရွတ်ဆိုလေ့ မရှိကြ၊ ဘုရားရှိခိုးလေ့မရှိကြ၊ လုံးဝအသုံးအစွဲမရှိကြ ပေ။ သီရိလင်္ကာဆရာတော်များလည်း ရွတ်လေ့ရွတ်ထ မရှိဟုသိရ၏။

ထို့ကြောင့် သီရိလင်္ကာဖြစ်ဘုရားရှိခိုးမဟုတ် ကြောင်း ထင်ရှားပေသည်။ ထို့ကြောင့် မဟုတ်လော၊ ဤ နမက္ကာရဂါထာများကို ဋီကာဖွင့်တော်မူခဲ့သော ဆဋ္ဌသင်္ဂီတိ မဟာနာယက အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ဘုရားကြီးက 'တသ္မာ စ အယံ နမက္ကာရပါဌော မရမ္မရဋ္ဌေ ဝသန္တေဟိ ပိဋကတ္တယဝိဒူဟိ ပဏ္ဍိတာစရိယေဟိ ဝန္ဒိတဂါထာသမူဟောတိဂဟိတေ ယုတ္တံ ဝိယ ဒိဿတိ'ဟု မြန်မာနိုင်ငံမှ ပိဋကတ်သုံးပုံ၌

နှ့်စပ်ကျွမ်းကျင်တော်မူကြသော ပညာရှိဆရာတော်ဘုရားတော်ကြီးများ ရေးသားရှိခိုးခဲ့သော ဂါထာများဖြစ်ဖွယ်ရှိကြောင်းကို နမက္ကာရဋီကာ နိဒါနကထာ၌မှတ်တမ်းတင်ခဲ့ပေသည်။

## နမက္ကာရဂုဏ်ရည်

စာရေးသူသည် နမက္ကာရဝန္ဒနာဂါထာများကို ရွတ်ဆို၍ အားမရနိုင်ကြောင်းဆိုခဲ့ပါ၏။ အားမရနိုင်စရာပင်။ နမက္ကာရဂါထာများသည် ဆန်းဂိုဏ်းနှင့်အညီပြုစုထားသဖြင့် အလွန်ရွတ်ဆို၍ကောင်း၏။ အလင်္ကာဂုဏ်မြောက်ဖွဲ့ဆိုထားသဖြင့် နှစ်သိမ့်မှုတိုးပွားရ၏။ ပါဠိကဗျာများဖြစ်၍ အသံမြင့်နိမ့်ငြိမ့်ငြိမ့်ညောင်းညောင်းရှိလှ၏။ ဖုထစ်မထပ် ပီပြင်ညီညာသုတိသာလှ၏။ ရှစ်လုံးဘွဲ့မှစ၍ ကိုးလုံးဆယ်လုံး စသည် တစ်လုံးစီတစ်လုံးစီ တက်၍ စီကုံးသွားရာ ၂၁ လုံးဘွဲ့အထိပါရှိပြီး ဂါထာစည်းကျကျဖွဲ့ဆိုထားခဲ့သည်ကို တွေ့ရလေသည်။

ရတ်တရက်အမြင်တွင် ကျက်မှတ်၍ ခက်ခဲလှမည်ထင်ရသော်လည်း တစ်ပုဒ်ပြီးတစ်ပုဒ်ကျက်သွားလျှင် ရလည်းရလွယ်၏။ ဆက်၍ရွတ်သွားလျှင် အလွန်လည်း ရွတ်ဆို၍ ကောင်းလှပေသည်။

အမှတ်-၁(က—ခ)ဂါထာသည် ရှစ်လုံးဘွဲ့၊ ပထျာဝတ္တဖြစ်၍ မဆန်းဟုဆိုရမည်ဖြစ်သော်လည်း ယမက စီကုံးထားသဖြင့် ထူးခြား၍နေပေသည်။ ဤသို့ အမှတ်-၁ ဂါထာအနေနှင့် ရိုးရိုးရှစ်လုံးဘွဲ့ဖြင့် စလိုက်ပြီးသော် အမှတ်-၂ ဂါထာကို ကိုးလုံးဘွဲ့ 'ဘုဇဂသုသု' ဂါထာဖြင့် ဆိုလိုက်လေသည်။ (ဘုဇဂသုသု-ဟူသည် မြွေသည် ရှူး-ရှူး-ရှူး-ရှူး-ရှူး-ရှူး ဟု မြည်သလို အပိုဒ်တိုင်းတွင် သဂိုဏ်း, သဂိုဏ်း, မဂိုဏ်း သုံးဂိုဏ်းအညီ ၁-၁-၂ ချည်း စီကုံးထားသည်ဟူ၏)။

အမှတ်-၃ ဂါထာကို အက္ခရာ ၁၀-လုံး သုဒ္ဓပိရာဇိတဂါထာဖြင့် စီကုံးထားပြီး၊ အမှတ် ၄-ဂါထာနှင့် အမှတ် ၅-ဂါထာတို့ကို ၁၁-လုံးစီဖြင့် စီကုံးထားပေသည်။ သို့သော် ဆန်းအရ ဂါထာချင်းကားမတူကြ။ အမှတ် ၄-ဂါထာသည် ဥပဋ္ဌိတဂါထာမျိုးဖြစ်၍ အမှတ်-၅ ဂါထာမှာ ဣန္ဒဝဇိရာဂါထာ ဖြစ်လေသည်။ ဤသို့စသည်ဖြင့် ၂၅-ခုမြောက်ဖြစ်သော ၃၂-ပါးသော လက္ခဏာတော်ကြီးဘွဲ့ဂါထာ ရောက်ရှိသည်အထိ တစ်လုံးစီတစ်လုံးစီတက်၍ ဖွဲ့ဆိုသွားပေသည်။

အမှတ် ၂၃-၂၄-၂၅ သုံးဂါထာမှာ လက္ခဏာတော်ကြီး ၃၂-ပါးကို ဖွဲ့ဆိုထားသော ၂၁-လုံးဘွဲ့

သဒ္ဒရာဂါထာများဖြစ်လေသည်။ မြတ်စွာဘုရား၏ ၃၂-ပါးသော လက္ခဏာတော်ကြီးများကို အလွန်ရှုတ်ဆို၍ ကောင်းအောင် စီကုံးထားပေသည်။ သဒ္ဒရာဂါထာသည် ပါဒတိုင်း ၂၁-လုံးရှိသဖြင့် ယင်း၂၁-လုံးကို ၇-လုံးစီ သုံးပုဒ်ခွဲ၍ဆိုကြည့်လျှင် အလွန်သာယာသောအသံထွက်လာသည်ကို တွေ့ရ၏။

ပရိတ်ရွတ်ကြရာ၌ 'ယေသန္တာသန္တစိတ္တာ'စသော ဂါထာကို စဉ်းစားကြည့်ပါ။ ၎င်းဂါထာမှာ ၂၁-လုံးဘွဲ့ သဒ္ဒရာဂါထာဖြစ်၍ တစ်ပါဒကို သုံးပုဒ်ခွဲရွတ်ကြည့်လျှင် အလွန်ရွတ်၍ ကောင်းလှပါသည်။ ထို့အတူ နမက္ကာရအဆုံး ၂၁-လုံးသုံးဂါထာမှာ ရွတ်၍ကောင်းသော သဒ္ဒရာဂါထာများဖြင့် ၃၂-ပါးသော ဘုရားသခင် လက္ခဏာတော်ကြီးများကို နောက်ဆုံးပိတ်အိတ်ဖြင့် လွယ်ဆိုသကဲ့သို့ ပိုင်ပိုင်နိုင်နိုင်စီကုံးဖွဲ့သီပေးထားသော ရှေးဆရာတော်ကြီးများ၏ ပညာဉာဏ်ကို ချီးကျူး၍ မဆုံးနိုင်အောင်ရှိတော့သည်။

### ရှေးကျလှသောနမက္ကာရ

ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီး စီကုံးသော မဟာပဏာမကြီးဘုရားရှိခိုးဂါထာများတွင် ၁-လုံးဘွဲ့မှ ၂၁-လုံးဘွဲ့အထိ စီကုံးထားခဲ့ရာ ၂၁-လုံးဘွဲ့တွင် ဤ

နမက္ကာရ နောက်ဆုံးဂါထာကိုပင် ထည့်သွင်းထားခဲ့သည်ကို တွေ့ရပေသည်။

ဤသို့ဖြင့် နမက္ကာရဝန္ဒနာဂါထာတို့သည် မြန်မာတို့အတွက် အကောင်းဆုံးဘုရားရှိခိုးဂါထာများအနေဖြင့် မြန်မာ့သာသနာတစ်လျှောက်လုံးတွင် ရပ်တည်၍နေခဲ့သည်ဟုဆိုရပါမည်။ ဤ၌ 'မြန်မာ့သာသနာတစ်လျှောက်လုံး'ဟုဆိုနိုင်သည်မှာ ဤဘုရားရှိခိုးဂါထာများကို ရှေးအကျဆုံးအနေဖြင့် ပုဂံခေတ် သက္ကရာဇ် ၅၅၈၊ ဖွားစောရွာ ဓမ္မရာဇိကဘုရားအရှေ့ဂူအတွင်းရှိ ဓမ္မရာဇိကဘုရားကျောက်စာတွင် တွေ့ရပေသည်။ ကျောက်စာတွင် စလျှင်စခြင်း နမက္ကာရ ပထမဂါထာ 'သုဂတံ သုဂတံ သေဋ္ဌံ' စသော ပထျာဝတ္တယမကနှစ်ဂါထာဖြင့် ဖွင့်ထားခဲ့ပေသည်။

ထို့နောက် အထက်ဖော်ပြပါ ပင်းယခေတ် စတုရင်္ဂဗလအမတ်ကြီး၏ မဟာပဏာမကြီးတွင် နောက်ဆုံး သဒ္ဒရာဂါထာ၃၂-ပါးသော လင်္ကာကြီးဘွဲ့ကိုယူထားသဖြင့် ရှေးခေတ်က ဤနမက္ကာရ မည်မျှခေတ်စားခဲ့သည်ကိုလည်းကောင်း၊ ပုဂံခေတ် ရဟန်းပညာရှင်များစီကုံးခဲ့သည်ကိုလည်းကောင်း သန္နိဋ္ဌာန်ချသိမှတ်ရပေသည်။

ဤမျှရှေးကျသော နမက္ကာရဘုရားရှိခိုးဂါထာများသည် မြန်မာဗုဒ္ဓဘာသာရဟန်းရှင်လူတို့ နှုတ်တွင်အားလုံးမဟုတ်သည့်တိုင်အောင် ပုဒ်ရေအနည်းငယ်မျှကား ရရှိကြသည်။ ရွတ်ဆိုကြသည်။

စာရေးသူကိုယ်တိုင်ပင် ငယ်စဉ်က ထိုနမက္ကာရဘုရားရှိခိုးဂါထာ ၁၀–ပုဒ်အထိ ညစဉ်ပါဠိအနက် ရွတ်ဆိုခဲ့ရသည်။ ရှေးရိုးဆယ်စောင်တွဲစသည်တို့တွင် ယင်း၏အနက်ကိုအစအဆုံးတွေ့နိုင်သည်။ မြန်မာစာဆိုပညာရှိကြီး စိန္တကျော်သူသည် နမက္ကာရပါဠိကို လင်္ကာနက်ပြန်ခဲ့သည်။ ထို့အတူ တွဲတေးဆရာတော်ဦးနာဂစသော ဆရာတော်များလည်း ပြန်ဆိုခဲ့သည်။ ထိုအနက်များကိုဖတ်၍ ကြည့်လျှင် ဆိုလိုရင်းကို မြန်မာလိုနားလည်၍ ဗုဒ္ဓရှင်တော်မြတ်ကို ကြည်ညိုမဆုံးဖြစ်ရမည်မှာ ဧကန်ပင်။

ပါဠိဘာသာတတ်ကျွမ်းသူများသည်ကား အဘိဓဇမဟာရဋ္ဌဂုရု ဆဋ္ဌသံဂီတိ ပထမမဟာနာယက ညောင်ရမ်းဆရာတော်ဖွင့်ဆိုခဲ့သော 'နမက္ကာရဋီကာကျမ်း'ကိုသုံးသပ်သင့်၏။ ပါဠိဘာသာဖြင့် ရေးထားပြီး အဆင့်မြင့်သော်လည်း အသေးစိတ်ဖွင့်ဆိုထားသဖြင့် သာမန်ပါဠိတတ်သူတိုင်းဖတ်၍ အရသာပေါ်နိုင်ပေသည်။

မြန်မာရေးပါဠိဖြစ်သဖြင့် သီရိလင်္ကာရေးပါဠိတို့ထက် မြန်မာ့အသိဉာဏ်၌ သက်ဝင်နိုင်ပါသည်။

နိဂုံးချုပ်ရသော်–

ဗုဒ္ဓေါတိ ကိတ္တယန္တဿ၊
ကာယေ ဘဝတိ ယာပီတိ။
ဝရမေဝ ဟိ သာပီတိ၊
ကသိဏေန ပိ ဇမ္ဗုဒီပဿ။

ဟူသော အပဒါန်ဂါထာအတိုင်း ဤနမက္ကာရ ဗုဒ္ဓဝန္ဒနာဂါထာတို့ကဲ့သို့ ဂုဏ်တော်ဖွင့်အထူးအဆန်းတို့ကိုထားဘိဦး၊ ဘုရားဟူသော အက္ခရာစကားလုံး တစ်လုံးကိုကြားရ၍ ဖြစ်လာရသော ပီတိစေတသိက် တစ်ချက်မျှသည်ပင် ဇမ္ဗူဒိပ်ကျွန်းကြီးတစ်ခုလုံးကို အုပ်စိုးရသော စကြာဝဠာမင်းအဖြစ်ထက် မြတ်သေးသည်ဟူသောဂါထာကိုထောက်ဆ၍ ဆန်း,အလင်္ကာ, သဒ္ဒါနည်း အထူးထူးတို့ဖြင့် သိမ်မွေ့ခက်ခဲနက်နဲပီပြင်စွာ ဖွဲ့ဆိုထားသော နမက္ကာရ ဗုဒ္ဓဝန္ဒနာဂါထာတို့ကို ကောင်းစွာကျက်မှတ်၍ ည–နံနက်မပြတ် ရွတ်ဖတ် ရိုကျိုး ဘုရားရှိခိုးနိုင်ရန် ကြိုးစားကြစေလိုပါသည်။

❋



[၉]

## မဟိမာဘုန်းတော်

စာရေးသူတို့ဇာတိဌာနေမှ ဆရာတော်ကြွလာသဖြင့် ရန်ကုန်မြို့ရှိ ဘုရားကျောင်းကန်များသို့ လိုက်လံပို့ဆောင်ရင်း ဗဟန်းမြို့နယ် ရွှေဂုံတိုင်ရှိ ခြောက်ထပ်ကြီး လျောင်းတော်မူရုပ်ပွားတော်ကြီးသို့ ရောက်သွားသည်။ ဆရာတော်နှင့်အတူ ကျောင်းသားငယ်ကလေးတစ်ဦးလည်း ပါလာသည်။

ဆရာတော်သည် လျောင်းတော်မူရုပ်ပွားတော်ကြီးအား ဖူးမြော်ပြီးလျှင် သူနှင့်ပါလာသော ကျောင်းသားကလေးအား-

'ဟေ့-မောင်ဝင်း၊ ဒီလိုဘုရားရုပ်ပွားတော်အကြီးကြီးတွေကိုတွေ့ရင် ဘာဘုန်းတော်ကိုအာရုံပြုပြီးဖူးရမလဲ'

ဟု မေးလိုက်သည်။

ကျောင်းသားကလေးက သွက်လက်စွာ-

'ကိုယ်ကိုအလိုရှိတိုင်း ကြီးအောင်ဖန်ဆင်းနိုင်ခြင်း မဟိမာဘုန်းတော်ပါဘုရား'

ဟု ဖြေဆိုလိုက်သည်ကို ကြားရသည်။

ဂုဏ်တော် အနက်အဓိပ္ပါယ်များကို စနစ်တကျ သင်ကြားထားဟန်တူပါ၏။ မေးလိုက်သည်နှင့်ပင် မထစ်မငေါ့ သွက်လက်စွာဖြေကြားလိုက်သော ကျောင်းသားကလေးကို ချီးမွမ်းမိသည်နှင့်အမျှ သက်တော်ကြီးလင့်ကစား သင်ကြားမှုမလျှော့သေးသော ဆရာတော်ကြီးတော်ကြီးအားလည်း ကြည်ညိုရှိမဆုံးဖြစ်မိသည်။

အဏိမာဘုန်းတော်

ထိုကျောင်းသားကလေး၏ အဖြေနှင့်စပ်ကာ စာရေးသူသည် ငယ်သောရုပ်ပွားတော်ကလေးများအား ဖူးမိလျှင် အဏိမာဘုန်းတန်ခိုးတော်ကို မြင်မိထင်မိ အာရုံတန်းမိသည်ကိုလည်း သတိရမိသည်။

လွန်ခဲ့သော ဆယ့်တစ်နှစ်ခန့်က မိုးညှင်းသမ္ဗုဒ္ဓေသို့ရောက်၍ ဤကဲ့သို့ လက်ညှိုးလက်မအရွယ် သွယ်တန်းစိရိရှိနေသော ရုပ်ပွားတော်ကလေးများအား ဖူးမြော်ရင်း–

အဏိမာ မဟိမာ ပတ္တိ၊
ပါကမ္မံ လဃိမာတထာ၊
ဤသိတာ ဝသိတာ စ၊
ယတ္ထကာမာဝသာယိတာ။

ဟူသော ဣသသရိယဘုန်းတော်ရှစ်မျိုးဂါထာကို ရွတ်ဆိုမိသည်။

ထိုအချိန်တွင် တိုက်တိုက်ဆိုင်ဆိုင်ပင် လက်မခန့် အရွယ်ရှိ အင်္ဂတေရုပ်ပွားတော်ကလေးတစ်ဆူသည် စာရေးသူထိုင်နေရာရှေ့သို့ ပြုတ်ကျလာသည်။ ရုပ်ပွားတော်ငယ်ကလေးမှာ သမ္မုဒ္ဒေစေတီတော်ကြီး၏ အထက်မျက်နှာကြက်တွင် စီတန်းစမွယ်ထားရာမှ ကွာကျလာသော်လည်း ကျိုးပဲ့၍မသွားပေ။

ရုပ်ပွားတော်ကလေးများပြုတ်ကျလာလျှင် တစ်နေရာရှိ သံတိုင်ကီခွက်ကြီးများတွင် တင်ပေးပါဟုဆိုင်ရာက မေတ္တာရပ်ခံထားသော်လည်း စာရေးသူကား အဏီမာ မဟာသမယဂါထာကို ရွတ်ဆိုကြည်ညိုနေခိုက် ကြွရောက်သက်ဆင်းလာသဖြင့် တိုင်ကီကြီးထဲသို့ သွားရောက်မထည့်တော့ဘဲ မိမိအိတ်ထဲထည့်ကာ နေရာအရောက်ယူလာခဲ့ပြီး ပူဇော်ထားလိုက်လေသည်။

ကျောင်းသားကလေးက မဟာသမယဘုန်းတော် ဟု ဆိုသောအခါ ထိုစဉ်က ရုပ်ပွားတော်ကလေး သက်ဆင်းကြွရောက်လာသည်ကို အမှတ်ရမိပြီး ယခု လည်း ဤ'အဏီမာ မဟာသမယဂါထာ'ကို ရွတ်ဆိုမိပြန်ကာ

ဣသရိယတန်ခိုးတော်ရှစ်ပါးကို စဉ်းစားကြည့်ညို နေလိုက်မိလေသည်။

စောစောကဆိုသလို သေးငယ်သောရုပ်ပွားတော် ကလေးများကို ဖူးတွေ့မိလျှင် ကိုယ်ကိုသေးငယ်စွာ ဖန်ဆင်းနိုင်သော အဏိမာဘုန်းတန်ခိုးတော်ကို အာရုံ ပြုနိုင်ရန် အရေးကြီးပါသည်။ များသောအားဖြင့် အိမ် တိုင်းကျောင်းတိုင်းမှာပင် ရုပ်ပွားတော်များရှိကြရာ ပကတိအရွယ်တော်ထက် ငယ်သောအရွယ်ရှိသည့် ရုပ်ပွားတော်က များပေလိမ့်မည်။

ထိုအခါတွင် 'ဩော်–ငါတို့မြတ်စွာဘုရားသည် အလိုရှိတော်မူသောအခါ ပရိက္ခရာရှစ်ပါးကိုလွယ်၍ မုန်ညင်းဆန် မုန်ညင်းစေ့အတွင်းမှာပင် စင်္ကြံလျှောက် တော်မူနိုင်သော အဏိမာဘုန်းတန်ခိုးတော်နှင့်ပြည့်စုံ ပါပေသည်တကား'ဟူ၍ စိတ်ထားစိတ်ကူးဖြင့် အထူး ကြည်ညိုမိရန် လိုပေသည်။

'သူတကာ မျက်တောင်မွေးပေါ်တောင် စင်္ကြံ လျှောက်တဲ့သူ'ဟူသောစကားရှိပေသည်။ အခြားသူများ အဖို့ တင်စားပြောဆိုခြင်းဖြစ်သော်လည်း မြတ်စွာ ဘုရား၏ အဏိမာတန်ခိုးတော်ကား မျက်တောင်မွေး ပေါ် စင်္ကြံလျှောက်ရုံမျှမက လူတို့၏ မျက်လွှာခုနစ်ထပ်

ကြားတွင်ပင် သိတင်းသုံးနိုင်သော ဘုန်းတန်ခိုးတော်ပါ တကား။

## မဟာမြတ်မုနိ ဘုရားကြီးတော်

ဤဆောင်းပါးအစတွင် ဖော်ပြခဲ့သည့်အတိုင်း ကြီးမားသော ရုပ်ပွားတော်ကြီးများ၊ အထူးအားဖြင့် ပြည်မြို့ ဆယ်ထပ်ကြီးရုပ်ပွားတော်ကြီးမျိုးကဲ့သို့ ထိုင်တော်မူပုံတော်ကြီးများ၊ ရန်ကုန်ခြောက်ထပ်ကြီး၊ ပဲခူးရွှေသာလျောင်း၊ ဟသ်ာတနတ်မော်၊ ထားဝယ် စပါးတောင် လောကသရဖူလျောင်းတော်မူကြီးများကို ဖူးမြော်သောအခါတွင်ကား မဟာမြတ်မုနိဘုန်းတန်ခိုးတော်ကို 'အလိုရှိရာ ကြီးလိုပါသော် စကြဝဠာတိုက်လုံး ကိုယ်လုံး ကိုယ်တော်ဖြင့် ဖုံးနိုင်သည်' ကို အာရုံပြုမိကြဖို့လိုပေသည်။

## ထက်ဝယ်ဖွဲ့ ခွေရုပ်ပွားတော်ကြီးများ

ထိုမဟာမြတ်မုနိ ဘုန်းတန်ခိုးတော်နှင့်စပ်၍ ကြည့်ညိုရန် သာဓကများမှာ မြတ်စွာဘုရားသည် ခုနစ်ဝါမြောက် တော်မူသောအခါ တာဝတိံသာတွင် ဝါဆိုတော်မူမည် ရှိစဉ် ပင်လယ်ကသစ်ပင်ရင်းရှိ ပဏ္ဍုကမ္ဗလာကျောက် ဖျာထက်၌ ပကတိသောကိုယ်ဖြင့် ထက်ဝယ်ဖွဲ့ ခွေ၍ သိတင်းသုံးနေတော်မူသည်။

ထိုအခါ သိကြားမင်းက အထု ၁၅–ယူဇနာ၊ အလျားယူဇနာ ၆၀–နှင့် အနံ ယူဇနာ ၅၀ ရှိသော ဤပဏ္ဍုကမ္ဗလာကျောက်ဖျာသည် မြတ်စွာဘုရားကိုယ်တော်နှင့်စာလျှင် အလွန်ကြီးမားနေ၏။ လူသားဖြစ်သော ဘုရားကိုယ်တော်ကား ငယ်လှပေသည်။ ထိုကျောက်ဖျာ၌ ဘုရားရှင်သီတင်းသုံးတော်မူလျှင် နတ်အပေါင်းလည်း ကျောက်ဖျာထက်သို့ တက်ဝံ့မည်မဟုတ်၍ အလွန်ကြီးမားသော ကျောက်ဖျာကြီးသည် အချည်းနှီးဖြစ်ဖွယ်ရှိသည်ဟု ကြံမိလေ၏။

ထိုအကြံကို မြတ်စွာဘုရားသိတော်မူသောအခါ ဤ မဟိမာတန်ခိုးတော်ဖြင့် ဒုကုဋ်သင်္ကန်းကြီးကို လေးခေါက်ခေါက်၍ ကျောက်ဖျာထက်မှာခင်းလေရာ အလုံးစုံဖုံးလွှမ်းမိလေသည်။ ထိုအခင်းထက်၌ ထက်ဝယ်ဖွဲ့ခွေ၍ ထိုင်တော်မူရာ ကျောက်ဖျာနှင့်အမျှ ကိုယ်တော်ကြီးဖြင့် ပြည့်၍နေလေသည်။ ထိုအခါမှ သိကြားမင်းသည် မြတ်စွာဘုရား၏ မဟိမာတန်ခိုးတော်ကို ကြည်ညိုရ၍မဆုံးရှိလေသည်ဟု ဗုဒ္ဓဝင်တွင်ပါရှိ၏။

ဤသို့ ပြည်မြို့ ဆယ်ထပ်ကြီးဘုရားတို့ကဲ့သို့ ထိုင်တော်မူမြတ်စွာဘုရားပုံတော်တို့ကို ဖူးတွေ့ရလျှင်

ထိုဝတ္ထုအကြောင်းကို စဉ်းစား၍ ကြည်ညိုသင့်ကြပါသည်။

## လျောင်းတော်မူရုပ်ပွားတော်ကြီးများ

ခြောက်ထပ်ကြီးလျောင်းတော်မူ၊ ပဲခူးရွှေသာလျောင်းစသော လျောင်းတော်မူရုပ်တော်ပွားတော်ကြီးများကိုဖူးတွေ့ရလျှင် ရာဟုအသူရိန်နှင့် မြတ်စွာဘုရားတွေ့ဆုံပုံဝတ္ထုသာဓကကို အာရုံပြုသင့်ပေသည်။

ထိုရာဟုအသူရိန်သည် အလွန်တရာ ခန္ဓာကိုယ်အတ္တဘောကြီးမား၏။ ရာဟုအသူရိန်နတ်သည် မိမိကအလွန်ကြီးမားနေ၍ လူသားမြတ်စွာဘုရားကိုသွား၍ဖူးမြော်ပါလျှင် သေးသေးမှုန်မှုန်နှင့် ငုံ့၍ရှာကြည့်ရမတတ်ဖြစ်လိမ့်မည်အထင်နှင့် ဖူးမြော်ရန်မလာဘဲနေခဲ့၏။

တစ်ခါသော် မြတ်စွာဘုရားထံသို့ရောက်၍ ဖူးမြော်သည်တွင် မြတ်စွာဘုရားသည် မဟာမာတန်ခိုးတော်ဖြင့်ကိုယ်တော်ကိုလျောင်းစက်လျက် အဖူးမြော် ခံတော်မူခဲ့လေ၏။ ထိုအခါ ရာဟုအသူရိန်နတ်ကြီးသည် လျောင်းစက်တော်မူနေသော မြတ်စွာဘုရားအား အင်အားရှိသမျှမော်၍မော့၍ ဖူးမြော်သော်လည်း မြတ်စွာဘုရား၏

ကိုယ်တော်အထက်အပိုင်းအခြားကို မမြင်နိုင်အောင်ပင် ရှိခဲ့လေသည်။

ဤကား လျောင်းတော်မူရုပ်ပွားတော်ကြီးများကို ဖူးမြော်ရသောအခါ၌ အာရုံပြု၍ ကြည်ညိုရန်သာဓကဝတ္ထုဖြစ်ပါ၏။

ရပ်တော်မူရုပ်ပွားတော်ကြီးများ

ရှိပါသေးသည်။ မန္တလေးတောင် ဗျာဒိတ်ပေး ရပ်တော်မူနှင့် တောင်ကြီးမြို့ ရပ်တော်မူဘုရားကြီးများ စသည်ဖြင့် မြင့်မားသော ရပ်တော်မူဘုရားကြီးများသို့ ရောက်ရှိဖူးမြော်ရသောအခါမျိုးတွင် ကြည်ညိုရန် သာဓကဝတ္ထုမှာ အောက်ပါအတိုင်းဖြစ်၏။

သာဝတ္ထိပြည်ရှိ ပုဏ္ဏားတစ်ဦးသည် မြတ်စွာဘုရား၏ အရပ်တော်ပမာဏကို တိုင်းတာလိုသဖြင့် မြတ်စွာဘုရားကြွလာတော်မူသော လမ်းအနီးတွင် ခြောက်တောင်မျှရှည်သော ဝါးလုံးကိုထောင်၍ထား၏။ ထိုဝါးသည် မြတ်စွာဘုရား၏ ပုဆစ်တော်မျှကိုပင်မမီဘဲ ရှိလေ၍ နောက်တစ်နေ့တွင် ထိုထက်ရှည်သောဝါးကို ထားပြန်၏။

ထိုဝါးသည်လည်း ပုဆစ်တော်မျှကိုပင်မမီဘဲရှိပြန်၍ တစ်နေ့ပြီးတစ်နေ့ တိုး၍ထားရာ အတောင်ခြောက်

ဆယ်ရှည်သောဝါးသည်ပင် ပုဆစ်တော်အောက်မှာသာ ဖြစ်နေတော့သဖြင့် အတောင်ခြောက်ဆယ် နှစ်ဆက် ဆက်၍ ထောင်သော်လည်း ရှေးနည်းပင်ရှိနေမှ 'သြော်– မြတ်စွာဘုရားတို့၏ တန်ခိုးကား နှိုင်းယှဉ်၍ မရပေါ ကလား' ဟု မဟာမုနိဘုရားတော်ကို ယုံကြည်၍ ကြည်ညို သွားရလေတော့သည်။

## တန်ခိုးရှစ်မျိုးဘုရားရှိခိုး

ဤဆိုမိန့်ခဲ့သည်တို့မှာ ကြီးမားသောထိုင်တော်မူ၊ လျောင်းတော်မူ၊ ရပ်တော်မူရုပ်ပွားတော်ကြီးများကို ဖူးတွေ့ရသောအခါ အာရုံပြု၍ ကြည်ညိုကြရန်ပင်ဖြစ်၏။

ထိုမှတစ်ပါး ကျန်ဘုန်းတန်ခိုးတော်များကို သိရှိ ကြည်ညိုရန်နှင့် တန်ခိုးရှစ်မျိုးဘုရားရှိခိုးဖြင့် အမြဲတမ်း ဘုရားရှိခိုးနိုင်ကြရန် ဖော်ပြခဲ့သောပါဠိဂါထာကို အနက် ဖြင့်တွဲ၍ ရေးသားပါမည်။ ကျက်မှတ်ရွတ်ပွား၍ အမြဲ ဘုရားရှိခိုးကြစေလိုပါသည်။

အဏိမာ မဟိမာ ပတ္တိ၊
ပါကမ္မံ လဃိမာ တထာ။
ဤသိတာစ ဝသိတာစ၊
ယတ္ထကာမာဝသာယိတာ။
အဋ္ဌဿရိယ ပုဏ္ဏတ္တာ၊
လ္လဿရာတိဿရံ နမေ။

အဏိမာ=ကိုယ်တော်ကို အဏုမြူပမာ သေးငယ်စွာ ဖန်ဆင်းနိုင်ခြင်းလည်းကောင်း။ မဟိမာ=မြင့်မိုရ်တရို စကြဝဠာပြည့်မျှ အလိုရှိတိုင်း ကိုယ်တော်ကို ကြီးစေနိုင်ခြင်းသည်လည်းကောင်း။ ပတ္တိစ=အလိုရှိရာ အရပ်သို့ ခဏချင်းရောက်စွမ်းနိုင်ခြင်းလည်းကောင်း။ ပါကမ္မံ=အဆင်းအသွင်အမျိုးမျိုးဖန်ဆင်းရာတွင် မကြာချက်ချင်းပြီးစီးစေနိုင်ခြင်းသည်လည်းကောင်း။ တထာ=ထိုမှတစ်ပါး။ လဃိမာစ=စိတ်၏ပမာ ပေါ့ပါးလျင်မြန်စွာ ကြွသွားကော်မူနိုင်ခြင်းလည်းကောင်း။ ဤသိတာ=မိမိကိုယ်၌လည်းကောင်း။ ဝသိတာ=တန်ခိုးအရာ လိုတိုင်းပါအောင် လေ့လာတော်မူနိုင်ခြင်းလည်းကောင်း။ ယတ္ထကာမာဝသာယိတာစ=ဣဒ္ဓိဝိဓ တန်ခိုးဖြင့် အမျိုးမျိုးဖန်ဆင်းရာ၌ ဓိဋ္ဌာန်တော် မူသော အတိုင်းကာလဌာနကို မလွန်စေမူ၍ ပြီးဆုံးနိုင်စေခြင်းတည်းဟူသော ယတ္ထကာမာဝသိတာ တန်ခိုးလည်းကောင်း။ ဣတိ=ဤသို့။ အဋ္ဌိဿရိယ ပုဏ္ဏတ္တာ=ဣဿရိယ စသည်အပြား ဘုန်းရှစ်ပါးနှင့် ပြည့်စုံတော်မူသည်၏အဖြစ်ကြောင့်။ ဣဿာရာတိဿရံ=အသီးသီး အစိုးရကြသော ပဒေသရာဇ်ကေရာဇ် စကြာမင်း၊ လောကပါလနတ်မင်းလေးပါး၊ သိကြား၊ သုယာမ၊ သန္တုဿိတ၊

သုနိမ္မိတ, ဝသဝတ္တိ မာရ်မင်း, မဟာဗြဟ္မာတို့ထက် သိန်းသန်းထောင်ရာ ကဲလွန်စွာ အစိုးရတော်မူသော မြတ်စွာဘုရားကို။ အဟံ= အကျွန်ုပ်သည်။ နမေ- နမာမိ=ရှိခိုးပါ၏ မြတ်စွာဘုရား။ (သုတဝဏ္ဏနာ)။

❋



[၁၀]

## တန်ခိုးဟူသည်

'စာစောင်တစ်ခုထဲမှာ နိုင်ငံခြားက မိန်းကလေး တစ်ယောက်ဟာ ပစ္စည်းတစ်ခုခုကို သူ စိမ်းစိမ်းကြည့် လိုက်ရင် အဲဒီပစ္စည်းဟာ ကောင်းကင်ကိုမြောက်တက် သွားသတဲ့၊ သူမျက်နှာလွှဲလိုက်မှ အဲဒီပစ္စည်းဟာ အောက်ကိုပြန်ကျသွားသတဲ့၊ ပုလင်းတို့ ဖန်ခွက်တို့ အဲဒီလိုနဲ့ကျကျကွဲကုန်လို့ သူ့ဟာသူ စိတ်ပျက်နေသတဲ့၊ အဲသလိုဖတ်ရတယ်။ အဲဒါ ဘာခေါ်မလဲ၊ စိတ်တန်ခိုး တော့ ဟုတ်မယ်မထင်ပါဘူးနော်'ဟု စကားစလာသော မိတ်ဆွေနှင့် တန်ခိုးဟူသည်ကို ဆွေးနွေးမိကြလေသည်။

ထိုနှင့်အလားတူ အတွက်အချက်,သမိုင်း, ပထဝီမှ စ၍ အလိုလိုတတ်မြောက်နေသဖြင့် ကောလိပ်အဆင့် မီ၍ အသက် ၅–နှစ်မျှဖြင့် ကောလိပ်နေခွင့်ပြုလိုက် ရသော တရုတ်ပြည်မှ သူငယ်ကလေးအကြောင်း၊ အပေါင်းအနုတ်သင်္ချာတွင် မေးတိုင်းမေးတိုင်း သိန်း ဂဏန်း သန်းဂဏန်းများအထိ မမှားမယွင်းဖြေနိုင်သော မန္တလေးတိုင်း မလှိုင်မြို့က ၅–နှစ်သားကလေး ဖိုးထူး

ခေါ် အောင်ကျော်စိုးအကြောင်း စသည်စသည်ကျယ်ပွား ဆွေးနွေးစရာ များ၍များ၍လာသည်။

ရှေးကံ၏အကျိုး

လေ့ကျင့်သင်ကြားထားခြင်းမျိုးမဟုတ်ဘဲ အလို အလျောက်တတ်မြောက်ကျွမ်းကျင်၍ စွမ်းအင်ပြည့်စုံ နေခြင်းမျိုးကို ဗုဒ္ဓစာပေကျမ်းဂန်တို့တွင် ကမ္မဝိပါကဇ ဣဒ္ဓိ=ထိုပုဂ္ဂိုလ်တို့၏ ရှေးရှေးကံအကျိုး တန်ခိုးတစ်မျိုး ဖြစ်ကြောင်းဆိုထားသဖြင့် တန်ခိုးဣဒ္ဓိပါဒ်အတွင်းသို့ သွင်း၍ယူရမည်ဖြစ်ပေသည်။

အကြောင်းရှိရမည်

ဤ၌ တန်ခိုးဟုဆိုသဖြင့် 'ဖြစ်စေသတည်း'ဟု စေတစ်လုံးဖြင့် လက်ညိုးညွှန်၍ ခိုင်းခြင်းမျိုးကို မဆို လိုပေ။ ဗုဒ္ဓစာပေများအလို မည်သည့်အကျိုးတရားမဆို အကြောင်းတရားနှင့်မကင်းနိုင်၍ သူ့ဆိုင်ရာဆိုင်ရာ အကြောင်းကား ရှိသည်ချည်းပင်ဖြစ်လိမ့်မည်။ တန်ခိုး ဆိုတိုင်းဖြစ်စေဟု စေခိုင်း၍ရသည်မဟုတ်၊ ဆိုင်ရာ သဘာဝကျသော နောက်ခံအကြောင်းတရားကား ရှိရ သည်ချည်းဖြစ်သည်။

ရေမီးအစုံအစုံ ယမကတန်ခိုးပြာဋိဟာ ပြတော် သည်ဟူသော မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာ

(ယမကပါဠိပြဟာရိယ)တန်ခိုးတော်မှာပင် မြတ်စွာဘုရား က အလိုလိုရေထွက်စေ မီးထွက်စေဟု စေတစ်လုံးဖြင့် ဖြစ်စေနိုင်သည်မဟုတ်။ ရေထွက်လာစေရန် အာပေါ ကသိုဏ်းကို စီးဖြန်းရသည်။ ထိုနောက်မှ ရေဖြစ်လာရန် အဓိဋ္ဌာန်၍ ရေကိုဖြစ်စေသည်။ ထိုနောက် မီးအတွက် တေဇောကသိုဏ်းကို တစ်ဖန်စီးဖြန်းရ၏။ စီးဖြန်းပြီးမှ မီးဖြစ်လာစေရန် အဓိဋ္ဌာန်၍ မီးဖြစ်စေရသည်။ မြတ်စွာ ဘုရား၏ စိတ်တော်လျင်မြန်ခြင်း၊ ဝသီဘော်နိုင်နင်း ခြင်းတို့ကြောင့် မီးနှင့်ရေ တစ်ပြိုင်နက်လိုဖြစ်ပေါ်လာ ကြရသည်။ ဤကား မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာ မှာပင် ကသိုဏ်း,ပရိကံဟူသော အကြောင်းတရားနှင့် ကင်း၍ ဖြစ်ရသည်မဟုတ်ပေရာ မည်သည့်တန်ခိုးမှာ ဖြစ်ဖြစ် မူလသဘာဝအကြောင်းခံကား ရှိရမြဲဖြစ်လေ သည်။

## နဂါးတန်ခိုးရှာသည့်မိုး

'နဂါးတန်ခိုးကြောင့် မိုးရွာရသည်'ဟုဖြစ်ခဲ့ဖူး၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးနောက် အနှစ် ၂၃၀ ကျော် တွင် တတိယသင်္ဂါယနာတင်သော အသောကမင်းကြီး လက်ထက် ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ် သည်ကို ဖတ်ရှုဖူးကြပေမည်။

ထိုအချိန်တွင် ယခု ကက်ရှမီးယားခေါ်သော ကသ္မီရဌာနသို့ မဇ္ဈန္တိကမထေရ်ကို သာသနာပြုစေလွှတ်ရာ မဇ္ဈန္တိကမထေရ်သည် ရဟန္တာဖြစ်၍ ဈာန်တန်ခိုးဖြင့်ကြွသွားခဲ့လေသည်။ ယင်းကသ္မီရပြည်တွင် တန်ခိုးကြီးသော နဂါးကြီးရှိသည်။ ကြီးကျယ်သော ရေကန်ကြီး၌နေ၍ ယင်းနဂါးကြီးကိုစွဲကာ ရေကန်ကြီးကိုပင် သီရိနာဂခေါ်သည်။ အနီးအနားမြို့ရွာများမှ လူများသည် နဂါးကြီးကို တစ်နှစ်တစ်ကြိမ် အကြီးအကျယ် ပူဇော်ပွဲကျင်းပကြရာ၏။ မပူဇော်လျှင် နဂါးကြီးက သူ့တန်ခိုးဖြင့် မိုးကြီးရွာစေ၍ ကောက်ပဲသီးနှံတို့ကို ဖျက်ဆီးပစ်လေ့ရှိသည်။

နဂါးပူဇော်ပွဲပြုလုပ်ခါနီးအချိန်မှာ မဇ္ဈန္တိကမထေရ် သာသနာပြုကြွသွားခြင်းဖြစ်ရာ နဂါးသည် မထေရ်အား အလွန်ဒေါသထွက်၍ တန်ခိုးဖြင့်သတ်ရန်ကြံစည်သည်။ နဂါးတန်ခိုးက ဖော်ပြခဲ့သည့်အတိုင်း မိုးကြီးစွာရွာသွန်းစေခြင်းပင်ဖြစ်၏။ နဂါးက မိုးကြီးရွာသွန်းစေခြင်းမှာ ရွာစေဆိုရုံနှင့် ရွာသည်မဟုတ်ပေ။ သူ၏ပူပြင်းသော အဆိပ်ခိုးအဆိပ်ငွေ့များကို ကောင်းကင်သို့ မှုတ်လွှင့်လိုက်ခြင်းပင် ဖြစ်၏။ နဂါး၏အဆိပ်ခိုးအဆိပ်ငွေ့ အပူဓာတ်များကြောင့် ကောင်းကင်၌ လေဓာတ်များ၊

အအေးဓာတ်များ ပျောက်ပျက်သွားပေမည်။ ထိုအခါ ယင်းပတ်ဝန်းကျင်ကောင်းကင်၌ လေဓာတ်များ ပါးလျားပျောက်ပျက်၍သွားကာ ဟိမဝန္တာလေဓာတ်များ စုပြုံဝင်ရောက်၍လာပေလိမ့်မည်။ လေဖိအားနည်းရပ်ဝန်းဖြစ်လျှင် မုန်တိုင်းကျရောက်လာမြဲဖြစ်၍ ထိုဒေသတွင် မုန်တိုင်းကျ၍လာပြီး ဟိမဝန္တာနှင့်နီးသဖြင့် ဆီးနှင်းမုန်တိုင်းနှင့် မိုးကြီးကြီးရွာသွန်းတော့မည်မှာလည်း သဘာဝအတိုင်းပင် ဖြစ်တော့သည်။

ဤသို့လျှင် နဂါးတန်ခိုးဖြင့် မိုးရွာခြင်းဖြစ်၍ မိုးကြောင့် ကောက်ပဲများ ပျက်စီးရခြင်းလည်း ဖြစ်တော့သည်။ ဤသို့ဖြင့် နဂါးသည် သဘာဝကိုပြုပြင်၍ မိုးဖြစ်စေခြင်းဖြင့် ထိုဒေသတွင် တန်ခိုးကြီးနေရခြင်းဖြစ်သည်ဟု ဆိုနိုင်ပေသည်။

## တန်ခိုးကသိဏ် ၁၀–မျိုး

ကျမ်းဂန်တို့တွင် ထိုကဲ့သို့သောတန်ခိုးကို ၁၀–မျိုးပြဆိုထားပေသည်။ ၁၀–မျိုးမှာ ပါဠိဘာသာအမည်အားဖြင့် ၁–အဓိဋ္ဌာနဣဒ္ဓိ။ ၂–ဝိကုဗ္ဗနဣဒ္ဓိ။ ၃–မနောမယဣဒ္ဓိ။ ၄–ဉာဏဝိပ္ဖါရဣဒ္ဓိ။ ၅–သမာဓိဝိပ္ဖါရဣဒ္ဓိ။ ၆–အရိယဣဒ္ဓိ။ ၇–ကမ္မဝိပါကဇဣဒ္ဓိ။ ၈–ပုည

ဝတ္တ ကဒ္ဓိ။ ၉–ဝိဇ္ဇာမယကဒ္ဓိနှင့် ၁၀–သမ္မာပယောဂ ကဒ္ဓိဟူ၍ ၁၀–မျိုးဖြစ်ပေသည်။

ဤ ၁၀–မျိုးစလုံးပင် သဘာဝအကြောင်းနှင့် ကင်း၍ဖြစ်သည်မဟုတ်ချေ။ သဘာဝအကြောင်းကို အခြေခံလျက် အကျိုးတစ်မျိုးဖြစ်လာရန် ဖန်တီး၍ ယူသဖြင့် ဖြစ်ပေါ်လာရခြင်းတို့သာဖြစ်သည်။

မှန်ပါသည်။ တန်ခိုးကဒ္ဓိဟူသည်မှာလည်း ပြီးစီးခြင်း၊ အကြောင်းတရားပြည့်စုံခြင်းကိုဆိုပေရာ မိမိလိုအပ်သောအကျိုးတရားဖြစ်လာရေးအတွက် အကြောင်းတရား အမျိုးမျိုးကို ကြိုးစား၍ ဖန်တီးရခြင်းကို ဆိုလိုပေသည်။ ဤအချက်များ ထင်ရှားအောင်ဖော်ပြပါ တန်ခိုး ၁၀–မျိုးကို အတန်ငယ်ရှင်းလင်း တင်ပြလိုပေသည်။

### ၁။ အဓိဋ္ဌာနကဒ္ဓိ

အဓိဋ္ဌာနကဒ္ဓိ–ဟူသည်မှာ ရဟန္တာပုဂ္ဂိုလ်များ အဓိဋ္ဌာန်ပြု၍ တန်ခိုးဖန်ဆင်းမှုဖြစ်၏။ ဤသို့ အဓိဋ္ဌာန်ပြုသည်ဟုရာ၌လည်း အဓိဋ္ဌာန်ပြုနိုင်ရန် ရှေးဦးစွာ ဆိုင်ရာ ဈာန်အဘိညာဉ်များကိုဝင်စားရသည်။ အဘိဓမ္မာ အလိုအားဖြင့် ရှေးဦးစွာ ပထမပါဒက ဈာန်ကိုဝင်စား၍၊ ဒုတိယတွင် မိမိဖြစ်လိုသော ဆန္ဒအလျောက် 'ကိုယ်ပွား

တစ်ရာ ဖြစ်စေသတည်း၊ တစ်ထောင်ဖြစ်စေသတည်း’ စသည်ကို အဓိဋ္ဌာန်ပြုရ၏။ ထိုနောက် အဘိညာဉ် အခြေဖြစ်သည့် စျာန်ကိုစီးဖြန်း၍ လိုအပ်သောကိုယ်ပွားတစ်ရာ တစ်ထောင် စသည်ဖြစ် ပေါ်လာလေသည်။ အကြောင်းဖြစ်သော စျာန်အဘိညာဉ်များမပါဘဲ ဖြစ်လာမည် မဟုတ်ပေ။

စူဠပန္ထကမထေရ်

မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ်က မဟာပန္ထကနှင့်စူဠပန္ထကဟူ၍ ရဟန်းတော်ညီနောင်နှစ်ပါး ရှိရာ မဟာပန္ထကမှာ ရဟန္တာဖြစ်၍၊ ညီတော် စူဠပန္ထကသည် ရဟန္တာမဖြစ်သေးရုံမျှမက လေးပါဒဂါထာ တစ်ပုဒ်ကို လေးလကျက်၍ပင်မရနိုင်လောက်အောင် ဉာဏ်နုံ့နှေးသော ရဟန်းတစ်ပါးဖြစ်သည်။ ထိုသို့ ဉာဏ်နုံ့နှေးသဖြင့် နောင်တော်က နှင်ထုတ်လိုက်လေသည်။ ၎င်း၏ ရဟန္တာဖြစ်လာမည့်အကြောင်းတရားကို မြတ်စွာဘုရား မြင်တော်မူ၍ ခေါ်တော်မူထားပြီး ၎င်းနှင့်လျော်သော ကမ္မဋ္ဌာန်းကို ပေးတော်မူရာ ရဟန္တာဖြစ်ရလေသည်။

ထိုနေ့တွင် ဆရာဇီဝကက သံဃာတော်ကုန် ဆွမ်းပင့်ထား၍ ကြွသွားကြရာ စူဠပန္ထကတစ်ပါးတည်း

ကျောင်းတော်တွင် ကျန်ရစ်နေ၍ မြတ်စွာဘုရားက လူတစ်ယောက်အား အပင့်လွှတ်လိုက်သည်။ ထို အကြောင်းကိုသိ၍ စူဠပန္ထကက သူရဟန္တာဖြစ်မှန်း အဘိညာဉ်ရမှန်းသိအောင် အဘိညာဉ်၏အခြေခံ စတုတ္ထဈာန်ကို ဝင်စား၍ ပရိဝုဏ်အပြည့် ရဟန်း တစ်ထောင် ဖန်ဆင်း၍ထားလေသည်။

ဤသို့ ဖန်ဆင်းရာ၌ ရှေးဦးစွာပါဒကဖြစ်သော ဈာန်ကိုဝင်စား၍ 'သဟဿံ ဟောမိ=ငါ၏ကိုယ်သည် ပကတိအဆင်းသဏ္ဌာန်ကိုမစွန့်ဘဲ နိမ္မိတရုပ်ပွား တစ်ထောင်ဖြစ်စေသတည်း'ဟုအဓိဋ္ဌာန်ပြု၍ ဖြစ်စေရသည်။

ထို့အတူ အဓိဋ္ဌာန်၍ ရေကိုမြေ,မြေကိုရေ,မီးကို လေ,လေကိုမီး စသည် မိမိအလိုရှိသလို ဖြစ်စေ နိုင်ပေ သည်။ ဤကား အဓိဋ္ဌာနိဒ္ဓိတန်ခိုးဖြစ်၏။ ရေမီး အစုံ အစုံ တန်ခိုးပြာဋိဟာမျိုးကား အလွန်အဆင့်အတန်း မြင့်လှ၍ မြတ်စွာဘုရား ကိုယ်တော်တိုင်မှသာ ဖန်ဆင်း နိုင်ပေတော့သည်။

## ၂။ ဝိကုဗ္ဗနဣဒ္ဓိ

ဝိကုဗ္ဗနဣဒ္ဓိ–ဟူသည်မှာ မိမိ၏ပကတိသော ရုပ်ဆင်းသဏ္ဌာန်ကြန်အင်လက္ခဏာတို့ကို ကွယ်ဖျောက်

ပစ်လျက် ကျား သစ် ခြင်္သေ့ နဂါး ဂဠုန်စသည့် အထူးထူးသော အဆင်းသဏ္ဌာန်တို့ကို ဖန်ဆင်းခြင်း၊ စစ်သည်ဗိုလ်ပါ သေနင်္ဂဗျူဟာ စသည်တို့ကိုဖန်ဆင်း ဖြစ်ပေါ်လာစေခြင်းမျိုး ဖြစ်၏။ ဤသည်လည်း ပရိကံအားလျော်စွာ ပရိကံသို့လိုက်၍ ဖောက်ပြန်သော ရုပ်အမျိုးမျိုးကိုဖြစ်စေသော တန်ခိုးပင်ဖြစ်၏။

မိထွေးတော်ဂေါတမီ

မိထွေးတော်ဂေါတမီ ပရိနိဗ္ဗာန်ပြုခါနီးတွင် မာတုဂါမတို့သည်လည်း တန်ခိုးရှင်ကြီးများဖြစ်ကြောင်း သိကြစေရန် မြတ်စွာဘုရား တိုက်တွန်းသဖြင့် ဈာန်ဝင်စား၍ ကြီးမားသော ကရဝိက်ငှက်မင်းကြီးအသွင် ဖန်ဆင်းပြကြောင်း အပဒါန်တွင် ဖော်ပြထားသည်။ ယင်းမှာ ဤဝိကုဗ္ဗနတန်ခိုးမျိုးပင် ဖြစ်လေသည်။

၃။ မနောမယိဒ္ဓိ

မနောမယိဒ္ဓိ–ဟူသည်မှာ မိမိကိုယ်အတွင်းမှာပင် ပကတိပုံစံမှတစ်ပါး ကြီးမားသောပုံစံ ငယ်ရွယ်သော ပုံစံမျိုးများ ဖြစ်လာအောင်ဖန်ဆင်းခြင်းစသည်ဖြင့် စိတ်အလိုဆန္ဒရှိသည့်အားလျော်စွာ ကိုယ်ကို ကြိုက်သလို ဖန်ဆင်းခြင်းမျိုးပင်ဖြစ်သည်။ အဘိညာဉ်ဈာန်စိတ်

အားလျော်စွာပင် အဘိဉာဉ်ရျာန်စိတ်သို့ လိုက်၍ နိမ့်တရပ်ကို ဖြစ်စေသောတန်ခိုးမျိုးပင်တည်း။

မြတ်စွာဘုရားသည် ပရိက္ခရာရှစ်ပါးကိုလွယ်လျက် မုံညင်စေ့ အတွင်း၌ စင်္ကြံလျှောက်နိုင်သောတန်ခိုးကား ဤတန်ခိုးမျိုးပင်ဖြစ်သည်။ နတ်တို့သည် မဟာမင်္ဂလသုတ်၊ မဟာသမယသုတ်တို့ကို ကြားနာကြရာ၌ နေရာဆံ့ အောင် သူတို့ကိုယ်ကို အသေးဆုံးဖန်ဆင်း၍ ဆံချည်တစ်ဖျားမျှသောနေရာ၌ နတ်ခြောက်ကျိပ် ခုနစ်ကျိပ်စုဝေး၍ နာယူကြသည်ဟူရာ၌လည်း ဤတန်ခိုးမျိုးပင်ဖြစ်သည်။ တန်ခိုးကြီးသော နတ်ဘီလူးများ လှပသောလူအသွင် စသည်ဖန်ဆင်းရာ၌လည်း ဤမနောမယိဒ္ဓိတန်ခိုးမျိုးပင်ဖြစ်သည်။ ဘုရားရဟန္တာတို့၌ အဘိဉာဉ်အားလျော်စွာဖြစ်သော်လည်း နတ်များ၊ ဘီလူးများ၌ကား ကမ္မဇိဒ္ဓိဟု မှတ်ရပါမည်။

## ၄။ ဉာဏဝိပ္ဖါရဣဒ္ဓိ

ဉာဏဝိပ္ဖါရဣဒ္ဓိ–ဟူသည်မှာ အဘိဉာဉ်နှင့်ဆိုင်သော တန်ခိုးမျိုးမဟုတ်ပေ။ အရဟတ္တမဂ်ဉာဏ်၏ အနုဘော်အစွမ်းကြောင့် အရဟတ္တမဂ်ဉာဏ်ကို မရမီ ရှေး၌လည်းကောင်း၊ နောက်၌လည်းကောင်း ဘေးအမျိုးမျိုးမှ ကင်းကွာရခြင်းမျိုးကိုဆိုသည်။ ဆိုလိုသည်မှာ

ဤဘဝ၌ ရဟန္တာဖြစ်ရမည့်သူသည် ရဟန္တာမဖြစ်မီ သူတစ်ပါး လုံ့လပယောဂဖြင့် မသေနိုင်ခြင်းမျိုးဖြစ်၏။

အရှင်ဗာကုလမထေရ်

အရှင်ဗာကုလအလောင်း ကလေးငယ်သည် သာဝတ္ထိပြည် ယမုနာမြစ်ရေချိုးဆိပ်၌ ရေချိုးနေစဉ် ငါးကြီးတစ်ကောင် ဟပ်မျိုသွားခြင်းခံရသည်။ သို့သော် ဤဘဝတွင် အရဟတ္တဖိုလ်သို့ရောက်ရမည့်သူဖြစ်၍ ငါသည် သူငယ်ကိုမစားနိုင်ဘဲ ဗာရာဏသီရေချိုးဆိပ်သို့ အရောက်ယူဆောင်လာရသည်။ ထိုငါးသည် တံငါတို့လက်မှ ဗာရာဏသီ သူဌေးအိမ်သို့ရောက်၍ သူဌေးကတော်က ငါးဝမ်းကိုခွဲသော် အသက်မသေဘဲ ကလေးကိုယ်ကိုရရှိ၍ မွေးစားခဲ့လေသည်။ ဤသို့ ငါးကြီးဝမ်း၌ သေလောက်လျက် မသေမကြေအနာမရှိဘဲ မရှိအန္တရာယ်မငြိသည့်အဖြစ်သည် ထိုရှင်ဗာကုလအလောင်းသူငယ်၌ ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့်ဖြစ်သည်။

အရှင်သံကစ္စသာမဏေ

ထို့အတူ သံကိစ္စမထေရ်အလောင်းသူငယ်သည်လည်း မဖွားမြင်မီ မိခင်သေဆုံး၍ မီးသင်္ဂြိုဟ်သည်ရှိသော်

ထင်းပုံပေါ်၌ တစုံ ဝါ ဖြင့် ထို မိ၍ အသံပြုမှ မီးသဂြိုဟ်ရာ ထင်းပုံပေါ်မှချ၍ ယူလာ ရသည်။ ဤသို့ အမိအလောင်းကို မီးသဂြိုဟ်သောထင်းပုံပေါ်၌ပင် အနာမရှိပကတိဘေားရန်ကင်းရသည့်မှာ နှောင်အခါ၌ ရလတ္တံ့သော အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်တော်ကြောင့်ပင် ဖြစ်လေသည်။

ရှင်ဒဗ္ဗအလောင်းသူငယ်၊ သောပါကမထေရ်အလောင်း သူငယ်တို့လည်း ဤအတူပင်ဖြစ်ကြသည်။ ရဟန္တာဖြစ်ရမည့်သူတို့အဖို့ကား အရဟတ္တမဂ်ဉာဏ်၏ အာနုဘော်ကြောင့် မည်သို့ပင်ကြိုးစား၍ သတ်စေကာမူ မသေနိုင်ဟုဆိုရ၏။ အခြားတန်ခိုးရှင်တို့က တောင်ကြီးများနှင့် ကြိတ်ခြေလင့်ကစား မသေနိုင်။ ဤသို့ တစ်ပါးသူ၏ လုံ့လပယောဂကိုသာဆိုသည်။ မိမိကိုယ်ကို မိမိသတ်ခြင်း၊ လူဆိုးသူဆိုးတို့နှင့်ပေါင်းဖော်မိ၍ အရဟတ္တမဂ် အရဟတ္တဖိုလ်ရအောင် အားမထုတ်ဘဲ အရွယ်လွန်၍ သေခြင်းတို့ကား ဖြစ်နိုင်သည်ဟု ဆိုပေသည်။

၅။ သမာဓိဝိပ္ဖါရဣဒ္ဓိ

သမာဓိဝိပ္ဖါရဣဒ္ဓိ–ဟူသည်မှာလည်း ဤဉာဏဝိပ္ဖါရဣဒ္ဓိကဲ့သို့ပင် ဈာန်သမာဓိမှ ရှေးကာလ၊ နောက်ကာလတို့၌လည်းကောင်း၊ ထိုဈာန်သမာဓိကိုဝင်စား

နေသောခဏာ၌လည်းကောင်း၊ ထိုဈာန်သမာဓိ၏တန်ခိုး ကြောင့် အနာရောဂါဘေးဘယာကင်းခြင်းမျိုးပင်ဖြစ် သည်။

အရှင်သာရိပုတ္တရာ

လက်ယာတော်ရံ အဂ္ဂသာဝကအရှင်သာရိပုတ္တရာ မထေရ်မြတ်သည် ကပေါတကန္ဒရတောရကျောင်း၌ ည အခါလသာသာတွင် လွင်တီးခေါင်၌ ဈာန်ဝင်စား၍ နေစဉ် ဘီလူးကြမ်းတစ်ကောင်သည် ဆံချပြီးစဖြစ်သော မထေရ်မြတ်၏ဦးခေါင်းတော်ကို ပြင်းထန်စွာပုတ်ခတ် လေရာ မိုးကြိုးသံတမျှအသံထွက်လေသည်ဟူ၏။ ယူဇနာ မျှလောက်ရှိသော ကျောက်တောင်ထွတ်ပင် ကွဲကြေ သွားနိုင်လောက်အောင် ပြင်းထန်သော်လည်း မထေရ် မြတ်၏ ဈာန်သမာဓိတန်ခိုးတော်ကြောင့် တစ်စုံတစ်ရာ နာကျင်ခြင်းမရှိဟုဆို၏။

ဉတ္တရာနှင့်သီရိမာ

မေတ္တာဈာန်သမာဓိတန်ခိုးကြောင့်လည်း ဤသို့ ဖြစ်နိုင်သည်မှာ သူဌေးသမီးဉတ္တရာ သည် သီရိမာအား မေတ္တာပွားနေစဉ် သီရိမာက အထင်လွဲ၍ ကျိုက်ကျိုက် ဆူသော ဆီပူဖြင့်လောင်းချသော်လည်း ဉတ္တရာမှာ တစ်စုံတစ်ရာ နာကျင်တစိ ဘေးမရှိသည်၏အဖြစ်သည် မေတ္တာသမာဓိ၏ အာနုဘော်ကြောင့် ဖြစ်သည်။

## သာမာဝတီ

သာမာဝတီ မိဖုရားကို ဥတေနမင်းက မြားဖြင့် ပစ်ရာ မြားသည်မစူးနိုင်ဘဲ ပစ်သူထံသို့ ပြန်လာသည်ဟူ သည်မှာလည်း ဤမေတ္တာသမာဓိ၏ သမာဓိဝိပ္ဖါရဣဒ္ဓိ ကြောင့်ပင်ဖြစ်ကြောင်း မှတ်သားထားသင့်ပေသည်။

## ၆။ အရိယာဣဒ္ဓိ

အရိယာဣဒ္ဓိ–ဟူသည်မှာ အရိယာပုဂ္ဂိုလ်တို့၏ အံ့ဩဖွယ်ကောင်းသော စိတ်ဓာတ်တန်ခိုးမျိုးကိုပင် ဆို သည်။ ဤဒွိအရိယာပုဂ္ဂိုလ်တို့သည် ယင်းတို့၏ မြင့်မြတ်သော ဥပေက္ခာဂုဏ်ကြောင့် စက်ဆုပ်ဖွယ် ရွံရှာ ဖွယ်ကောင်းသော အာရုံတို့ကို မစက်ဆုပ် မရွံရှာဘဲ နေနိုင်ခြင်း၊ တပ်မက်နှစ်သက်ဖွယ်သုဘအာရုံကိုလည်း မတပ်မက် မနှစ်သက်ဘဲ အသုဘပမာ ရှုမှတ်နိုင်ခြင်း မျိုးတို့ပင် ဖြစ်၏။

## မြတ်စွာဘုရားရှင်

မြတ်စွာဘုရားသည် အလွန်ချောမော လှပ၍ တပ်မက်ဖွယ်ရာကောင်းသော မာရ်နတ်သမီးသုံးဦးတို့က အထူးထူးအပြားပြား များးလှစွာသော နတ်ကာမဂုဏ် ရူပါရုံစသည်တို့နှင့်သွေးဆောင်လာသော်လည်း မတုန် မလှုပ် ပကတိအတိုင်း တည်နေတော်မူနိုင်ခြင်း၊ ပုဏ္ဏာ

မည်သော ကျွန်မသေလွန်ရာ၌ သူကောင်ထုပ်၍ပစ်သည့် ပိုးလောက်တဖွားဖွားနှင့် အလွန်စက်ဆုပ်ဖွယ်ကောင်း သောအဝတ်ကို ပံသုကူကောက်၍ သင်္ကန်းချုပ်တော်မူ ခြင်းတို့ကား သာမန်လူများ ပြုနိုင်အား နေနိုင်အား ရန်မဆိုထားဘိ စဉ်းစားတွေးတော၍မျှ မဝံ့စရာများပင် ဖြစ်သည်။ အရိယာတို့၏ ဥပေက္ခာဂုဏ်တန်ခိုးများပင် ဖြစ်၍ ဤအရာများကို အရိယာဣဒ္ဓိဟုဆိုရပေသည်။

## ၇။ ကမ္မဝိပါကဇဣဒ္ဓိ

ကမ္မဝိပါကဇဣဒ္ဓိ–ဟူသည်မှာ ကံအကျိုးကြောင့် ဖြစ်လာသော တန်ခိုးမျိုးဖြစ်ရာ ငှက်စသည်တို့ ကောင်း ကင်ပျံနိုင်ခြင်း၊ နဂါးဂဠုန်တို့၏အမျိုးမျိုးဖန်ဆင်းနိုင် ခြင်း၊ နတ်တို့၏ကိုယ်ကိုကာကွယ်နိုင်ခြင်း၊ ထင်ရှား ပြနိုင်ခြင်း စသည်မျိုးတို့ဖြစ်၏။ ကမ္မဇိဒ္ဓိတန်ခိုးဟု လည်းခေါ်ကြသည်။

ပကတိလူတို့တွင် အခြားသူများ လိုက်၍မမီနိုင် အောင် တဟုန်တည်းနှင့် မိုင်ပေါင်းများစွာပြေးနိုင်ခြင်း၊ ကျွဲနွားမြင်းများကို ပစ်လွှင့်နိုင်အောင်၊ ဆင်ကြီးများ ကိုပင် တွန်း၍လှဲနိုင်အောင် အားကောင်းခြင်း၊ ဆယ် တောင်,ဆယ့်ငါးတောင် မြင့်အောင် ခုန်လွှားနိုင်ခြင်း၊ မြစ်ကြီးများကိုပင် ဖြတ်ကူးနိုင်ခြင်း စသောအဖြစ်သနစ် များကား ကမ္မဝိပါကဇဣဒ္ဓိများပင်ဖြစ်၏။

### ၈။ ပုညဝန္တလက္ခဒ်ိ

ပုညဝန္တလက္ခဒ်ိ–ဟူသည်မှာ ရှေးကုသိုလ်ကံကြောင့် ဤဘဝတွင် ဘုန်းတန်ခိုးအာနုဘော်နှင့်ပြည့်စုံနေသော စကြာမင်းကြီးသည် စကြာရတနာဖြင့် ကောင်းကင်သို့ သွားနိုင်ခြင်း၊ ဇောတိက, ဇဋိလစသော သူဌေးကြီးတို့ သုံးစွဲမကုန်သော စည်းစိမ်ဥစ္စာ ပဒေသာတို့ကိုရခြင်း၊ ရွှေတောင် ငွေတောင်ပေါက်ခြင်း၊ ရွှေအိုးကြီးများကို ရရှိခြင်းမျိုးဖြစ်၏။

### ၉။ ဝိဇ္ဇာမယလက္ခဒ်ိ

ဝိဇ္ဇာမယလက္ခဒ်ိ–ဟူသည်မှာ ဆေးအင်းမန္တန်အတတ်တို့ကြောင့် ဝိဇ္ဇာဓိုရ်တို့ ကောင်းကင်ပျံနိုင်ခြင်း၊ အထူးထူးအပြားပြားဖန်ဆင်းနိုင်ခြင်း၊ ကောင်းကင်၌ ဆင်းရုပ်,မြင်းရုပ် စသည်ကိုပြနိုင်ခြင်း စသည်တို့သည် ဝိဇ္ဇာသိပ္ပအကျိုးအားဖြင့် ပြီးသောတန်ခိုးဖြစ်သောကြောင့် ဝိဇ္ဇာမယလက္ခဒ်ိမည်၏။

ဤဝိဇ္ဇာမယလက္ခဒ်ိကား လောကုတ္တရာဖြစ်သော ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါးဆိုသည်နှင့် တခြားစီဖြစ်၏။ ကာမာဝစရလက္ခဒ်ိမျိုးသာဖြစ်ပေသည်။ ယင်းလက္ခဒ်ိမျိုးကို ယခုကာလတွင် ရှေးထုံးရှေးနည်းတို့ကိုမှီ၍ အင်းချခြင်း၊ ဆေးစီရင်ခြင်း၊မီးအမျိုးမျိုးဖြင့်အဂ္ဂိရတ်ထိုးခြင်း၊ပြဒါးလမ်း သံလမ်းစသည် အမျိုးမျိုးစီရင်ခြင်းတို့ဖြင့်ရအပ်၏။

## ပိလိန္ဒဝစ္ဆမထေရ်

ဓမ္မပဒအဋ္ဌကထာတွင် နတ်တို့ချစ်မြတ်နိုးသော အရာ၌ ဧတဒဂ်ရသော ပိလိန္ဒဝစ္ဆ မထေရ်သည် မြတ်စွာဘုရားနှင့်မတွေ့မီက ဂန္ဓာရီမန္တန်ဖြင့် ကောင်းကင်သို့ ပျံနိုင်သူဖြစ်ကြောင်းပါရှိလေသည်။ယင်းဂန္ဓာရီမန္တန်ဖြင့် ကောင်းကင်ပျံခြင်းတို့ကား ဤဝိဇ္ဇာမယဣဒ္ဓိမျိုးပင် ဖြစ်ပေ၏။

## အကုသိုလ်အလုပ်လည်းရှိ

ဤဝိဇ္ဇာမယဣဒ္ဓိသည် ကာမာဝစရကုသိုလ် အကုသိုလ်နှစ်မျိုးဖြစ်နိုင်သည်ဟုဆို၏။ ကုသိုလ်ဖြစ်သောဣဒ္ဓိမျိုးကား အောက်ဆုံး ဂဏန်းသင်္ချာအတတ် လယ်ထွန်ကုန်ရောင်းစသော အတတ်မျိုးတို့ကို မိမိကိုယ်တိုင် သင်ကြားတတ်မြောက်ခြင်း၊ သူတစ်ပါးအား သင်ကြားပေးခြင်းစသည်တို့သည် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇောဝီထိတို့ဖြင့် ဓမ္မသဿဝန ဓမ္မဒေသနာ ဘာဝနာမယပုညကြိယာမျိုးတို့၌ သွင်းအပ်သဖြင့် နိရာဝဇ္ဇဝိဇ္ဇာမယဣဒ္ဓိတို့ဖြစ်၍ ကုသိုလ်ဖြစ်ကုန်၏။ မကောင်းသောအတတ်ပညာကိုသင်ကြား၍ သူ့အသက်ကိုသတ်ခြင်း၊ အောက်လမ်းပညာတို့ကို လေ့လာ၍ သူတစ်ပါးကို နှိပ်စက်ခြင်း စသည်တို့သည် ဤဝိဇ္ဇာမယဣဒ္ဓိကြောင့် အကုသိုလ်ဖြစ်ရပေသည်။

## အာတဗ္ဗဏကုဋ္ဌိလည်းရှိ

အဋ္ဌသာလိနီ အဋ္ဌကထာ (နှာ၁-၁၃၄) တွင် အာတဗ္ဗဏကုဋ္ဌိကို အလိုရှိသူသည် ခုနစ်ရက်ပတ်လုံး သားမပါသော အာဟာရကိုစား၍ နေစာမြက် (မြေဇာ မြက်)ကိုခင်း၍မြေဒွံအိပ်ကာ ကျင့်အပ်သမျှသောအကျင့် ကိုကျင့်၍ ခုနစ်ရက်မြောက်လျှင် သုသာန်၌ မြေကို သုတ်သင်လျက် ခြေခုနစ်လှမ်းလှမ်းပြီးသော် လက်ကို ထွေ့ဝိုက်လှုပ်ယမ်း၍ ဝိဇ္ဇာမန္တန်ကိုရွတ်ဆိုကာ အာထဗ္ဗဏကုဋ္ဌိ ကို အားထုတ်ရာ၏။ ယင်းကုဋ္ဌိကိုရသောအခါ အမိ ဝမ်း၌ ကိန်းအောင်းသော သားသန္ဓေကို သေစေလိုလျှင် တစိမ့်စိမ့်ကြည့်ရုံမျှဖြင့် သန္ဓေသားသည် ရေမြှုပ်ကဲ့သို့ ကြေညက်ပျက်စီးရသည်ဟု ဆိုပေသည်။ ဤကား ဝိဇ္ဇာ မယကုဋ္ဌိကြောင့် အကုသိုလ်ဖြစ်ရခြင်းကိုဆိုခြင်းတည်း။

ဤဖော်ပြပါ အထဗ္ဗဏကုဋ္ဌိဟူသည်ကို ဗေဒင် သုံးပုံမှအခြားတစ်ပါးဖြစ်၍ ဝေဒကျမ်းလာ အာထဗ္ဗဏ ဗေဒင်နှင့်လည်း မရောထွေးအပ်ပေ။ ဗုဒ္ဓစာပေဖြစ်သော ပါဠိအဋ္ဌကထာဋီကာတို့တွင် သာမ ယဇု ဣသျှုဟူသော ဝေဒသုံးမျိုးမှတစ်ပါး အာထဗ္ဗဏဝေဒဟူ၍ဖွင့်ဆိုရေးသား ထားချက် လုံးဝမရှိပေ။ အချို့ပုဂ္ဂိုလ်တို့ကား ဗေဒင် လေးပုံရှိရာ အာထဗ္ဗဏဗေဒင်ကျမ်းကို မြတ်စွာဘုရား

က မီးတိုက်ခဲ့၍ ၃-ပုံသာကျန်မည်ဟု ပြောဆိုသည်ကို ကြားရဖူးသည်။ ထိုစကားကို လုံး၀မမှတ်သားအပ်ပေ။

၁၀။ သမ္မာပယောဂပစ္စယဣဒ္ဓိ

သမ္မာပယောဂပစ္စယဣဒ္ဓိ-ဟူသည်ကား သမထ ဝိပဿနာ၊ ပဋိပတ်ဘာဝနာ ဟုဆိုအပ်သော ကောင်းမြတ်သော ကိရိယာ သမ္မာပယောဂကြောင့် ကိလေသာနီဝရဏတို့ကို ပယ်ခွာခြင်းဖြင့် ပြီးစီးခြင်း ဣဒ္ဓိမျိုးပေတည်း။ ယခင်ဆိုခဲ့သည့် အဓိဋ္ဌာနဣဒ္ဓိစသည်တို့နှင့် မကွဲမပြား မထူးမခြားပင် ဖြစ်လေသည်။

ကဋ္ဌဝါဟနဇာတ်

လောက၌ သိပ္ပကမ္မခေါ် အတတ်ပညာဖြင့် ထူးထူးဆန်းဆန်းဖြစ်မြောက်ခြင်းမျိုးများလည်း သမ္မာပယောဂပစ္စယဣဒ္ဓိပင်ဖြစ်၏။ ပုံစံအားဖြင့် ရှေးရှေးက ကဋ္ဌဝါဟနဇာတ်တွင် လက်သမား တစ်ကျိပ်ခုနစ်ယောက်တို့သည် ယန္တယားစက်ရုပ်စီး၍ ကောင်းကင်ခရီးဖြင့် ပျံသွားပြီးလျှင် ကျေးစွန်နယ်ဖျား၌ မင်းလုပ်ကြခြင်းသည် သိပ္ပကမ္မကြောင့် ပြီးစီးရခြင်းတန်ခိုးမျိုးပင်ဖြစ်၏။ ယခုခေတ်၌ သိပ္ပပညာဖြင့် မီးရထား၊ သင်္ဘော၊ လေယာဉ် အာကာသယာဉ် ဂြိုဟ်တု ဒုံးပျံအမျိုးမျိုးတို့ကိုယူ၊ ယင်းအားလုံးပင် သမ္မာပယောဂပစ္စယဣဒ္ဓိမျိုးပင် ဖြစ်၏။

## အံ့ဖွယ်ဣဒ္ဓိဆန်းများ

ထို့ပြင် ဆေးဝါးအမျိုးမျိုးဖြင့် အသက်ရှင်ခြင်း၊ ဗေဒင်လက္ခဏာတို့ဖြင့် ရှေ့ဖြစ်နောက်ဖြစ်တို့ကို မှန်ကန်စွာ ပြောနိုင်ခြင်းတို့သည် ဝိဇ္ဇာကမ္မာပယောဂပစ္စယ ဣဒ္ဓိမျိုးဟုဆိုရပြန်၏။ ကျိုက်ကျိုက်ဆူနေသော ရေနွေးအိုးတွင်းသို့ လက်ကိုသွင်းလျှင် ချက်ချင်းပူလောင်၍ အရေပြားများ ကွာသွားနိုင်သော်လည်း ဂေါသိတစန္ဒကူးကိုလိမ်းကျံ၍ ယင်းရေနွေးတွင်းသို့ လက်ကိုသွင်းသော် မပူသည့်ပြင် ပကတိရေအေးကဲ့သို့ဖြစ်ရခြင်းမျိုး၊ ထို့အတူ ပင်လယ်၌ပေါက်ရောက်သော အရိုးတစ်ဆင့်တွင် သုံးဆင့်ပွင့်သည့် ကုံကုမံကြာရည်ကို ဖဝါးတွင်လိမ်း၍ ရဲရဲပူသောမီးခဲကို နင်းသော်လည်း မပူမလောင်ခြင်းမျိုး၊ ဥက္ကာမုခမင်းကြီး၏ သမီးတော်ကြီးနှင့် ကောလိယမြို့တည်နန်းတည် ရာမမင်းသားတို့ ကလောပင်အောက်၌ တောသစ်သီးသစ်ရွက်များကို စား၍ ကုဋ္ဌနူနာပျောက်ကင်းခြင်းမျိုးစသော ဆေးအရည်အရွက်အသီးတို့ကြောင့် ထူးထူးဆန်းဆန်းဖြစ်ရခြင်း ရောဂါပျောက်ကင်းခြင်းမျိုးများ၊ ဓမ္မပဒအဋ္ဌကထာလာ အလ္လကပ္ပရသေ့သည် နက္ခတ်တစ်လုံးညှိုးသည်ကို ကြည့်၍ ပုရန္တပ္ပမင်းနတ်ရွာစံကြောင်းကို အတတ်ပြောနိုင်ခြင်း

မျိုး၊ သီလက္ခန်အဋ္ဌကထာလာ ပုလဲသုံးလုံးကို လက်တွင် ဆုပ်၍မေးသော မင်းကြီးအား ယင်ကိုဖမ်းသော အိမ်မြှောင်၏ မဖမ်းနိုင်ဘဲ လွတ်သည်ကိုမြင်၍ နိမိတ်ယူကာ မုတ္တ-ပုလဲဟူ၍လည်းကောင်း၊ ကြက်သုံးခါတွန်သံကိုကြား၍ ၃-လုံးဟူ၍လည်းကောင်း ပုရောဟိတ်ဟောခြင်းမျိုးတို့သည် ဝိဇ္ဇာကမ္မသမ္မာပယောဂဣဒ္ဓိမျိုးပင် ဖြစ်၏။

## အကြောင်းကြောင့်အကျိုးဖြစ်ပေါ်သည်

ဆိုလိုသည်ကား တန်ခိုးဟူသောဣဒ္ဓိမျိုးဟူသမျှသည် 'ဖြစ်စေ'ဆိုရုံနှင့် ဖြစ်ရခြင်းမျိုးမဟုတ်။ သူ့အကြောင်းနှင့်သူ ဆီလျော်စွာဖြစ်လာရသော အကျိုးတရားများသာဖြစ်ပေသည်။ ဣဒ္ဓိဟူသော ပါဠိဝေါဟာရမှာ ပြီးစီးခြင်းအကြောင်း ပြည့်စုံခြင်းတို့ကို ဆိုရပေရာ လောကီအကျိုးတရားဆိုင်ရာမှာဖြစ်စေ၊ လောကုတ္တရာအကျိုးတရားဆိုင်ရာမှာဖြစ်စေ လိုအပ်သောအကျိုးတရားများ ရရှိဖြစ်ပေါ်လာရန်အတွက် ဆိုင်ရာအကြောင်းတရားတို့ကို ကိုယ်နှုတ်စိတ်တို့ဖြင့် ကြိုးစားလုပ်ဆောင်ရသည်။ လုပ်ဆောင်မှသာ ရရှိဖြစ်ပေါ်နိုင်သည်ကိုထောက်၍ မယုံကြည်စရာလည်း မရှိပေ။

ဗုဒ္ဓကျမ်းစာတို့တွင်လာရှိသော ဖော်ပြပါ တန်ခိုး ဆယ်မျိုးလုံးပင် အကြောင်းတရားကြောင့်ဖြစ်ရသော အကျိုးတရားများဖြစ်သဖြင့် ဗုဒ္ဓဒေသနာတော်အရ ဒါန သီလ ဘာဝနာစသော ပုညကိရိယာဝတ္ထုတို့နှင့် ပြည့်စုံခြင်း၊ သမ္မယောဂသုစရိတအနဝဇ္ဇကမ္မသိပ္ပဝိဇ္ဇာ အဖြာဖြာတို့သည်ပင် တန်ခိုးအမျိုးမျိုးကို ရရာအကြောင်း များချည်းဖြစ်သဖြင့် တန်ခိုးဣဒ္ဓိရရှိလိုသူတိုင်း ဆိုင်ရာ အကြောင်းတို့ကို ကောင်းစွာ အားထုတ်ကြရုံသာဖြစ် ကြောင်းဖြင့် ဆွေးနွေးလိုက်ရပါသည်။

ရဝေထွန်း

အမှတ်
ရက်စွဲ ……………

# အစိန္တေယျဂုဏ်တော် နှင့် ဓမ္မစာပေပဒေသာ

ရဝေထွန်း

